ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏

# သုံးလူ့ရှင်ပင်–ခုနစ်နေ့ဗုဒ္ဓဝင်အလင်္ကာ

နှင့်

## ဒဂုန်ဦးစန်းငွေ ရဝေထွန်း ဦးအောင်မွန်(မြတ်ဆုမွန်)

တို့၏

သုံးလူ့ရှင်ပင်–ခုနစ်နေ့ဗုဒ္ဓဝင်အလင်္ကာအပြေ

မြတ်ဆုမွန်စာပေထုတ်ဝေရေးလုပ်ငန်း

ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏

# သုံးလူ့ရှင်ပင်-ခုနစ်နေ့ဗုဒ္ဓဝင်လင်္ကာ

နှင့်

ဒဂုန်ဦးစန်းငွေ ရဝေထွန်း ဦးအောင်မွန်(မြတ်ဆုမွန်)တို့၏

# သုံးလူ့ရှင်ပင်-ခုနစ်နေ့ဗုဒ္ဓဝင်လင်္ကာအဖြေ

စာအုပ်မှတ်တမ်း

[illegible]-ခု၊ ဧပြီလ၊ ဒုတိယအကြိမ်။

အုပ်ရေ-၁၀၀၀။

စာမူခွင့်ပြုချက်-၂၆၉/၂၀၀၁(၄)

အဖုံးခွင့်ပြုချက်-၄၇၂/၂၀၀၁(၈)

ထုတ်ဝေသူ

ဦးအိန်းဆွေ (မြ-၀၁၄၇၃)၊ စစ်သည်တော်စာပေ

အမှတ်-[illegible]/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်။

ပုံနှိပ်သူ

ဦးကျော်ဌေးမင်း (မြ/၀၆၃၀၃)၊ အောင်သိန်းသန်းပုံနှိပ်တိုက်

အမှတ်-၄၄၊ ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံး

**Newday graphic design scanning & color seperation**

အမှတ်-၁၄၈၊ လမ်း-၅၀၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၈၆၄၂။

စာအုပ်ချုပ်

ဦးမောင်လေး (သန့်စင်စာအုပ်ချုပ်)

ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး - ၄၀၀ ကျပ်။

# မာတိကာ


| | | |
|---|---|---|
| – | ဆရာတော်ဦးတိလောကသာရ–ရဝေထွန်း၏အမှာစာ | ၇ |
| – | ဦးအောင်မွန်(မြတ်ဆုမွန်)၏ မိတ်ဆက်နိဒါန်း | ၈ |
| ၁။ | သုံးလူ့ရှင်ပင်ဗုဒ္ဓဝင် လင်္ကာနိဒါန်း | ၂၀ |
| ၂။ | အလောင်းတော်မြတ် သန္ဓေယူခန်း | ၂၈ |
| ၃။ | အလောင်းတော်မြတ် ဖွားတော်မူခန်း | ၄၂ |
| ၄။ | အလောင်းတော်မြတ် တောထွက်တော်မူခန်း | ၄၈ |
| ၅။ | သုံးလောကထွတ်ထား ဘုရားဖြစ်တော်မူခန်း | ၅၈ |
| ၆။ | မြတ်စွာဘုရားရှင် ဓမ္မစကြာဟောတော်မူခန်း | ၇၄ |
| ၇။ | မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခန်း | ၈၄ |
| ၈။ | တေဇောဓာတ်လောင်တော်မူခန်း | ၉၈ |
| – | ခုနစ်နေ့ဘုရားရှိခိုးနှင့် ဆုတောင်းလင်္ကာများ | ၁၀၆ |
| – | ရှိခိုးဆုတောင်း | ၁၁၂ |
| – | ဂေါတမဗုဒ္ဓဝင်မှတ်စုအဖြာဖြာ | ၁၁၄ |

## ဆရာတော်ဦးတိလောကသာရ–ရဝေထွန်း၏အမှာစကား

ဤ ‘သုံးလူ့ရှင်ပင်’ အမည်ရှိစာမူသည် မြတ်ဆုမွန်ရုပ်စုံ (၁၉၈၉–ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၉၀–ပြည့်နှစ်၊ စက်တင်ဘာလအထိ)တွင်ပါရှိခဲ့သော ‘ဘကြီးအောင်၏ ယဉ်ကျေးမှုစိုက်ပျိုးခင်း’ ဆောင်းပါးများပင်ဖြစ်သည်။

ဤစာမူကိုအစပြုစီစဉ်ခဲ့သူမှာ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေဖြစ်သည်။ ဆရာကြီးမှာ ကျန်းမာရေးမပြည့်စုံသဖြင့် အဆုံးတိုင်ရောက်အောင် မရေးသားနိုင်ဘဲရှိရာ မြတ်ဆုမွန်ရုပ်စုံစာတည်းအဖွဲ့ဆိုင်ရာများမှ စာရေးသူအား ဆက်လက်ရေးသားရန် တိုက်တွန်းခဲ့ပေသည်။ ထို့ကြောင့်စာရေးသူသည် ဒဂုန်ဦးစန်းငွေစီစဉ်ခဲ့သော ‘ယဉ်ကျေးမှုစိုက်ပျိုးခင်း’ အမည်ကိုပင်ယူ၍ လယ်တီဆရာတော်ဘုရားကြီး၏ ‘သုံးလူ့ရှင်ပင်’ချီ ဗုဒ္ဓပျို့လင်္ကာများကို ကလေးတို့နားလည်မည့် ဝေါဟာရတို့ဖြင့် ရေးသားခဲ့ပေသည်။

ဤသို့ရေးသားရာတွင် ဆရာကြီးဒဂုန်ဦးစန်းငွေက ကျောင်းပိတ်ရက်အတွင်း မိမိရပ်ကွက်ရှိ ကလေးသူငယ်တို့အား အဘိုးက မြေးကလေးများအားပြောပြသည့်ပုံစီစဉ်၍ ဘကြီးအောင်အနေဖြင့်အစချီခဲ့ပေသည်။ စာရေးသူကမူ အဘိုးက မြေးကလေးများအား ပုံပြောသလိုပြောဆိုခြင်းထက် စနေ,တနင်္ဂနွေနေ့များတွင် ရပ်ကွက်တွင်းရှိ ကျောင်းသားကျောင်းသူကလေးများကို ယဉ်ကျေးမှုသင်တန်းပေးသည့်ပုံစံမျိုးအဖြစ်ပြောင်း၍ရေးသားကာ ဒဂုန်ဦးစန်းငွေဖန်တီးထားသော ဘကြီးအောင်ကိုလည်း ဆရာအောင်ပြု၍ ရေးသားလိုက်ပေသည်။

ဤစာအုပ်ငယ်တွင် လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိနှင့် ဗုဒ္ဓဝင်ဆိုင်ရာသိမှတ်ဖွယ်ရာအဖြာဖြာကို မြတ်ဆုမွန်မဂ္ဂဇင်းတာဝန်ခံစာတည်းဦးအောင်မွန်ကဖြည့်စွက်ရေးသားခဲ့ပေသည်။ ဤစာအုပ်ငယ်ကိုဖတ်ရှု၍ ဗုဒ္ဓဘာသာ ကျောင်းသားကျောင်းသူများ လူငယ်လူရွယ်များတို့ ဗုဒ္ဓဝင်အခြေခံဗဟုသုတတိုးပွား၍ အကျိုးများနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

ရဝေထွန်း

# ဦးအောင်မွန်(မြတ်ဆုမွန်)၏မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံ ကမ္ပည်းကျောက်စာဝန်ဟောင်း မစ္စတာတော်စိန်ခို၏ တောင်းပန်ချက်အရ ပုဂံဝန်ထောက်မင်း ဦးတင်သည် လူငယ်လူရွယ်တို့ အသိအလိမ္မာတိုးပွားစေရန်ရည်သန်ပြီး စာတမ်းငယ်တစ်စောင်ကို ရေးသားခဲ့ပါသည်။ ထိုစာတမ်း၏အမည်မှာ ‘ပေါတကောဝါဒကထာစာတမ်း’ဖြစ်သည်။ ထိုစာတမ်းတွင် ရတနာသုံးပါးကို ကန်တော့ပုံ၊ ဩကာသဆိုပုံစသည်တို့ပါဝင်လေသည်။ ပုဂံဝန်ထောက်မင်းသည် ထိုပေါတကောဝါဒကထာစာတမ်းကိုရေးပြီးသောအခါ တပည့်ဖြစ်သူ ရှေ့ဖတ်စာရေး ဦးမောင်ကြီးအား ‘ဤပေါတကောဝါဒကထာစာတမ်းကို လယ်တီဆရာတော်ကြီး၏ လက်တော်သို့ဆက်ကပ်ပါ။ ဆရာတော်ကြီးအမိန့်ရှိသည်တို့ကိုလည်း ကောင်းမွန်ရှိသေစွာ မှတ်သားလာခဲ့’ဟုမှာကြား၍ စေလွှတ်လိုက်သည်။ ပုဂံဝန်ထောက်မင်း၏အမိန့်အတိုင်း ရှေ့ဖတ်စာရေး ဦးမောင်ကြီးသည် ၁၂၇၇–ခု၊ ပထမဝါဆိုလဆန်း ၉–ရက် (၂၀–၆–၁၉၁၅)နေ့တွင် စဥ့်ကူဥ္စခေတ္တသီတင်းသုံးနေတော်မူသော လယ်တီဆရာတော်ကြီး၏ခြေတော်ရင်းသို့ အရောက်သွားပြီး ပေါတကောဝါဒကထာစာတမ်းကို လက်တော်ရောက်ဆက်ကပ်ခဲ့ပါသည်။ လယ်တီဆရာတော်ကြီးသည် ထိုစာတမ်းကို ဖတ်ကြားနာယူတော်မူပြီးသောအခါ ‘ဆိုစရာမရှိပါဘူး ကောင်းပါရဲ့၊ လူငယ်များအတွက်ရေးသည့်အခါ လူငယ်တို့၏ နားနှင့်ဝင်ဆံ့အောင်ရေးသားမှ လူငယ်များက နားလည်သဘောပေါက်ကြလိမ့်မည်။ ပါဠိနှင့်မြန်မာရော၍ နှစ်ဘာသာရေးမည့်နေရာတို့တွင် မြန်မာသက်သက်ရေးခဲ့ပါလျှင် လူငယ်များနာလည်လွယ်လိမ့်မည်။ ဆရာတော်ကြီးက အမိန့်ရှိလိုက်ကြောင်း မင်းဝန်ထောက်မင်းကို ပြောဆိုလိုက်ပါ’ ဟု မိန့်ဆိုတော်မူလေသည်။

လယ်တီဆရာတော်ကြီး မိန့်ဆိုသည့်အတိုင်း ပုဂံဝန်ထောက်မင်းသည် မြန်မာဘာသာသက်သက်သို့ ပြင်ဆင်ရေးသားခဲ့ပြီးလျှင် ထိုသို့ပြင်ဆင်ခဲ့ပုံအကြောင်းတို့ကို အချီးနိဒါန်းသံပေါက်၌–

၁။ ပါဠိဘာသာ၊ လင်္ကာမှာ၊ ပါဠိတတ်မှသိကြမည်။

၂။ မြန်မာဘာသာ၊ ရိုးရိုးမှာ၊ မြန်မာတတ်သူသိကြမည်။

၃။ ရှေ့အဖို့မှာ၊ မြန်ဘာသာ၊ လွယ်စွာသီကုံးစေလိုသည်။

၄။ လယ်တီအသျှင်၊ ထေရ်သခင်၊ ကြည်လင်ချိုအိန့်မိန့်ရှိသည်။

၅။ မိန့်တော်ရှိရာ၊ လိုက်နာကာ၊ သိသာလွယ်ရန်စီကုံးမည်။

ဟူ၍ဖော်ပြထားပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင်၏ ပေါတကောဝါဒစာတမ်း(ပထမပိုင်း)ကို မန္တလေးမြို့ မြန်မာတာရာသတင်းစာပုံနှိပ်တိုက်က ၁၉၁၉–ခု၊ စက်တင်ဘာလတွင် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

လယ်တီဆရာတော်ကြီးသည် ကလေးသူငယ်များ အသိဉာဏ်တိုးတက်ရေးကို အထူးလိုလားတော်မူပါသည်။ နုနယ်သောကလေးငယ်၏ စိတ်သန္တာန်အတွင်းသို့ စစ်မှန်သောဗုဒ္ဓဘာသာ အဆင်အသွေး ဆိုးပေးလိုသောဆန္ဒနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့စရိုက် အထုံဝါသနာများကို ဆွဲဆောင်သွတ်သွင်းပေးလိုသောဆန္ဒ လွန်စွာပြင်းပြတော်မူပါသည်။ သို့ဖြစ်ပါ၍ လယ်တီဆရာတော်ကြီးသည် ကလေးသူငယ်များအတွက် သင်ပုန်းကြီး သံခိပ်ကျမ်း၊ သုကုမာရမဂ္ဂဒီပနီကျမ်း၊ လယ်တီမင်္ဂလသုတ္တန်နှင့် ပရမတ္ထသံခိပ်လင်္ကာစွဲတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ပရမတ္ထသံခိပ်ကျမ်းကို ကျက်မှတ်ကြပြီး စာမေးပွဲဖြေဆိုသကဲ့သို့၊ သုကုမာရမဂ္ဂဒီပနီကျမ်းကိုလည်း စာမေးပွဲပြုလုပ်စစ်မေးတော်မူပါသည်။ ဖြေဆိုအောင်မြင်သူတို့ကို ရွှေတံဆိပ်စသည်ဆုချီးမြှင့်တော်မူပါသည်။ ၁၂၆၅–ခုနှစ်မှ ၁၂၈၈–ခုနှစ်အထိ တစ်နိုင်ငံလုံးတွင် သံခိပ်ကျောင်းသားပေါင်း သုံးသိန်းကျော်ရှိခဲ့ကြောင်းသိရ၏။ ပရမတ္ထသံခိပ်နှင့် သုကုမာရမဂ္ဂကျမ်းတို့ကို စာမေးပွဲဖြေဆိုရာ၌ အထောက်အကူဖြစ်စေရန် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက ပရမတ္ထသံခိပ်အဖြေနှင့် သုကုမာရမဂ္ဂအမေးအဖြေကျမ်းတို့ကို ရေးသားပြုစုပေးခဲ့ပါသည်။

သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာသည် သင်ပုန်းကြီးသံခိပ်ကျမ်း၏ ပဌမပိုင်း၌ စာသွက်သွက်ဖတ်နိုင်သောအခါ နှုတ်တက်ဆောင်ရန်ရည်ရွယ်၍ ရေးသားတော်မူခဲ့သော ဘုရားရှိခိုးလင်္ကာဖြစ်ပါသည်။ သုံးလူ့ရှင်ပင်ဘုရားရှိခိုးလင်္ကာကို သံခိပ်ကျောင်းသားတိုင်း သုကုမာရမဂ္ဂဒီပနီသင်တန်းသားတိုင်းကျက်မှတ်၍ ဘုရားရှိခိုးရွတ်ဆိုပူဇော်ကြရပါသည်။ လယ်တီဆရာတော်ကြီး အမြို့မြို့အရွာရွာသို့ ကြွရောက်တော်မူသောအခါ ဆိုက်ရောက်ရာမြို့ရွာတို့မှ သံခိပ်ကျောင်းသားကလေးငယ်များက လက်အုပ်ချီမိုးပြီး သုံးလူ့ရှင်ပင်လင်္ကာကို သံပြိုင်ရွတ်ဆိုပူဇော်၍ ကြိုဆိုကြရပါသည်။

မန်ချက်စတာတက္ကသိုလ်မှ ပါမောက္ခတရေဗိုလင် (Trevor Ling)၏ Buddhism, Imperialism and War စာအုပ်(စာမျက်နှာ–၈၁)နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာထင်အောင်၏ မြန်မာ့သမိုင်းကျမ်း (A History of Burma) (Myanmar)(စာမျက်နှာ–၂၇၈)တို့တွင် 'လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို လွယ်ကူသောအသုံးအနှုန်း ပြောင်မြောက်သောအစီအကုံးဖြင့် ဖွဲ့သီထား၍ အလွန်နုနယ် ပျိုရွယ်သောကလေးငယ်များပင်လွယ်လင့်တကူကျက်မှတ်ရှိခိုးပူဇော်နိုင်ကြကြောင်း'ကို မှတ်တမ်းတင်ရေးသားထားခဲ့ကြပေသည်။

## ဗုဒ္ဓဝင်နှင့် မြန်မာစာပေ

မြန်မာစာပေယဉ်ကျေးမှုကို လွှမ်းမိုးထားသော ပါဠိစာပေတွင် ဗုဒ္ဓဝင်စာပေသည် အများဆုံးဖြစ်မည်ထင်ပါသည်။ ဗုဒ္ဓဝင်ကျမ်းများစွာကို ဆရာတော်ကြီးများ လူပညာရှင်ကြီးများ စကားပြေလင်္ကာနှစ်ထွေနှစ်မျိုး ခေတ်အဆက်ဆက်ရေးသားခဲ့ကြသည်။ ရေးသားရာတွင်ဘုရားအလောင်းတော် နိယတဗျာဒိတ်ခံယူသည်မှစ၍ ပရိနိဗ္ဗာန်ပြုသည်အထိအပြည့်အစုံ ရေးကြသည်။ အချို့ဗုဒ္ဓဝင်ကျမ်းတို့တွင်မူ ဂေါတမဗုဒ္ဓဝင်ဖွားတော်မူခန်းမှစကြသည်။ အချို့ဗုဒ္ဓဝင်ကျမ်းတို့တွင် ပရိနိဗ္ဗာန်စံယူခန်း၌ အဆုံးမသတ်ဘဲ တတိယသင်္ဂါယနာ၊ ပဌမသင်္ဂါယနာတင်သည့်တိုင်အောင် သယ်ဆောင်ရေးသားပြီး

အဆုံးသတ်ပါသည်။ ပျို့ကဗျာလင်္ကာများတွင်လည်း ဗုဒ္ဓဝင်တစ်ကျမ်းလုံးကိုဖွဲ့သော ဗုဒ္ဓပ္ပတ္တိပျို့၊ ဗုဒ္ဓဝင်ကျမ်းမှ နှစ်သက်ရာတစ်ခန်းကို ယူ၍ရေးဖွဲ့သော ဆုတောင်းခန်းပျို့၊ ပါရမီခန်းပျို့၊ တောထွက်ခန်းပျို့၊ ဓမ္မစကြာပျို့၊ ဂါထာခြောက်ဆယ်ပျို့၊ ပြာဋိဟာခန်းပျို့ စသည်ဖြင့်ပေါ်ထွက်ခဲ့ဖူးပါသည်။ ဗုဒ္ဓဝင်တစ်ကျမ်းလုံးလည်းမဟုတ်၊ တစ်ခန်းတစ်ဖွဲ့လည်းမဟုတ်ဘဲ ဗုဒ္ဓဝင်ခုနစ်ခန်းကို ရွေးချယ်ထုတ်နုတ်ဖွဲ့ဆိုထားသော လယ်တီဆရာတော်ကြီး၏ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်ပျို့လင်္ကာအဖွဲ့သည်ကား ပေါ်တောင့်ပေါ်ခဲ ရှားရှားပါးပါးပေါ်ထွက်လာသော ဗုဒ္ဓဝင်ပျို့လင်္ကာဖြစ်ပါသည်။

## ပေါ်ရာဏခုနစ်နေ့လင်္ကာ

လယ်တီဆရာတော်ကြီး၏ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာများမပေါ်မီက ရှေးဆရာတော်ကြီးများ ရေးဖွဲ့ခဲ့ကြသော ပေါ်ရာဏခုနစ်နေ့လင်္ကာဟူ၍ ရှိခဲ့ဖူးပါသည်။ ထိုလင်္ကာမှာ–

ကြွက်–သန့်,ပူး–ဖွား၊ ကျား–တောသွား၊ ဆင်ဘုရားဖြစ်၊ စက်လှစ်–နာဂ၊

နိဗ်–သီဟ၊ ဂရုဠ–ဓာတ်မီးလောင်...ဟု ဖြစ်သည်။

## အခါတော်ခုနစ်ပါးဂါထာ

အင်းဝခေတ် ဘကြီးတော်မင်းလက်ထက်၌ အလွန်ထင်ရှားကျော်စောတော်မူခဲ့သော ညောင်ကန်ဆရာတော်ကြီး ဦးဗုဓ်သည် အထက်ဖော်ပြပါခုနစ်နေ့ဗုဒ္ဓဝင်ဖြစ်တော်စဉ်ကို အခါတော်(၇)ပါးဘုရားရှိခိုးဟူ၍ ဂါထာဖွဲ့စီ၍ ပူဇော်တော်မူခဲ့ပါသည်။ ထိုဂါထာမှာ–

၁။ သြက္ကန္တော ဂုရုဝါရမှိ၊ ဝိဇာယိ သုက္ကဝါသရေ။ နိက္ခမေ စန္ဒဝါရမှိ၊ သမ္ဗုဒ္ဓေါ် ဗုဒ္ဓဝါသရေ။

၂။ သောရီဝါရေ ဓမ္မစက္က၊ အင်္ဂါရေ ပရိနိဗ္ဗုတော။ တေဇောဒဓာော အာဒိစ္စမှိ၊ သတ္တဝါရ မဟံ နမေ။ ။

F.2

ဗောဓိသတ္တော=ဘုရားလောင်းသည်။ ဂုရုဝါရမှိ=ဝါဆိုလပြည့် ကြာသပတေးနေ့၌။ ဩက္ကန္တော=ပဋိသန္ဓေနေတော်မူ၏။ သုက္ကဝါသရေ=ကဆုန်လပြည့် သောကြာနေ့၌။ ဝိဇာယိ=ဖွားတော်မူ၏။ စန္ဒဝါရမှိ=ဝါဆိုလပြည့် တနင်္လာနေ့၌။ နိက္ခမေ=တောထွက်တော်မူ၏။ ဗုဒ္ဓဝါသရေ=ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌။ သမ္ဗုဒ္ဓိ=ဘုရားဖြစ်တော်မူ၏။

ဗုဒ္ဓေါ=မြတ်စွာဘုရားသည်။ သောရိဝါရေ=ဝါဆိုလပြည့်စနေနေ့၌။ ဓမ္မစက္ကံ=ဓမ္မစကြာတရားတော်ကို။ ပဝတ္တယိ=ဟောတော်မူ၏။ အင်္ဂါရေ=ကဆုန်လပြည့်အင်္ဂါနေ့၌။ ပရိနိဗ္ဗုတော=ပရိနိဗ္ဗာန်စံတော်မူ၏။ အာဒိစ္စမှိ=တနင်္ဂနွေနေ့၌။ တေဇောဒနော=တေဇောဓာတ်လောင်တော်မူ၏။ ဗုဒ္ဓဿ=မြတ်စွာဘုရား၏။ သတ္တဝါရံ=အခါတော်ခုနစ်ပါးကို။ အဟံ=အကျွန်ုပ်သည်။ နမေ နမာမိ=ရှိခိုးပါ၏။

## ဈေးကဗုဒ္ဓဝင်

အင်းဝခေတ်မှ အထက်သို့လှမ်းမျှော်ကြည့်ပါက ဗုဒ္ဓယဉ်ကျေးမှုအနုပညာထွန်းကားခဲ့သော ပင်းယခေတ်၊ ပုဂံခေတ်၊ ပျူယဉ်ကျေးမှုခေတ် စသည့်ခေတ်တို့ကို တွေ့မြင်နိုင်သည်။ ပုဂံခေတ်တွင် ဗုဒ္ဓဝင်ခန်းအစီအမံများစွာကို တွေ့ရသည်။ အတွေ့ရများသည်မှာ ရှစ်ခန်းဗုဒ္ဓဝင်ဖြစ်သည်။ ရှစ်ခန်းဗုဒ္ဓဝင်ဆိုသည်မှာ ဗုဒ္ဓဖြစ်တော်စဉ် ရှစ်ရပ်ကို ဖွဲ့ထားခြင်းဖြစ်ပြီး ယင်းရှစ်ခန်းမှာ (၁) ဖွားတော်မူခန်း။ (၂) ဗုဒ္ဓပွင့်တော်မူခန်း။ (၃) ဓမ္မစကြာဟောတော်မူခန်း။ (၄) တန်ခိုးပြာဋိဟာ ပြတော်မူခန်း။ (၅) တာဝတိံသာမှ ဆင်းတော်မူခန်း။ (၆) နာဠာဂီရိဆင် အောင်ခန်း။ (၇) ပါရိလေယျကတော၌ စံတော်မူခန်း။ (၈) ပရိနိဗ္ဗာန်စံတောမူခန်း–တို့ဖြစ်ကြသည်။ ထိုဗုဒ္ဓဝင်ရှစ်ခန်းပါသော နံရံဆေးရေးပန်းချီကို ပုဂံမြို့ လောကထိပ်ပန်ဘုရားတောင်ဘက်နံရံ၌ အောက်ခြေမှ (၁၇)ပေခန့်အမြင့်အထိ နေရာပေး၍ ရေးဆွဲသရုပ်ဖော်ထားသည်။ ပုဂံမှာတွေ့ရသော မြေပုံအုတ်ခွက်ဘုရားများတွင်လည်း ထိုရှစ်ခန်းဗုဒ္ဓဝင်သရုပ်ဖော်ချက်

များကိုတွေ့ရ၏။ ပုဂံမြို့ တူရွင်းတောင်ပေါ်မှရသော ကြေးကြာဖူး၌ ဗုဒ္ဓဝင်ရှစ်ခန်းကို သွန်းလုပ်ခပ်နှိပ်ထား၏။ ပုဂံမြို့ဥပါလိသိမ်အတွင်းမှရသော ကြေးကြာဖူးနှစ်ခုတွင်လည်း ကြာဖတ်များအပေါ်၌ ဗုဒ္ဓဝင်ရှစ်ခန်းကို သွန်းလုပ်ထား၏။ ထိုဥပါလိသိမ်အနီးဂူအတွင်းမှ ဌာပနာပစ္စည်းများနှင့်အတူ တွေ့ရသော အမြင့်(၁၅)လက်မရှိကြေးကြာဖူးကြီးတစ်ခုတွင် ကြာဖတ်ပေါ်၌သာမက အလယ်မဏ္ဍိုင်၏ အောက်ခြေတွင် ဗုဒ္ဓဝင်ရှစ်ခန်းကို သွန်းလုပ်ခပ်နှိပ်ထားပြန်၏။ ရွှေစည်းခုံဘုရားအနီး လယ်ကွင်းမှရသော အန္တဂူကျောက်ရုပ်ကြွ၊ ရွှေဘိုဒီပဲယင်းမြို့မှရရှိသော အန္တဂူရုပ်ကြွတို့တွင်လည်း ဗုဒ္ဓဝင်ရှစ်ခန်းကို သတ္တဌာနနှင့်တွဲဖက်၍ တွေ့ရပါသည်။

အထက်ဖော်ပြပါ ဗုဒ္ဓဝင်ရှစ်ခန်းသရုပ်ဖော်တို့ကို အိန္ဒိယနိုင်ငံ ဂုတ္တခေတ်လက်ရာအဖြစ် မိဂဒါဝုန်(ဆာရ်နတ်)ဒေသ၊ ပါလသေနခေတ်ဖြစ်သော နာလန္ဒာ၊ ဘီဟာရ်၊ ဘင်္ဂလားဒေသတို့တွင်လည်းတွေ့ရသည်။ အနောက်တိုင်းပညာရှင်များက ဤဗုဒ္ဓဝင်ရှစ်ခန်းသရုပ်ဖော်ပုံများကို မူလသက္ကတဘာသာမှ တရုတ်ဘာသာသို့ပြန်ဆိုထားသော ရှစ်ခန်းဗုဒ္ဓဝင်ကျမ်း (အဋ္ဌမဟာပရာတိဟာရကျမ်း)မှယူ၍ သရုပ်ဖော်ထားခြင်းဖြစ်သည်ဟု ယူဆကြ၏။

## ဆန်ချီနှင့်ဘရဟုတ်

ဗုဒ္ဓယဉ်ကျေးမှုအနုပညာတွင် ရှေးအကျဆုံးဖြစ်သော အသောကမင်းကြီး၏ကောင်းမှု ဘရဟုတ်စေတီကြီးနှင့် ဆန်ချီစေတီကြီးများတွင် ဗုဒ္ဓဝင်အနုပညာလက်ရာများကို တွေ့ရပေသည်။ ထိုဘရဟုတ်နှင့် ဆန်ချီစေတီတော်ကြီးများ၌ ဗုဒ္ဓဝင်လေးခန်း၊ ဗုဒ္ဓဝင်ငါးခန်းစသည်တွေ့ရ၏။ လေးခန်းဗုဒ္ဓဝင်ဆိုသည်မှာ (၁) ဖွားတော်မူခန်း။ (၂) ဘုရားဖြစ်တော်မူခန်း။ (၃) ဓမ္မစကြာဟောတော်မူခန်း။ (၄) ပရိနိဗ္ဗာန်စံခန်းတို့ဖြစ်သည်။ ဆန်ချီစေတီ၏ အရှေ့ဘက် တုရိဏ်းတိုင်တစ်နေရာတွင် (၅) တောထွက်ခန်းပုံတစ်ပုံတိုး၍ ဗုဒ္ဓဝင်ငါးခန်းကိုတွေ့ရပြန်ပါသည်။ ထိုဗုဒ္ဓဝင်လေးခန်း ငါးခန်းတို့ကို

သရုပ်ဖော်ရာ၌ ဗုဒ္ဓမြတ်စွာရုပ်ပွားဆင်းတုတော်ကိုမဖော်ပြဘဲ ကိုယ်တော်စား ဗောဓိပင်ပုံ၊ စေတီပုံ၊ ဓမ္မစကြာပုံ၊ ခြေတော်ရာပုံတို့ကိုတွေ့ရ၏။ ဗုဒ္ဓဝင်လေးခန်းသရုပ်ဖော်ပုံသည် မဟာပရိနိဗ္ဗာနသုတ်၌ဟောတော်မူအပ်သော သံဝေဇနိယလေးဌာနအညွှန်းနှင့်လည်း ကိုက်ညီနေကြောင်းတွေ့ရ၏။

## ဆန်းကြယ်သော ငါးခန်းဗုဒ္ဓဝင်

အာသောကမင်းကြီး၏ကောင်းမှု ခြင်္သေ့ရုပ်ကျောက်တိုင်ထိပ်ဖူး၌ပါသော ဗုဒ္ဓဝင်ငါးခန်းသည် ထူးခြားသောအသွင်တစ်ရပ်ဖြစ်ပေသည်။ ထိုကျောက်တိုင်၏ထိပ်၌ ခြင်္သေ့သုံးစီးထိုင်နေပုံပါရှိပြီး၊ ခြင်္သေ့ရုပ်၏အောက်ခံကြာမှောက်တွင် ဓမ္မစကြာစက်ဝိုင်းပုံလေးခုပါရှိ၏။ ထိုဓမ္မစကြာစက်ဝိုင်းလေးခုအကြားတွင် (၁) ဆင်ရုပ်၊ (၂) မြင်းရုပ်၊ (၃) ခြင်္သေ့ရုပ်၊ (၄) နွားရုပ်ဟု တိရစ္ဆာန်လေးရုပ်ပုံကိုဖော်ပြထား၏။ ဓမ္မစကြာစက်ဝိုင်းနှင့် တိရစ္ဆာန်လေးရုပ်သည် ဗုဒ္ဓဝင်ငါးခန်းဖြစ်သည်ဟု ပညာရှင်တို့က ယူဆကြသည်။ အဓိပ္ပာယ်မှာ (၁) ဆင်ရုပ်သည် ဘုရားလောင်းသန္ဓေယူခန်းကိုရည်ညွှန်း၏။ (၂) မြင်းရုပ်သည် တောထွက်ခန်းဖြစ်၏။ (၃) ခြင်္သေ့ရုပ်သည် မာရ်နတ်ရန်ကိုနှိမ်၍ ဘုရားအဖြစ်သို့ရောက်တော်မူခန်း (တစ်နည်း) ဘုရားရှင်ကို နရသီဟဟု ပရိယာယ်အားဖြင့်ခေါ်သည်ကို သရုပ်ဖော်ခြင်းဟုယူဆ၏။ (၄) ဓမ္မစကြာပုံသည် တရားဦးဟောတော်မူခန်းဖြစ်၏။ (၅) နွားရုပ်သည် ပရိနိဗ္ဗာန်စံခန်းဟုယူဆ၏။ နွားသည်ကဆုန်လ၊ ပြိဿရာသီ၏ သင်္ကေတဖြစ်ရာ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သော ကဆုန်လအခါကို ရည်ညွှန်းသည်ဟုယူဆကြ၏။

ဤသည်တို့ကား အလွန်တရာကျယ်ပြန့်လှသော ဗုဒ္ဓဝင်အကြောင်းအရာတို့ကို တစ်ထိုင်တည်း တစ်ခဏတည်းအတွင်း ထိထိမိမိလေ့လာနိုင်ရန် ရှေးဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ကျော်များ၏ တီထွင်ကြံဆခဲ့ပုံများပင်ဖြစ်ပါသည်။ ထိုသို့တီထွင်ကြံဆခဲ့သော ဉာဏ်ကြီးရှင်တို့တွင် ကျေးဇူးရှင်လယ်တီဆရာတော်ကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်တော်မူ

ပါသည်။ လယ်တီဆရာတော်ကြီး၏ကျေးဇူးကြောင့် အလွန်တရာကျယ်ပြောကြီးမားသော ဘုရားဖြစ်တော်စဉ် ဗုဒ္ဓပင် ဒေသနာကြီးကို ခုနစ်ကဏ္ဍဖြင့် တိုတိုကျဉ်းကျဉ်း အလွယ်တကူနှလုံးသွင်း ကြည်ညိုခွင့်ရကြလေသည်။

## နံကောင်များ

လယ်တီဆရာတော်ကြီး၏ သုံးလူ့ရှင်ပင်လင်္ကာတွင် တနင်္ဂနွေ၊ တနင်္လာစသောနေ့များကို 'ကျားမင်းနေ့'၊ 'ဆင်မင်းနေ့' စသည်ဖြင့် နေ့နံအလိုက် သတ်မှတ်ထားသောနံကောင်များဖြင့် ဖော်ပြထားလေသည်။ ထိုအလေ့ကို ရှေးမြန်မာစာပေတွင် တစ်စွန်းတစ်စတွေ့ရပါသည်။ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ သက္ကရာဇ် ၁၁၉၀–ပြည့်ရေး မင်္ဂလသုတ်ပျို့နိဂုံးတွင် 'ကောဇာမိမ္မ၊ ထောင်ချီ့ရာချဲ့၊ ကိုးဆဲ့အမှတ်၊ ဝါတော်ကျွတ်ပြီ၊ ကျော်လွတ်ဆယ်စေ့၊ ပူးမင်းနေ့တွင်'ဟူ၍ 'သောကြာနေ့'ကို 'ပူးမင်းနေ့'ဟု ရေးသားခဲ့၏။ သက္ကရာဇ် ၁၁၈၃–ခုရေး ပဋ္ဌာနပျို့နိဂုံးတွင်လည်း 'တစ်ရက်ချမ်းမြေ့၊ နေမင်းနေ့တွင်၊ စ၍ပြုပြင်၊ ကုံးစီရင်သော်' ဟု 'တနင်္ဂနွေနေ့'ကို 'နေမင်းနေ့'ဟု ရေးသားခဲ့၏။ တွင်းသင်းမင်းကြီး၏ ဝိဓူရပျို့နိဂုံး၌လည်း 'အခါကောင်းမြေ့၊ နေ့ဗုဒ္ဓဝယ်၊ အများနားမှာ၊ ဆင်စေငှာဖြင့်' ဟု 'ဗုဒ္ဓဟူးနေ့'ကို 'နေ့ဗုဒ္ဓ'ဟု ရေးသားခဲ့ပါ၏။

## ပစ္စည်းပျောက်နှင့်ဤလင်္ကာ

သုံးလူ့ရှင်ပင်လင်္ကာ၌ပါရှိသော ခုနစ်နေ့ဗုဒ္ဓဝင်ဖြစ်တော်မူစဉ်ကို ရှေးလူကြီးများက နေ့နံအလိုက် ပစ္စည်းပျောက် အဟောကို ကိန်းဆင်ဟောပြောခဲ့ကြဖူးလေသည်။

ထိုသို့ကိန်းဆင်ဟောရာ၌ တနင်္ဂနွေနေ့ ပစ္စည်းပျောက်လျှင် 'ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇော'ဟု တေဇောဓာတ် လောင်တော်မူသောနေ့ဖြစ်၍ 'ပျောက်သောပစ္စည်းပြန်မရ၊ လုံးလုံးဆုံးတတ်သည်'ဟု ဟောပါသည်။

တနင်္လာနေ့ပျောက်ပါမူ 'ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံ'ဆိုသဖြင့် 'ပျောက်သောပစ္စည်း အဝေးသို့ရောက်သွားတတ်သည်'ဟု ဟောပါသည်။

အင်္ဂါနေ့ပျောက်ပါမူကား 'ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူ' ဟုဆိုသဖြင့် 'ပျောက်သောပစ္စည်း လုံးလုံးဆုံးပြီ'ဟု ဟောပါသည်။

ဗုဒ္ဓဟူးနေ့ပျောက်ခဲ့လျှင် 'ခါတော်တစ်ပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဗွေထက်' ဟုဆိုထား၍ 'ပျောက်သောပစ္စည်း အသေအချာပြန်ရမည်'ဟု ဟောပြောပါသည်။

ကြာသပတေးနေ့ပျောက်ပါမူ 'ဝါဆိုလပြေ့၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူ'ဟု စပ်ဆိုထားသဖြင့် 'ပျောက်သောပစ္စည်း အဝေးသို့မထွက်၊ အတွင်းတစ်နေရာမှာရှိနိုင်သည်၊ ရှာပါ'ဟု ဟောရ၏။

သောကြာနေ့ပျောက်ပါမူ 'ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူ' ဟု ဆိုထားသဖြင့် 'ပျောက်သောပစ္စည်းအလိုလိုပြန်ရမည်၊ ကကူးတကရှာစရာမလို'ဟု ဟောပြောပြန်သည်။

စနေနေ့ပျောက်ပါမူ 'ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့ညွှတ်ဘက်၊ ဓမ္မစက်ကို'ဟုဆိုပါ၍ 'ပျောက်သောပစ္စည်းကို ပြန်ရမည်၊ အမှန်တရားအတိုင်းဖြစ်ရမည်'ဟု ဟောပြောရပါသည်။

ဤသို့လျှင် ရှေးလူကြီးများသည် ဗုဒ္ဓဝင်ကိုမှီ၍ နေ့နံလိုက်ဟောပြောခြင်းသည် ကိန်းဆင်ဟောနည်းဖြစ်သော်လည်း နှစ်သက်မြတ်နိုးဖွယ်ကောင်းသောဟောနည်းတစ်ရပ်ဖြစ်သည်။

## ကျောင်းသုံးပြဋ္ဌာန်းခြင်းခံခဲ့ရ

လယ်တီဆရာတော်ကြီးသည် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို ကောဇာ ၁၂၆၅–ခုနှစ်၊ (ခရစ် ၁၉၀၃–ခုနှစ်)နောက်၌

ရေးသားတော်မူသည်ဟုခန့်မှန်းရပြီး၊ ကောဇာ ၁၂၇၄–ခုနှစ် (ခရစ် ၁၉၁၂–ခုနှစ်)၌ ထိုလင်္ကာကို ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ မြန်မာ့အလင်းမဂ္ဂဇင်းပိုင်ရှင် ဦးရွှေကြူးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်းတို့ စီစဉ်ထုတ်ဝေခဲ့သော (၁၉၁၂–ခုနှစ်၊ ဖေဖော်ဝါရီလရိုက်) ပဌမတန်းဒေါင်းတံဆိပ်ဖတ်စာအုပ်၊ (စာမျက်နှာ–၅၆)တွင် 'လယ်တီဆရာတော်ကြီး ရေးသားတော်မူသော ဂေါတမမြတ်စွာဘုရားအကြောင်းပျို့'ဟု သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို ခက်အဆစ်အဖြေနှင့်တကွ ဖော်ပြထားလေသည်။ ထိုသို့ကျောင်းသုံးပြဋ္ဌာန်းခံခဲ့ရသည့်အတွက် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ခဲ့လေသည်။ ၁၉၈၀–ပြည့်နှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက ရဟန်းတော်များ မြန်မာစာပေ အရေးအသားတော်စေရေး ပညာရေးပရိယတ္တိစီမံကိန်းမူအရ စနစ်သစ်မူလတန်းတွင် ပြဋ္ဌာန်းတော်မူခဲ့ကြပါသည်။

## ခေတ်အဆက်ဆက်အသုံးပြုခဲ့

သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာသည် ကျောင်းသားလူငယ်တို့အတွက်သာမက သာသနာတော်တစ်ရပ်လုံးအတွက် အကျိုးများသော စာပေအဖွဲ့အနွဲ့ဖြစ်၍၊ စာပေပညာရှင်တို့ကလည်း အခွင့်သင့်အခါရတိုင်း ထိုဗုဒ္ဓဝင်လင်္ကာကို ထုတ်ဖော်ကိုးကားခဲ့ကြသည်။

တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသသည် သက္ကရာဇ်–၁၃၀၇(ခရစ်–၁၉၄၅–ခုနှစ်)တွင် ဗုဒ္ဓဝင်အမေးအဖြေစာအုပ်ကို ရေးသားတော်မူရာတွင် ဤသုံးလူ့ရှင်ပင်လင်္ကာတို့ကို ဆောင်ပုဒ်လင်္ကာအဖြစ် အသုံးပြုတော်မူခဲ့ပါသည်။ ခရစ် ၁၉၅၆–ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် သာသနာ ၂၅၀၀–ပြည့်အကြို အထိမ်းအမှတ်အဖြစ် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို ပန်းချီဆရာကြီး ဦးဗကြည်၏ လက်ရာပုံကား(၈)ပုံနှင့်ပူးတွဲ၍ဖော်ပြထား၏။ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းကြီး၊ ပဌမတွဲ၊ (စာမျက်နှာ–၅၅၀)တွင် 'အသင်ဗုဒ္ဓဝင်

စာဖတ်ပရိသတ် သူတော်ကောင်းများသည် ဤဗုဒ္ဓရတနာခန်းကိုဖတ်ရှုကြရာ၌ ဗုဒ္ဓမြတ်စွာနှင့်စပ်၍ အရေးကြီးသော နေ့ကြီးခုနစ်နေ့ကို အထူးသတိချပ်မိကြပေလိမ့်မည်။ ဤနေ့ကြီးခုနစ်နေ့ကို အောက်မေ့ဆင်ခြင်ကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးနိုင်ရန်အတွက် လယ်တီဆရာတော်ကြီးသည် ဤဆိုလတ္တံ့သော 'ခုနစ်နေ့ဘုရားရှိခိုးလင်္ကာများ' ကို ရေးသားဖွဲ့ဆိုတော်မူခဲ့ပါသည်' ဟု နိဒါန်းသွယ်ပြီးလျှင် 'သုံးလူ့ရှင်ပင်လင်္ကာ' ကို ဖော်ပြထားပေသည်။

## အဖြေကျမ်းများ

သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာများကို ခရစ် ၁၉၁၂–ခုနှစ်၌ ပဌမတန်းသုံး ဒေါင်းတံဆိပ်ဖတ်စာအုပ်၌ ဦးရွှေကြူးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာလင်းကြီးတို့က ခက်ဆစ်အဖြေရေးခဲ့ကြပါသည်။ ခရစ် ၁၉၈၃–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ နဝမ လယ်တီဆရာတော်အရှင်ကေလာသ(ဝိနယပါဂူ)က သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာအဖြေကျမ်းစာကို ရေးသားတော်မူခဲ့ ပါသည်။ ခရစ် ၁၉၈၉–ခုနှစ်တွင် ပခုက္ကူမြို့၊ အရှင်ကေလာသ(ဓမ္မာစရိယ၊ ဂဏဝါစက၊ ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ) ဆရာတော်က 'သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်'အမည်ဖြင့် သုံးလူ့ရှင်ပင်လင်္ကာကိုဖွင့်ဆိုသော ဗုဒ္ဓဝင်ကျမ်းငယ်တစ်စောင်ကို ပြုစုတော်မူခဲ့ပါသည်။ ခရစ်နှစ် ၁၉၈၀–ပြည့်နှစ် စနစ်သစ်မူလတန်း၌ ပြဋ္ဌာန်းပြီးသည့်နောက် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာ ခက်ဆစ်အဖြေကျမ်း များစွာပေါ်ထွက်ခဲ့ပါသည်။

## ဤကျမ်းပေါ်လာပုံ

ဤသုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာအဖြေကို ၁၉၈၉–ခု၊ မြတ်ဆုမွန်ရုပ်စုံတွင် ဘလ္လာတိယပျို့ခက်ဆစ်အဖြေကျမ်းပြု ဆရာကြီး ဒဂုန်ဦးစန်းငွေအား စာတည်းအဖွဲ့မှ အထူးမေတ္တာရပ်ခံကာ ရေးသားစေခဲ့ပါသည်။ ဗုဒ္ဓဝင်လင်္ကာအဖြေများကို

ရေးနေစဉ်မှာပင် ဆရာကြီးဦးစန်းငွေဟု ပညာနေတစ်စင်းကွယ်လွန်ခဲ့၍ ဆရာကြီးရေးလက်စ ထိုအခန်းကို ရွှေဟသ်ာမင်းပို့ ခက်ဆစ်အဖြေကျမ်းပြုဆရာတော် ဦးတိလောကသာရ(ရဝေထွန်း)အား ဆက်လက်ရေးသားချီးမြှင့်ပေးဖါမည်အကြောင်း လျှောက်ထားပြန်ရာ ဆရာတော်ကလည်း လွယ်လင့်တကူကြည်ဖြူလက်ခံကာ ရေးသားတော်မူခဲ့ပါသည်။

ဆရာကြီးဒဂုန်ဦးစန်းငွေနှင့် ဆရာဦးတိလောကသာရ(ရဝေထွန်း)တို့၏လက်ရာ ဗုဒ္ဓဝင်လင်္ကာအဖြေတို့ကိုစုပေါင်းပြီး ၁၉၉၁–ခုနှစ်တွင် မြတ်ဆုမွန်စာပေမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေသောအခါ ရုပ်စုံမဂ္ဂဇင်း၌ရေးသားခဲ့သောဗုဒ္ဓဝင်စာမူများတွင် အချို့နေရာတို့၌ကျဉ်းနေပြီး၊ အချို့အဓိပ္ပာယ်ဖွင့်ဆိုချက်တို့၌ ပေါ်သင့်သလောက် မပေါ်လွင်ကြောင်းတွေ့ရ၍ ယခုဒုတိယအကြိမ်ပုံနှိပ်သည့်အခါတွင် ထိုသို့ကျဉ်းနေသောနေရာတို့ကို အတန်အသင့်စကားအဆက်မိစေရန် ဖြည့်ပေးခြင်း၊ အဓိပ္ပာယ်အဖွင့်အဆိုငုပ်နေသောနေရာတို့ကို ထင်ရှားပေါ်လွင်စေရန် ဖြည့်စွက်ရေးသားခြင်း စသောတာဝန်ကို စာရေးသူက ယူခဲ့ရပါသည်။

ကျေးဇူးရှင်လယ်တီဆရာတော်ကြီးပြုစုသော ကျမ်းဂန်စာပေများနှင့် ဆရာတော်ကြီး၏ ဘဝဇာတ်ထေရုပ္ပတ်ကို နှစ်များစွာ လေ့လာဆည်းပူးခဲ့ရသောအကျိုးကြောင့် ယခုဖြေဆိုရေးသားအပ်သော ဤသုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာအဖြေများသည် လယ်တီဆရာတော်ကြီး၏ မူလနှလုံးသွင်းအာဘော်နှင့် ကိုက်ညီနိုင်သမျှ နီးနီးစပ်စပ်ကိုက်ညီပါမှုကားဆည်းပူးပြုစုအားထုတ် ရကျိုးနပ်ပါပြီဟု ဆိုချင်ပါသည်။

ဤခုနစ်နေ့ဘုရားရှိခိုးလင်္ကာကို နှုတ်ရအာဂုံဆောင်ကြ၍ ဘုရားအာရုံ နှလုံး၌ထုံနိုင်ကြပါစေကုန်သတည်း။

**ဦးအောင်မွန်(မြတ်ဆုမွန်)**

## အခန်း [၁]

## သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာနိဒါန်း

**ဆရာအောင်။** ။ကလေးတို့၊ ဒီကနေ့ 'ဗုဒ္ဓဘာသာအစ ယဉ်ကျေးမှုက'၊ 'ယဉ်ကျေးမှုအစ ဗုဒ္ဓဝင်က' ဆိုခဲ့တဲ့အတိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုရဲ့အစဖြစ်တဲ့ ဗုဒ္ဓဝင်ကိုသင်ပေးမယ်။ မင်းတို့ဟာ ဗုဒ္ဓဘာသာမိဘတွေက မွေးဖွားလာတဲ့ သားသမီးတွေဖြစ်လို့ ဗုဒ္ဓဘာသာဖြစ်ကြရတာထက်၊ မင်းတို့ကိုယ်တိုင်က ဗုဒ္ဓမြတ်စွာဘုရားကိုကြည်ညိုပြီး ဗုဒ္ဓဘာသာဖြစ်ကြမှ တကယ့်စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လာကြမှာကွယ့်။ အဲဒီတော့ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုတတ်စေရန် ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို သင်ပေးရလိမ့်မယ်။

## ဗုဒ္ဓဝင်ဟူသည်

**အောင်။** ။ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကို မသင်ယူမီ ဗုဒ္ဓဝင်စာပေရဲ့အကြောင်းကို ရှေးဦးလေ့လာကြရမယ်။ ဗုဒ္ဓဝင်ဆိုတာ တို့အားလုံးအားထားကြည်ညိုကိုးကွယ်နေကြတဲ့ သုံးလောကထွတ်ထားရှင်တော်ဘုရားရဲ့ ဖြစ်တော်စဉ်ကို ဖော်ပြတဲ့ကျမ်းပါပဲ။ မြတ်စွာဘုရားရှင် နိယတဗျာဒိတ်ခံယူတော်မူသည်မှစ၍ ပါရမီတော်တွေဖြည့်ကျင့်ခြင်း၊ နောက်ဆုံးဘဝ ဘုရားဖြစ်ရန် မယ်တော်ဝမ်း၌ ပဋိသန္ဓေယူတော်မူခြင်း၊ ဖွားတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊ ဓမ္မစကြာအစရှိသော ဓမ္မဝိနယတို့ကို ဟောကြားတော်မူခြင်း၊ နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းအထိ ဖြစ်တော်စဉ်များကို ဗုဒ္ဓဝင်လို့ ခေါ်တာဖြစ်တယ်။ ဗုဒ္ဓဝင်ဆိုတာ ပါဠိစကား 'ဗုဒ္ဓဝံသ' ကလာတာဖြစ်ပြီး သုတ္တန္တပိဋကတ်၊ ခုဒ္ဒနိကာယ်မှာ တစ်ဆယ့်လေးကျမ်းမြောက်ကျမ်းအဖြစ် တည်ရှိနေပြီး သင်္ဂါယနာတင်ပါဠိတော်ကျမ်းတစ်ကျမ်းဖြစ်တယ်။

အဲဒီဗုဒ္ဓဝင်ပါဠိတော်ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာမထေရ် တောင်းပန်လို့ မြတ်စွာဘုရားရှင်က ဂါထာပေါင်း ၁၁၇၀–ဂါထာတို့ဖြင့် ဟောကြားထားတော်မူပါတယ်။ မြတ်စွာဘုရားရှင်ဟောတော်မူတဲ့ ဗုဒ္ဓဝံသဂါထာပါဠိတော်ကို ဆရာတော်အရှင်ဗုဒ္ဓဒတ္တမထေရ်မြတ်က အဋ္ဌကထာဖွင့်ဆိုတော်မူခဲ့တယ်ကွယ့်။ ဗုဒ္ဓဝင်ကျမ်းကို ခေတ်အဆက်ဆက် ပုံစံအမျိုးမျိုးနဲ့ ရေးသားကြရာမှာ‘ဗုဒ္ဓဝင်’ ဆိုတဲ့ကျမ်းနာမည်နဲ့သာမက ဇာတတ္ထကီ(ဗုဒ္ဓဝင်)၊ သောတတ္ထကီ(ဗုဒ္ဓဝင်)၊ ဇိနာလင်္ကာရ (ဗုဒ္ဓဝင်)၊ ဇိနစရိတ (ဗုဒ္ဓဝင်)၊ တထာဂတုပ္ပတ္တိ(ဗုဒ္ဓဝင်)၊ တထာဂတဥဒါနဒီပနီ(ဗုဒ္ဓဝင်)၊ မာလာလင်္ကာရ (ဗုဒ္ဓဝင်)၊ ဇိနတ္ထပကာသနီ(ဗုဒ္ဓဝင်) စသည်ဖြင့် ဗုဒ္ဓဝင်ကျမ်းအစောင်စောင် ရေးသားခဲ့ကြပါတယ်။ မြန်မာဘာသာဖြင့်ရေးတဲ့ ဗုဒ္ဓဝင်များတွင် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဇိနတ္ထပကာသနီ(ဗုဒ္ဓဝင်)ဟာ အင်မတန်ထင်ရှား အသုံးများခဲ့ပြီး၊ ယခုခေတ်မှာတော့ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ဗုဒ္ဓသာသနမှု မဟာဗုဒ္ဓဝင်ကျမ်းကြီး (ခြောက်တွဲ၊ ရှစ်အုပ်)က အပြည့်စုံဆုံးနဲ့ အထည်ဝါဆုံး ဗုဒ္ဓဝင်ကျမ်းကြီးဖြစ်တယ်။

## ဗုဒ္ဓဝင်လေ့လာရကျိုး

**အောင်။** ။ဗုဒ္ဓဝင်လေ့လာခြင်းဖြင့် ရရှိအပ်သောအကျိုးတရားတွေကို မြတ်စွာဘုရားရှင်က ဗုဒ္ဓဝံသပါဠိတော်မှာ ဒီလိုဟောတော်မူထားတယ်။

ဗုဒ္ဓဝင်တရားတော်ကို နာယူမှတ်သားခြင်းဖြင့်–

၁။ နှစ်သက်ဝမ်းမြောက်မှုကိုဖြစ်စေ၏။

၂။ စိုးရိမ်ခြင်းကြောင့်ကို နုတ်ပယ်နိုင်၏။

၃။ အလုံးစုံသော စည်းစိမ်ဥစ္စာကိုရနိုင်သည်။

၄။ အမျိုးဇာတ်ကိုစွဲ၍ဖြစ်သော မာန်မာနကိုကင်းစေနိုင်၏။

၅။ သံသရာမှလွတ်မြောက်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်၏။

**အောင်။** ။အဲသလိုအကျိုးတရားများကိုရရှိစေနိုင်သော ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကိုလေ့လာရာမှာ လူငယ်လူရွယ်တို့အတွက် ဗုဒ္ဓဝံသပါဠိတော်ကျမ်းကြီးတွေ၊ ထူထဲကြီးမားတဲ့ဗုဒ္ဓဝင်အဋ္ဌကထာစတဲ့ကျမ်းကြီးကျမ်းခိုင်တွေကို လေ့လာဖို့ရန်ခဲယဉ်းနေသဖြင့် အလွယ်ကူဆုံးလေ့လာနိုင်ကြဖို့ ဗုဒ္ဓဝင်ကျမ်းစာတစ်စောင်ကို ရွေးချယ်ထားတယ်။ အဲဒီအလွယ်ကူဆုံးဗုဒ္ဓဝင်ကတော့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးပြုစုတော်မူတဲ့ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာပျို့ကဗျာပဲဖြစ်ပါတယ်။ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို ဘယ်ပုဂ္ဂိုလ်ရေးတော်မူတာလဲ?။

**ကလေးများ။** ။ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးပါဆရာ။

## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

**အောင်။** ။ဟုတ်ပါတယ်၊ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ရေးစီခဲ့တာဖြစ်တယ်။ စာပေကျမ်းဂန်တစ်ဖွဲ့ကိုလေ့လာတဲ့အခါမှာ ကျမ်းပြုပုဂ္ဂိုလ်ရဲ့အကြောင်းကိုလည်း လေ့လာဖို့လိုပါတယ်။ ကျေးဇူးရှင်လယ်တီဆရာတော်ကြီးကို 'ကျေးဇူးရှင်'လို့ ဘာကြောင့်ခေါ်ဆိုရတယ်ဆိုတာ ဦးစွာရှင်းပြပါမယ်။ လယ်တီဆရာတော်ကြီးသည် မြန်မာလူမျိုးများကို သာသနာတော်နှင့်နီးစပ်အောင်၊ သာသနာတော်ဆိုင်ရာမှာ အကျင့်သီလဘက်ကဖြစ်စေ၊ အယူအဆဘက်ကဖြစ်စေ မျက်စိပွင့်လင်းလာအောင် ဆောင်ရွက်ပေးတော်မူခဲ့သော ကျေးဇူးများရှိနေခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က လယ်တီဆရာတော်ကြီးကို 'ကျေးဇူးရှင်လယ်တီဆရာတော်ကြီး'ဟု လိုက်လိုက်လှဲလှဲ ခေါ်ကြခြင်းဖြစ်တယ်။

**အောင်။** ။အခုဆက်ပြီး လယ်တီဆရာတော်ကြီးရဲ့ ဘဝဖြစ်တော်စဉ်အကျဉ်းကိုပြောပြပါမယ်။ မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းအတွင်းမှာ ဒီပဲယင်းမြို့နယ်ကြီးရှိပြီး အဲ ဒီ ဒီပဲယင်းမြို့နယ်ရဲ့တောင်ဘက်မှာ စိုင်ပြင်ဆိုတဲ့ ရွာကလေးတည်ရှိသတဲ့။ မုံရွာ–ရေဦးကားလမ်းဘေးမှာတည်ရှိတဲ့ရွာကလေးဖြစ်တယ်။ အဲဒီရွာကလေးမှာ ၁၂၀၈–ခု၊ နတ်တော်လဆန်း(၁၃)ရက်၊ အင်္ဂါနေ့(၁–၁၂–၁၈၄၆–ခု)မှာ လယ်တီဆရာတော်ကြီးကို ဖွားသန့်စင်တော်မူခဲ့တယ်။ ဆရာတော်ကြီးရဲ့ခမည်းတော်က ဦးထွန်းသာ၊ မယ်တော်ကြီးက ဒေါ်ကျုံးတဲ့။ တောင်သူလယ်သမားကြီး တွေပဲကွယ့်။ ဆရာတော်ကြီးကိုဖွားမြင်တဲ့အချိန်မှာ အိမ်ရှေ့ရှိ မန်းကျည်းပင်ကြီးအနီး ထောင်ထားတဲ့ ဝါးစည်းများအကြားက မီးလုံးကြီးတစ်လုံးဟာ အိမ်အတွင်းသို့ဝင်ရောက်လှည့်ပတ်ပြီး ကောင်းကင်ကိုတက်သွားတဲ့ နိမိတ်ဆန်းကြီး ဖြစ်ပေါ်ခဲ့တယ်။ အဲဒီအတိတ်နိမိတ်ကိုအစွဲပြုပြီး ဆရာတော်ကြီးလောင်းလျာရဲ့နာမည်ကို 'မောင်တက်ခေါင်'လို့ မှည့်ခေါ်ခဲ့ကြတယ်။

**အောင်။** ။မောင်တက်ခေါင်ကလေး အသက်ဆယ်နှစ်အရွယ်ရောက်တဲ့အခါ မိဘနှစ်ပါးတို့က စိုင်ပြင်ရွာအတွင်းမှာ တည်ရှိတဲ့ ကျောင်းမတိုက်ဆရာတော်ကြီးထံ မောင်တက်ခေါင်ကလေးကို အပ်နှံပြီး ပညာသင်စေခဲ့တယ်။ ဆူးဆိုတာမျိုးဟာ ဘယ်သူကမှ ချွန်ပေးရတာမဟုတ်ဘူး၊ သူ့အလိုလိုချွန်ပြီးဖြစ်လာသလိုပဲ မောင်တက်ခေါင်ကလေး ဟာလည်း ငယ်စဉ်ကတည်းက ပညာရေးမှာထူးချွန်ခဲ့သတဲ့။ သူများတွေ လေးငါးရက်ကျက်တဲ့စာကို သူက တစ်ရက် နဲ့ကျက်လို့ရတယ်။ နေ့စဉ်အချိန်ရှိသရွေ့ စာပေကိုကျက်မှတ်ရင်းမွေ့လျော်နေခဲ့တယ်။ ကလေးတို့ဘာဝ ကစားခုန်စား ကို မမက်မောဘူးတဲ့။ သင်ကြားပေးတိုင်းတတ်လွယ်လို့ ဉာဏ်ကောင်းတဲ့ မောင်တက်ခေါင်ကလေးကို ဆရာသမား တို့က ချစ်ခင်ချီးမြှောက်ကြသတဲ့။ မောင်တက်ခေါင်အသက်ဆယ့်ငါးနှစ်အရွယ်ရောက်တဲ့အခါ 'သူ့မိ,သူ့ဘ၊ ခွင့်ပြုမှ၊ ပြုရပဗ္ဗဇ္ဇာ'ဆိုတဲ့ ဝိနယသံခိပ်ဆောင်ပုဒ်အတိုင်း မိဘနှစ်ပါးက ကျောင်းမတိုက်ဆရာတော်ကြီးထံမှာ ကြည်ကြည်

ဖြူဖြူနဲ့ ရှင်သာမဏေပြုပေးခဲ့ကြတယ်။ မောင်တက်ခေါင်က အင်္ဂါနေ့ဖွား၊ ဉာဏ်ကလည်း အလံတံခွန်များလို တလူလူတက်လွင့်ပျံနေတာဖြစ်လို့ ဉပဇ္ဈာယ်ဆရာတော်ကြီးက ရှင့်ဘွဲ့ကို 'ရှင်ဉာဏဓဇ'လို့ ပေးတော်မူပါသတဲ့။ ရှင်ဖြစ်လာပြန်တော့လည်း စာပေပရိယတ်မှာထူးချွန်တဲ့ ရှင်ကျော်ပုဂ္ဂိုလ်ဖြစ်ရုံတင်မက၊ အကျင့်သီလဘက်မှာလည်း ပြည့်စုံပြီး ဆရာသမားရဲ့ဝတ်ကို မချွတ်မယွင်း ပြုမူဆောင်ရွက်နိုင်တဲ့ တပည့်ကောင်းအဖြစ် ထင်ရှားကျော်ကြား ပြန်ပါတယ်။ ဒါ့ကြောင့် လယ်တီဆရာတော်ကြီးတို့ အကျင့်သီလမှာ စံပြဖြစ်တော်မူတယ်ဆိုတာ ငယ်စဉ်ရှင်သာမဏေ ဘဝကပဲ သေခိယအစရှိတဲ့ဝိနည်းသိက္ခာပုဒ်ကို ရိုရိုသေသေလေးလေးစားစားနဲ့ ကျင့်သုံးလိုက်နာခဲ့ကြတာမျိုးဖြစ်တယ်။

**အောင်။** ။လယ်တီဆရာတော်လောင်းလျာ ရှင်ဉာဏဟာ မိဘကျေးဇူးဆပ်လိုတဲ့အတွက် သူ့အင်မတန်နှစ်သက်တဲ့ ရှင်ဘဝကိုခေတ္တစွန့်ခဲ့ရသေးတယ်။ ဖြစ်ပုံကဒီလို။ ရှင်သာမဏေဖြစ်ပြီးမကြာခင် ခမည်းတော်က လယ်ယာ လုပ်ငန်းမှာ အကူအညီလိုနေတယ်လို့ ရှင်ဉာဏထံကိုလာပြီးပြောသတဲ့။ အဲဒီအခါ ခမည်းတော်ကြီးတစ်ဦးတည်း ပင်ပန်းဆင်းရဲခံပြီး လုပ်ကိုင်နေတာကိုမကြည့်ရက်တဲ့ ရှင်ဉာဏဟာ အရဟဒ္ဓဇဖန်ရည်ဆိုးစွန်း မြတ်သင်္ကန်းကိုစွန့်ပယ် ကာ ခမည်းတော်ကြီးနှင့်အတူ လယ်ယာလုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ မိဘကျေးဇူးကိုသိတဲ့ သားကောင်း ဖြစ်လို့လဲ တစ်ချိန်သောအခါမှာ 'လယ်တီဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး'လို့ ကမ္ဘာကျော်ခဲ့တာပေါ့။ ကဲ- ကလေးတို့လဲ ကမ္ဘာကျော်အောင် ဂုဏ်သတင်းကြီးမားလိုရင် ဘာလုပ်ရမှာလဲ?။

**ကလေးများ။** ။လယ်တီဆရာတော်ကြီးကဲ့သို့ မိဘကျေးဇူးကိုသိပြီး လက်ငင်းဆပ်နိုင်အောင်ကြိုးစားပါမယ်ဆရာ။

**အောင်။** ။အဲသလို လူဝတ်နဲ့ ခြောက်လလောက် မိဘကိုကူညီပြီး နောက်မှ သာသနာ့ဘောင်ကို ပြန်လည်ရောက်ရှိခဲ့တယ်။ အသက်နှစ်ဆယ်ပြည့်တဲ့ ၁၂၂၈-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက်နေ့မှာ ကျောင်းမတိုက်ဆရာတော်ကြီးကို

ဥပဇ္ဈာယ်ပြုပြီး ကျောင်းမသိမ်မှာပဲ မြင့်မြတ်တဲ့ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါတယ်။ ရဟန်းဖြစ်စ ပထမဝါမှာ စိုင်ပြင်ရွာ ကျောင်းမတိုက် ဥပဇ္ဈာယ်ဆရာတော်ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုနေထိုင်ခဲ့ပြီး၊ ၁၂၂၉–ခုနှစ်မှာ မန္တလေးမြို့ကို ကြွတော်မူခဲ့ပါတယ်။ မန္တလေးမြို့မြောက်ပြင်ရှိ မဟာဇောတိကာရာမ ရတနာဘုံစံကျောင်းတော်မှာ ဝင်ရောက်နေထိုင်ပြီး ပညာသင်ယူခဲ့သတဲ့။ စံကျောင်းတိုက်မှာ စာသင်သားအဖြစ်နဲ့(၆)ဝါ၊ တိုက်စာချအဖြစ်နဲ့(၃)ဝါ၊ ဘုရင့်ဆွမ်းဆန်အထောက်အပံ့ရတဲ့ ပထမစာတော်ချအဖြစ်နဲ့(၇)ဝါ၊ စုစုပေါင်း (၁၆)ဝါ သီတင်းသုံးနေထိုင်ခဲ့ပါတယ်။ ၁၂၄၄–ခုနှစ်မကုန်မီမှာ မန္တလေးမြို့မှ မုံရွာမြို့သို့ ပြန်ကြွတော်မူခဲ့ပါတယ်။ ၁၂၄၉–ခုနှစ်၊ ရဟန်းသိက္ခာ(၂၂)ဝါအရမှာ မုံရွာမြို့မြောက်ဘက်မှာရှိတဲ့ လယ်တီတောရကြီးအတွင်း တောရဆောက်တည်တော်မူခဲ့ပါတယ်။ အဲဒီအချိန်ကစ၍ 'မုံရွာ,လယ်တီ၊ တောရပ်မှီ၊ မထေရ်ဉာဏ်ဇော'ဆိုတဲ့ သံခိပ်လင်္ကာအတိုင်း 'လယ်တီဆရာတော်'ဟု စတင်ထင်ရှားကျော်ကြားခဲ့ပါတယ်။ ကဲ–ကလေးတို့၊ အရှင်ဉာဏကို လယ်တီတောရမှာနေတဲ့အတွက် ဘယ်လိုခေါ်တွင်ခဲ့ကြသတုံး။

**ကလေးများ။** ။'လယ်တီဆရာတော်'လို့ ခေါ်ခဲ့ကြပါတယ်ဆရာ။

**အောင်။** ။လယ်တီဆရာတော်လို့ ထင်ရှားလာချိန်မှစ၍ သီတင်းသုံးဖော်သံဃာတော်များ၏ ဝေယျာဝစ္စများကိုကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာလူမျိုးများဟာ လယ်ယာထွန်ယက်မှုကို ပဓာနထားလုပ်ကိုင်နေကြရ၍ စီးပွားဖက်ကျေးဇူးရှင်ဖြစ်သော နွားကျွဲသတ္တဝါတို့၏အသားကို မသတ်မစားကြဖို့ နွားမေတ္တာစာကို ရေးတော်မူခဲ့ပါတယ်။ သူ့ကျွန်ဘဝရောက်ရှိနေချိန်ဖြစ်လို့ မြန်မာလူမျိုးများ ဘဝနစ်မွန်း ဆင်းရဲခြင်းကိုတာရှည်ဖြစ်စေတတ်တဲ့ အရက်သေစားသောက်စားမှုမပြုကြဖို့ကိုလည်း သေရည်မေတ္တာစာကိုရေး၍တားမြစ်တော်မူခဲ့ပါတယ်။ လောဘကို အားပေး လုံ့လဝီရိယကိုဖျက်ဆီး လူညွန့်တုံးစေတဲ့ လောင်းကစားမှန်သမျှကိုလည်း ရှောင်ကြဉ်ကြဖို့ ထီမေတ္တာစာ

ကိုရေး၍ သတိပေးတော်မူခဲ့ပါတယ်။ ကလေးလူငယ်များ အကျင့်စာရိတ္တကောင်းဖို့အတွက် သုကုမာရမဂ္ဂဒီပနီကျမ်း၊ အဘိဓမ္မာမျက်စိပွင့်ပြီး ဉာဏ်ပညာအထုံရကြစေဖို့အတွက် သင်္ဂြိုဟ်သံခိပ်ကျမ်းစသည်တို့ကို ရေးပေးတော်မူခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့ကြွတော်မူပြီး လူတိုင်းသာသနာနှင့်နီးစပ်အောင် နားလည်နိုင်တဲ့အသုံးအနှုန်းအပြောအဆိုတွေနှင့် တရားဟောပြောဆုံးမတော်မူပါတယ်။ လယ်ထွန်, နွားကျောင်းရင်းဖတ်ရှုနိုင်သော ဒီပနီကျမ်းပေါင်းတစ်ရာကျော်ကိုလည်း ရေးသားတော်မူခဲ့ပါတယ်။ အနောက်နိုင်ငံသားတွေထံသို့ အဖြေကျမ်းစာများရေး၍ ကမ္ဘာ့ဗုဒ္ဓသာသနာအလင်းရောင် ထွန်းပြောင်စေခဲ့ပါတယ်။ တစ်နိုင်ငံလုံးက သာသနာရေးကိစ္စမရှင်းမလင်းသမျှတို့ကို ဖြေကြားရှင်းလင်းသုတ်သင် တော်မူခဲ့ပါတယ်။ အဲသလို လောကအကျိုးသာသနာ့အကျိုးကို ဘုရားသားတော်ကြီးပီပီ မနေမနားသယ်ပိုးဆောင်ရွက် တော်မူ၍ ၁၂၈၅-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅-ရက်၊ သက်တော်(၇၈)၊ သိက္ခာတော်(၅၈)ဝါအရတွင် ဘဝနတ်နန်း စံမြန်းတော်မူခဲ့ပါတယ်။

## သုံးလူ့ရှင်ပင်လင်္ကာပေါ်ပေါက်လာခြင်း

**အောင်။** ။ဆက်လက်၍ သုံးလူ့ရှင်ပင်လင်္ကာပေါ်ထွန်းလာပုံကို ပြောပြဦးမယ်။ ကျေးဇူးရှင်ဆရာတော်ကြီးသည် ၁၂၆၅-ခုနှစ်၊ ကဆုန်လအတွင်း၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်စီရင်အပ်တဲ့ အဘိဓမ္မတ္ထသင်္ဂဟသင်္ဂြိုဟ်ကျမ်းကို မြန်မာဘာသာသံခိပ်လင်္ကာပေါင်း(၆၅၅)ပုဒ်တို့ဖြင့် ပရမတ္ထသံခိပ်အမည်ရှိတဲ့ ကျမ်းတစ်စောင်ကိုပြုစုတော်မူခဲ့ပါတယ်။ အဲဒီပရမတ္ထသံခိပ်ကို လူကြီး,လူငယ်,ကျား,မ မရွေးကျက်မှတ်ခဲ့ကြပါတယ်။ လူကြီးများကိုတော့ သံခိပ်ပါတဲ့အဘိဓမ္မာ သရုပ်တွေ သဘောအဓိပ္ပာယ်တွေကိုပါ ရှင်းပြပေးတော်မူပါတယ်။ လူငယ်များကိုတော့ နှုတ်ရအာဂုံသာဆောင်စေခဲ့ပါတယ်။ သံခိပ်ကျက်မှတ်ကြတဲ့ လူငယ်လူရွယ်အချို့ဟာ သံခိပ်လင်္ကာများကို နှုတ်တက်အာဂုံဆောင်နိုင်ခဲ့ကြသော်လည်း

မြန်မာစာလုံး ပါဠိစာလုံးတို့ကို မဖတ်တတ်ကြကြောင်းကို ဆရာတော်ကြီးသိရှိတော်မူသောအခါ မြန်မာစာလုံးပေါင်း ပါဠိစာလုံးပေါင်းတို့ကို စာလုံးပေါင်းဖတ်ရှုနိုင်စေရန်ရည်သန်ပြီး သင်ပုန်းကြီးသံခိပ်ကျမ်းကို ရေးသားပေးတော်မူခဲ့ပါတယ်။ အဲဒီသင်ပုန်းကြီး သံခိပ်ကျမ်း၏ ပဌမအခန်းမှာ စာလုံးပေါင်းဖတ်တတ်စလူငယ်များ ခပ်သွက်သွက်စာဖတ်နိုင်စေရန် ဖတ်စာအဖြစ် သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာခုနစ်ပုဒ်ကို ရေးသားထည့်သွင်းထားခဲ့ပါတယ်။

**အောင်။** ။သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာများကို ရေးတော်မူစဉ်အခါက ဝေဖန်ကြသေးသတဲ့။ ဝေဖန်ကြပုံက 'မြတ်စွာဘုရားရှင်၏ အလွန်ကြီးကျယ်ခမ်းနားလှသော ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကို တစ်ထွာတစ်ညိုခန့်ရှိသည့် လင်္ကာကလေးဖြင့် ရေးမှရေးတတ်ပလေ'ဟူ၍ဖြစ်ပါတယ်။ လယ်တီဆရာတော်ကြီး၏လက်ရာမွန် ဤ'သုံးလူ့ရှင်ပင်' ဗုဒ္ဓဝင်လင်္ကာတော်ကို လေ့လာကြည့်မှသာ ဝေဖန်သူတို့ဆိုတဲ့အတိုင်း စာဖြစ်ရုံတစ်ထွာတစ်ညိုရေးထားတဲ့လင်္ကာများ ဟုတ်,မဟုတ်ကို ဆုံးဖြတ်နိုင်ကြပါလိမ့်မယ်။ ဒါကြောင့် အင်မတန်ကျယ်ဝန်းတဲ့ ဗုဒ္ဓဝင်အကြောင်းအရာဖြစ်တော်စဉ်ကို ဩဇဂုဏ်မြောက်၊ လေးနက်တဲ့စကားအသုံးအနှုန်းတို့ဖြင့် ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့ဆိုထားသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကို လေ့လာကြည့်ညိုကြပါစို့။ ။

*

## အခန်း [၂]

## အလောင်းတော်မြတ်သန္ဓေယူတော်မူခန်း

**အောင်**။ ။ယခုအချိန်ကစ၍ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကိုလေ့လာကြရအောင်။ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာကိုရတဲ့လူက အလွတ်ဆို၊ မရသေးတဲ့လူက စာအုပ်ကြည့်ဆိုပေါ့ကွယ်၊ ညီညီကလေးသံပြိုင်ဆိုကြကွယ့်။ ကဲ–စ၍ဆိုကြပါ။ ကလေးများ သံပြိုင်ဆိုကြသည်။

သုံးလူ့ရှင်ပင်၊
ကျွန့်ထိပ်တင်
သောင်းခွင်စကြဝဠာ။
နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊
တောင်းပန်မှုကြောင့်၊
ရတုနဂို၊
ရွှမ်းရွှမ်းစိုသည်၊
ဝါဆိုလပြေ့၊

ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊
သန္ဓေယူသည်၊
နတ်လူငြိမ်းဖို့ကိန်းပါကို။ ။

## သုံးလူ့ရှင်ပင်

**အောင်။** ။ဒီလင်္ကာရဲ့အစဖြစ်တဲ့ 'သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်'ဆိုတာက 'အို...မြတ်စွာဘုရား'လို့ ရှေးဦးအစခေါ်လိုက်တဲ့ အာလုပ်စကားပဲကွယ်။ အာလုပ်စကားဆိုတာ ပါဠိလို 'အာလပန'၊ ပါဠိမြန်မာဝေါဟာရဖြင့် 'အာလုပ်'၊ အဓိပ္ပာယ်က 'တစ်ဦးတစ်ယောက်ကို ဦးတည်၍ခေါ်လိုက်ခြင်း'ဖြစ်ပါတယ်။ ပါဠိမှာတော့ 'ဘန္တေ'၊ 'အာယသ္မာ'၊ 'အာဝုသော'၊ 'ဘော' စသည်ဖြင့်ရှိတယ်ကွယ့်။

**အောင်။** ။'သုံးလူ့'ဆိုတာက 'လူ,နတ်,ဗြဟ္မာသုံးပါး'ကိုဆိုလိုတယ်။ 'လူ့'ဆိုတာက 'လူ၏'ပေါ့။ (့)အောက်မြစ်ဟာ '၏'နဲ့ အဓိပ္ပာယ်အတူတူပါပဲ။ ဒါကြောင့် 'သုံးလူ့'ဟာ 'သုံးလူ၏'ပါပဲ။ လူ,နတ်,ဗြဟ္မာသုံးပါးရှိရာမှာ အစဖြစ်တဲ့ 'လူ'တစ်မျိုးကိုသာဖော်ပြပြီး 'သုံးလူ့'ကိုရေးထားတဲ့အဲဒီရေးနည်းကို 'ရှေ့တစ်မျိုးကိုသာဖော်ပြသောရေးနည်း(=အာဒိဒီပကနည်း)'လို့ခေါ်တယ်။ 'ရှင်'ကတော့ 'အရှင်သခင်'စသည်ဖြင့် အမွန်အမြတ်ထားသုံးတဲ့စကားဖြစ်ပါတယ်။ ဒါကြောင့် 'သုံးလူ့ရှင်ပင်'ဆိုတာ 'လူ,နတ်,ဗြဟ္မာတို့၏ အရှင်သခင်ဖြစ်တော်မူသော မြတ်စွာဘုရား'လို့ အဓိပ္ပာယ်ရပါတယ်။ နောက်ပြီး 'လူ,နတ်,ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကိုခံယူတော်မူထိုက်သော ရှင်ပင်ဘုရား'လို့ ဆိုနိုင်ပါတယ်။

**အောင်**။ ။'ကျွန့်'ဆိုတာက 'ကျွန်ုပ်၏,အကျွန်ုပ်၏,အကျွန်၏,ဘုရားတပည့်တော်'လို့ဆိုလိုပါတယ်။ 'ကျွန့်'မှာပါတဲ့ အောက်မြစ်(့)ဟာလဲ'၏'နဲ့အတူတူပါပဲ။ 'ကျွန်ုပ်၏'ဟုပြောရမယ့်နေရာမှာ 'ကျွန့်'လို့ '၏'ဝိဘတ်ကို ချေပြီး သုံးလိုက်တော့ ရွတ်ဆိုရလွယ်စေတဲ့သဘော(သုခုစ္စာရဏ)ဖြစ်တာပေါ့။ 'ကျွန့်'ကို 'ထိပ်တင်'နဲ့ တွဲလိုက်တော့ 'ဘုရားတပည့်တော်၏ ဦးထိပ်ထက်၌တင်ထားအပ်ပါသော'လို့ အဓိပ္ပာယ်ရတယ်။ အဲဒီ 'သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်' ဆိုတဲ့နှစ်ပုဒ်ကိုပေါင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုကြည့်ကြစမ်းပါ။

**ကလေးများ**။ ။'လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏အရှင်ဖြစ်တော်မူ၍၊ ဘုရားတပည့်တော်၏ဦးထိပ်ထက်၌ ကိန်းဝပ်တည်နေတော်မူပါသော မြတ်စွာဘုရား'ပါ...ဆရာ။

## စကြဝဠာ

**အောင်**။ ။ဟုတ်ပါပြီ။ 'သောင်းခွင်စကြဝဠာ'ကို ဆက်ပြောမယ်။ 'စကြဝဠာ'ဆိုတာ အကြမ်းမှတ်ထားဖို့ကတော့ ကျွန်းကြီးလေးကျွန်းနဲ့ မြင်းမိုရ်တောင်တစ်ခုပါဝင်တဲ့ အစုအဝေးကို စကြဝဠာလို့ခေါ်ပါတယ်။ အဲဒီလို လေးကျွန်းတစ်မြင်းမိုရ်ပါဝင်တဲ့ စကြဝဠာတွေကအများကြီးရှိတယ်ကွယ့်။ 'သောင်းခွင်စကြဝဠာ'ဆိုတော့ 'လေးကျွန်းတစ်မြင်းမိုရ်ပါရှိသော စကြဝဠာအပေါင်းတစ်သောင်း'လို့ယူနိုင်ပါတယ်။ ဒီစကြဝဠာတစ်သောင်းတို့ဟာ ဖြစ်တုန်းကလည်းအတူတူ၊ ပျက်တော့လည်းအတူတူ၊ ပြီးတော့ ဒီစကြဝဠာတစ်သောင်းတို့ဟာ (၁) မြတ်စွာဘုရားအလောင်း ဖွားတော်မူတဲ့အခါ၊ (၂) တောထွက်တော်မူတဲ့အခါ၊ (၃) မြတ်စွာဘုရားအဖြစ်သို့ရောက်တော်မူတဲ့အခါ၊ (၄) ဓမ္မစကြာတရားတွေကို ဟောတော်မူတဲ့အခါတွေမှာ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် တစ်ပြိုင်တည်း အတူတူ လှုပ်ခဲ့ကြတာဖြစ်တယ်။

## ညီညာရုံးစု၊ တောင်းပန်မှုကြောင့်

**အောင်။** ။အဲဒီလို ဖြစ်အတူပျက်အတူရှိခဲ့ကြတဲ့ စကြဝဠာတိုက်ပေါင်းတစ်သောင်းမှာ နတ်တွေဗြဟ္မာတွေများစွာ ရှိကြသတဲ့။ အဲဒီစကြဝဠာတိုက်ပေါင်းတစ်သောင်းမှာနေကြတဲ့ နတ်ဗြဟ္မာတွေဟာ စုရုံးညီညာရောက်ရှိလာကြပြီး တောင်းပန်ကြသတဲ့။ ဘယ်နေရာမှာ ဘယ်သူ့ကို တောင်းပန်ကြတယ်ဆိုတာ ပေါ်လွင်သွားအောင် ဒီနေရာမှာ စကားအဆက်အစပ်ဖြည့်ပြီး ပြောဖို့လိုလာပါတယ်။ တို့ရဲ့ကိုးကွယ်အားထားရာ ဂေါတမမြတ်စွာဘုရားအလောင်းတော်ဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို အပြည့်အစုံဖြည့်ပြီးလို့ နောက်ဆုံးပါရမီဖြည့်ရာဘဝဖြစ်တဲ့ ဝေဿန္တရာမင်းအဖြစ်ကနေ ဘဝပြောင်းတော့ တုသိတာနတ်ပြည်မှာ သေတကေတုအမည်ရှိတဲ့ နတ်မင်းသွားဖြစ်ပါတယ်။ အဲဒီသေတကေတုနတ်မင်းဟာ နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းကြာအောင် နတ်စည်းစိမ်ကို ခံစားနေတုန်း စကြဝဠာတိုက်တစ်သောင်းမှာနေကြတဲ့ နတ်ဗြဟ္မာအပေါင်းတို့က အလောင်းတော်နတ်မင်းရှိရာ တုသိတာနတ်ပြည်ကို စုရုံးညီညာရောက်ရှိလာကြပြီး 'အလောင်းတော် အရှင်နတ်သား၊ ဘုရားဖြစ်ရန် ချိန်တန်ပါပြီ၊ လူ့ပြည်၌ ပဋိသန္ဓေနေ၍ ဘုရားအဖြစ် ယူတော်မူပါ'လို့ ရိုသေစွာတောင်းပန်ကြသတဲ့။

## ကြည့်ခြင်းကြီးငါးပါး

**အောင်။** ။နတ်ဗြဟ္မာအပေါင်းတို့က လူ့ပြည်၌ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော်မူပါရန် တောင်းပန်ကြတဲ့အခါ အလောင်းတော်နတ်သားဟာ ချက်ချင်းဝန်ခံချက်မပေးဘဲ ကြည့်ခြင်းကြီးငါးပါးတို့နှင့် ကြည့်တော်မူပါတယ်။ ကြည့်ခြင်းကြီးငါးပါးဆိုတာက–

၁။ အခါကာလကိုကြည့်ခြင်း။ လူတို့ရဲ့အသက် အနှစ်တစ်သိန်းတမ်းကနေပြီး အောက်ကို အနှစ်တစ်ရာတမ်းတဲ့၊ အဲဒီကာလအတွင်းမှာသာ ဘုရားဖြစ်ရန်အချိန်အခါဖြစ်တဲ့အတွက် အဲဒီအခါရောက်ပြီလားလို့ ကြည့်တော်မူပါတယ်။

၂။ ကျွန်းကိုကြည့်ခြင်း။ ကျွန်းကြီးလေးကျွန်းတွင် ဇမ္ဗူဒီပတောင်ကျွန်းမှာသာ ဘုရားပွင့်ရိုးဖြစ်လို့ အဲဒီကျွန်းကို ကြည့်တော်မူပါတယ်။

၃။ ဒေသကိုကြည့်ခြင်း။ ဇမ္ဗူဒီပတောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသခေါ် အိန္ဒိယပြည်၌သာ ဘုရားပွင့်ရိုးဖြစ်လို့ အဲဒီမဇ္ဈိမဒေသကို ကြည့်တော်မူပါတယ်။

၄။ အမျိုးကိုကြည့်ခြင်း။ မဇ္ဈိမဒေသမှာလည်း ခတ္တိယမင်းမျိုးနဲ့ ဗြာဟ္မဏပုဏ္ဏားမျိုးတို့မှာသာ ဘုရားဖြစ်ရိုးရှိလို့ အဲဒီအမျိုးဇာတ်ကိုလည်း ကြည့်တော်မူပါတယ်။

၅။ မယ်တော့်အသက်ကိုကြည့်ခြင်း။ သန္ဓေကိန်းရမယ့် မယ်တော်ဟာ သီလစင်ကြယ်ရမယ်၊ ဖွားတော်မူပြီးနောက် ခုနစ်ရက်အကြာမှာ နတ်ရွာစံရမှာဖြစ်လို့ မယ်တော်၏အသက်တမ်းကို ကြည့်တော်မူပါတယ်။ အဲသလိုကြည့်ခြင်းကြီးငါးပါးကို အစုံအလင်ကြည့်တော်မူပြီးတဲ့နောက် ပြည့်စုံပြီဆိုမှ အလောင်းတော်နတ်သားက 'ဘုရားဖြစ်ဖို့ရန် လူ့ပြည်၌ပဋိသန္ဓေယူတော်မူမယ်'လို့ နတ်ဗြဟ္မာအပေါင်းတို့ကို ဝန်ခံကတိပြုတော်မူပါတယ်။

ရတုနဂို

**အောင်**။ ။လင်္ကာကို ဆက်ဆိုကြရအောင်။ 'ရတုနဂို၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြေ့၊ ကြွက်မင်းနေ့ဝယ်'တဲ့။

'ရတုနဂို'ဆိုတာက 'ရတု'ရော'နဂို'ပါ ပါဠိစကားလုံးတွေချည်းပဲ။ 'ရတု'က'ရာသီဥတု၊ အချိန်အခါ'လို့ အဓိပ္ပာယ်ရတယ်။ 'နဂို'က'သူ့မူလအခြေခံသဘော'လို့အဓိပ္ပာယ်ရတယ်။ 'နဂို'ကို'သူ့နဂို,မူလ,ပင်ကိုယ်အတိုင်း'လို့ သုံးနှုန်းတာမျိုးရှိပါတယ်။ ဒါကြောင့် 'ရတုနဂို'ဆိုတာဟာ 'ဥတုကာလရဲ့ သူ့သဘာဝအတိုင်း'လို့အဓိပ္ပာယ်ရပါတယ်။

## ရွှမ်းရွှမ်းစို

**အောင်။** ။'ရွှမ်းရွှမ်းစို'ဆိုရာမှာ 'စို'တာနဲ့'ရွှမ်း'တာဟာ အနက်တူပါတယ်။ 'စိုစွတ်တာ'ကိုပြောတချည်းပါပဲ။ ကဝိလက္ခဏာသတ်ပုံမှာ 'ပဲနောက်ပဲလွမ်း၊ စိုရွှမ်းရွှမ်း၊ ဆီဆမ်းသည့်နှယ်လှိုင်'လို့ပြထားတယ်။ ဒီတော့ကာ 'ရတုနဂို၊ ရွှမ်းရွှမ်းစို'ဆိုတာ 'စိုစွတ်သောသဘာဝရှိသည့် ရာသီဥတုအခါကာလ'လို့ အဓိပ္ပာယ်ရပါတယ်။

## ဝါဆိုလပြည့်

**အောင်။** ။'ရတုနဂို၊ ရွှမ်းရွှမ်းစိုသည့်၊ ဝါဆိုလပြေ့'လို့ ဆိုလိုက်တော့ 'စိုစွတ်သောသဘာဝရှိတဲ့ မိုးဦးကျစအခါ ဝါဆိုလပြည့်နေ့'လို့ အဓိပ္ပာယ်အပြည့်အစုံ ကောက်ယူလို့ရသွားပါတယ်။

## ကြွက်မင်းနေ့

**အောင်။** ။အဲဒီ ဝါဆိုလပြည့်နေ့ဟာ ပြက္ခဒိန်အလိုအရ ကြာသပတေးနေ့ဖြစ်တယ်။ 'ကြာသပတေးနေ့'ကို 'ကြွက်မင်းနေ့'လို့ ဒီနေရာမှာဆိုပါတယ်။ တို့မြန်မာယဉ်ကျေးမှုမှာ တနင်္ဂနွေ၊ တနင်္လာစတဲ့နေ့ခုနစ်နေ့ကို နံကောင်ဂြိုဟ်ရုပ်တွေနဲ့ မှတ်ထားခဲ့ကြပါတယ်။

## နံကောင်ခုနစ်ကောင်နှင့် နေ့ခုနစ်နေ့

**အောင်။** ။ဒီလိုမှတ်ယူကြရာမှာ မြန်မာ့ယဉ်ကျေးမှုသက်သက်ချည်းတော့ မဟုတ်ပါဘူး၊ ဟိန္ဒူယဉ်ကျေးမှုရဲ့ လွှမ်းမိုးမှုကလည်းပါဝင်တာပေါ့။ တနင်္ဂနွေကို ဂဠုန်ရုပ်၊ တနင်္လာကို ကျားရုပ်၊ အင်္ဂါကို ခြင်္သေ့ရုပ်၊ ဗုဒ္ဓဟူးကို ဆင်ရုပ်၊ ကြာသပတေးကို ပူးရုပ်၊ စနေကို နဂါးရုပ်(သို့မဟုတ်)မြွေရုပ်စသည်ဖြင့် အဲသလို နေ့ခုနစ်နေ့ကို နံကောင်ခုနစ်ကောင်နဲ့ ဖက်တွဲပြီး မှတ်သားထားရပါတယ်။ အဲဒီလို နံကောင်မှတ်သားပုံကို မှတ်ရန်လွယ်ကူစေဖို့ သင်ပုန်းကြီး သံခိပ်ကျမ်းမှာ လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူခဲ့တဲ့ နံကောင်ရုပ်များနှင့် ဂြိုဟ်သက်လင်္ကာကလေးကို ဖော်ပြပါမယ်။

### နံကောင်ရုပ်များနဲ့ဂြိုဟ်သက်လင်္ကာ

* ဂဠုန်,ကျား,ခြင်၊ ဆင်,ကြွက်,ပူး,မြွေ၊ ဟိုင်း–ရှစ်ထွေ၊ မှတ်လေဂြိုဟ်ရှစ်ပါး။
* ဂဠုန်–သံရ၊ က–တနင်္လာ၊ စ–အင်္ဂါ၊ ဌ,တာ–စနေဗြား။
* ကြွက်မူ–ပ,မ၊ ဟိုင်း–ယ,ရ၊ လ,ဝ–ဆင်မှတ်သား။
* သ,ဟ–သောကြာ၊ ဂြိုဟ်ရှစ်ဖြာ၊ ဒိသာရှစ်ရပ်ထား။
* ဂဠုန်,ကျား,ခြင်၊ ဆင်,မြွေ,ကြွက်,ဟိုင်း၊ ပူး–စဉ်တိုင်၊ ဝိုင်းလေရှေ့မြောက်က။
* ခြောက်,ဆယ့်ငါး,ရှစ်၊ ဆယ့်ခုနစ်၊ ဆယ်နှစ်,ဆယ်ကိုးမျှ။
* ဆယ်နှစ်,နှစ်ဆယ့်တစ်၊ ရှစ်ရပ်မျက်နှာ၊ စဉ်အလာ၊ သင်္ချာဂြိုဟ်သက်ချ။

## ဂြိုဟ်ရှစ်ပါးသံပေါက်အရေဇယား

| ဂြိုဟ် | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု |
|---|---|---|---|---|---|---|---|---|
| ဂဏန်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| အက္ခရာ | သရ (၈)လုံး | က–ဝဂ် (၅)လုံး | စ–ဝဂ် (၅)လုံး | လ–ဝ (၂)လုံး | ပ–ဝဂ် (၅)လုံး | သ,ဟ (၂)လုံး | န–ဝဂ်(၅)လုံး တ–ဝဂ်(၅)လုံး ပေါင်း=(၁၀)လုံး | ယ,ရ (၂)လုံး |
| အရပ် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် | မြောက် တောင် | အနောက် မြောက် | အနောက် |
| ဂြိုဟ်သက် | ၆–နှစ် | ၁၅–နှစ် | ၈–နှစ် | ၁၇–နှစ် | ၁၉–နှစ် | ၂၁–နှစ် | ၁၀–နှစ် | ၁၂–နှစ် |
| ဂြိုဟ်စီး | ဂဠုန် | ကျား | ခြင်္သေ့ | ဆင် | ကြွက် | ပူး | မြွေ,နဂါး | ဟိုင်း |
| ဂြိုဟ် | ပါပဂြိုဟ် | သောမဂြိုဟ် | ပါပဂြိုဟ် | သောမဂြိုဟ် | သောမဂြိုဟ် | သောမဂြိုဟ် | ပါပဂြိုဟ် | ပါပဂြိုဟ် |
| ကောင်း | – | ကောင်း | – | ကောင်း | ကောင်း | ကောင်း | – | – |
| မကောင်း | မကောင်း | – | မကောင်း | – | – | – | မကောင်း | မကောင်း |

## ပြေ–နေ–မြေကာရန်ယူပုံ

**အောင်။** ။ဒီနေရာမှာ မှတ်သားဖို့က 'ဝါဆိုလပြေ၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ'လို့စပ်ဆိုထားတဲ့စပ်ထုံးပဲ။ သတ်ပုံအမှန်က 'ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ'ဒီလိုဖြစ်ရမယ်။ အဲဒီလို 'ပြည့်–နေ့–မြေ့'လို့စပ်ပြန်တော့လဲ စပ်ရိုးကမရှိပြန်ဘူး။ တစ်ခါ 'ပြည့်'ကိုအမှန်ထားပြီး 'ပြည့်–နည့်–မြည့်'လို့လဲမစပ်နိုင်ပြန်ဘူး။ လယ်တီဆရာတော်ကြီးဟာ ကဗျာလင်္ကာစပ်ဆိုရာမှာ စာဆိုကဝိကဗျာပါမောက်တစ်ဆူဖြစ်တော်မူပါတယ်။အစဉ်အလာ စပ်ရိုးစပ်နည်းတွေကိုသိတော်မူပြီးပါပဲ။ ဒါပေမယ့်ဒီနေရာမှာတော့ ကျောင်းသားလူငယ်တွေရဲ့အသိဉာဏ်ထဲ တန်းခနဲ စိုက်ခနဲရောက်သွားအောင် စာသံပေသံကိုမသုံးဘဲ ရပ်သုံးရွာသုံးစကားနဲ့ရေးလိုက်တာဖြစ်တယ်။ ဒီလိုရေးစပ်ပုံများကို လူထုသုံးကဗျာဖြစ်တဲ့ လေးချိုး၊ ဒွေးချိုး၊ သံချို၊ လေးဆစ်၊ လွမ်းချင်းစတာတွေမှာ တွေ့ရတတ်ပါတယ်။

## သန္ဓေယူတော်မူပုံ

**အောင်။** ။လင်္ကာဆက်ဆိုကြပါ။ 'ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်'တဲ့။ ဒီနေရာမှာ ဆိုလိုရင်းအဓိပ္ပာယ်ပေါ်လွင်စေဖို့ စကားအဆက်အစပ်ရှိစေရန် ဗုဒ္ဓဝင်ကျမ်းများမှာလာတဲ့ အလောင်းတော်မြတ် သန္ဓေယူတော်မူပုံ အကြောင်းကို ထည့်သွင်းပြောရပါလိမ့်မယ်။

**အောင်။** ။တုသိတာနတ်ပြည်မှာ စံနေတော်မူတဲ့ အလောင်းတော်သေတကေတုနတ်သားဟာ စကြဝဠာတိုက် တစ်သောင်းမှ စုရုံးညီညာရောက်ရှိလာကြတဲ့ နတ်ဗြဟ္မာအပေါင်းတို့၏ ဘုရားဖြစ်တော်မူပါလို့ တောင်းပန်ကြသောစကားကို ဝန်ခံတော်မူပြီးတဲ့နောက်၊ နတ်သက်ကြွေရန် အချိန်ကာလစေ့ရောက်တဲ့အခါ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဓနမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီး သီရိမဟာမာယာဒေဝီကလဲ အသက်ငါးဆယ်ပြည့်၍ တတိယအသက်

ပိုင်းကို ဝင်စအချိန်ဖြစ်ပါတယ်။ အဲဒီလို အသက်တော်ငါးဆယ့်ငါးနှစ်နှင့်လေးလခန့်ရှိတော်မူပြီဖြစ်တဲ့ မယ်တော် မာယာဒေဝီဟာ ဝါဆိုလပြည့်နေ့မှာ နံနက်စောစောထ၍ နံ့သာရေမိုးချိုး၊ သီတင်းသီလဆောက်တည်၊ အလှူဒါနပြုပြီး ကျက်သရေရှိတဲ့တိုက်ခန်းမှာ အိပ်စက်တော်မူနေပါတယ်။ အဲဒီလိုတိုက်ခန်းမှာ အိပ်စက်နေစဉ် မယ်တော်ဟာ ထူးခြားတဲ့အိပ်မက်ကို မြင်မက်တော်မူပါတယ်။ မက်ပုံက–စတုမဟာရာဇ်နတ်မင်းကြီးလေးဦးဟာ ကျက်သရေရှိတဲ့ တိုက်ခန်းထဲမှာအိပ်စက်နေတဲ့ မယ်တော်မာယာကို သလွန်နဲ့တကွထမ်းဆောင်ချီမ,ယူသွားကြပြီး၊ ဟိမဝန္တာ အနဝတတ် အိုင်အနီး အင်ကြင်းပင်ကြီးအောက်မှာ သွား၍ထားကြတယ်။ နတ်မင်းကြီးလေးဦးရဲ့ နတ်မိဖုရားလေးဦးတို့က မယ်တော်မာယာကို အနဝတတ်အိုင်သို့ခေါ်ဆောင်သွားကြပြီး ရေချိုးပေးကြ၊ နတ်ဝတ်တန်ဆာဝတ်ဆင်ပေးကြ၊ နတ်ပန်းနံ့သာလိမ်းကျံပေးကြပြီး၊ အနဝတတ်အိုင်အနီးရှိ ငွေတောင်ကြီးအတွင်း ရွှေဗိမာန်တိုက်ခန်းမှာ အရှေ့အရပ် ကိုခေါင်းပြုလို့ အိပ်စက်စေပါသတဲ့။ အဲဒီအချိန်မှာ ဆင်ဖြူတော်တစ်စီးပေါ်ထွက်လာပြီး ငွေတောင်အတွင်းမှာ အိပ်စက်နေသော မယ်တော်မာယာကို လက်ယာရစ်လှည့်လည်ကာ မယ်တော်၏လက်ယာနံပါးကိုဖောက်၍ ဝမ်းကြာ တိုက်အတွင်းသို့ ဝင်သွားပါသတဲ့။ အဲသလိုမယ်တော်မာယာအိပ်မက်မြင်နေစဉ်မှာပဲ တုသိတာနတ်နန်းမှာစံနေတဲ့ သေတကေတုနတ်သားကလဲ နတ်သက်ကြွေ၍စုတေခဲ့ပြီး မယ်တော်၏ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူတော်မူပါတယ်။

## ချမ်းမြေ့ကြည်ဖြူ သန္ဓေယူ

**အောင်**။ ။ဆက်ပြီး 'ချမ်းမြေ့ကြည်ဖြူ'ကိုရှင်းပြပါမယ်။ အမှန်တော့ သန္ဓေယူတယ်ဆိုတာ ဆင်းရဲကြောင်းပါပဲ။

ဒီနေရာမှာ လယ်တီဆရာတော်ကြီးက ဘာကြောင့် 'ချမ်းမြေ့ကြည်ဖြူ'ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲတော် မူခဲ့ပါလဲဆိုတာ စဉ်းစားဖွယ်ဖြစ်ပါတယ်။

**အောင်**။ ။အခြားသောသတ္တဝါတို့ ပဋိသန္ဓေယူတဲ့အခါ အမိ၏အစာဟောင်းအိမ်ပေါ်မှာထိုင်ပြီး အစာသစ်အိမ်ကို ခေါင်းနဲ့ရွက်၊ အမိဝမ်းရေကိုနောက်မှီပြု၊ လက်ကလေးနှစ်ဖက်ဆုပ်၍ ထိုလက်ဆုပ်နှစ်ခုပေါ် မေးတင်ကာ သစ်ခေါင်းမှာ အောင်းနေတဲ့မျောက်အိုလို ဆောင့်ကြောင့်ထိုင်နေတဲ့ပုံမျိုးနဲ့ ဆင်းဆင်းရဲရဲသန္ဓေတည်ကြရပါတယ်။ အလောင်းတော်မှာတော့ အမိဝမ်းတွင်းမှာ တရားဟောပလ္လင်ပေါ်ထိုင်ပြီးနေတဲ့ ဓမ္မကထိကအသွင် တင့်တယ်ချမ်းမြေ့စွာ တင်ပလ္လင်ခွေထိုင်ပြီး တည်တော်မူတာကြောင့် ဘုရားအလောင်းတော်၏ မယ်တော်ဝမ်းတွင်းမှာ သန္ဓေယူတော်မူပုံဟာ အလွန်ချမ်းသာနေပါတယ်။ မယ်တော်မှာလည်း အလောင်းတော်မြတ်၏သန္ဓေယူမှုကြောင့် ဆင်းရဲပင်ပန်းခြင်းမရှိပါဘူး။ အဲသလိုသားရောအမိပါ ဆင်းရဲမှုမရှိကြတဲ့အတွက် လယ်တီဆရာတော်ကြီးက 'ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်'လို့ စပ်ဆိုတာဖြစ်ပါတယ်။

## နတ်လူငြိမ်းဖို့ ကိန်းပါကို

**အောင်**။ ။အလောင်းမြတ်မယ်တော်၏ဝမ်းကြာတိုက်၌ သန္ဓေယူတော်မူခြင်းသည် လူ,နတ်,ဗြဟ္မာသတ္တဝါအပေါင်း တို့အား ဖြစ်ထွန်းလာမည့်အကျိုးတွေကိုရည်ရွယ်၍ လယ်တီဆရာတော်ကြီးက 'နတ်လူငြိမ်းဖို့ ကိန်းပါကို'လို့ စပ်ဆိုတော်မူထားပါတယ်။ ဒီစာပိုဒ်မှာ 'ငြိမ်း'ဟာ'ပူလောင်ခြင်း၊ဆင်းရဲခြင်း၊လှုပ်ရှားထကြွခြင်း၊နှောင့်ယှက်ခြင်းစသည်တို့မှ ရပ်စဲကင်းဝေးသည်၊ အေးချမ်းသည်၊ ချမ်းသာသည်၊ ငြိမ်ဝပ်သည်၊ ငြိမ်သက်သည်'စတဲ့အနက်တွေကိုရကြောင်းကို တက္ကသိုလ်မြန်မာအဘိဓာန်(စာမျက်နှာ-၆၆၈)မှာပြထားပါတယ်။ လူ,နတ်,ဗြဟ္မာ သုံးလောကသားများမှာ မီးဆယ့်တစ်မီးဆိုတဲ့ လောင်ကျွမ်းမှုဆယ့်တစ်မျိုးရှိတယ်။ အဲဒီဆယ့်တစ်မီးက (၁) ရာဂမီး=အလိုရမ္မက်မီး။ (၂) ဒေါသမီး= ပြစ်မှားပုတ်ခတ်တဲ့မီး။ (၃) မောဟမီး=အမှန်မသိမှုမီး။ (၄) ဇာတိမီး=ပဋိသန္ဓေနေရမှုမီး။ (၅) ဇရာမီး=အိုရမှုမီး။

(၆) မရဏမီး=သေဆုံးပျက်စီးမှုမီး။ (၇) သောကမီး=စိုးရိမ်ပူဆွေးမှုမီး။ (၈) ပရိဒေဝမီး=ငိုကြွေးရှိက်ငင်ပင်ပန်းမှုမီး။ (၉) ဒုက္ခမီး=ကိုယ်ဆင်းရဲမှုမီး။ (၁၁) ဒေါမနဿမီး=စိတ်ပင်ပန်းဆင်းရဲမှုမီး။ (၁၁) ဥပါယာသမီး=ဆို့တက်မေ့မြောမှုမီးတွေပဲဖြစ်တယ်။ အဲဒီတစ်ဆယ့်တစ်မီးငြိမ်းလျှင် သတ္တဝါတွေမှာ ချမ်းသာမှုဖြစ်တာပါပဲ။ ဒါပေမယ့် ဒီဆယ့်တစ်မီးဟာ နိဗ္ဗာန်မဂ်ဖိုလ်ကိုမျက်မှောက်ပြုနိုင်မှ အပြီးတိုင်ငြိမ်းအေးနိုင်မှာဖြစ်တယ်။ နိဗ္ဗာန်မဂ်ဖိုလ်ဆိုတာကလည်း မြတ်စွာဘုရားရှင်တို့ ပွင့်ထွန်းတော်မူသောအခါမှသာမျက်မှောက်ပြုရတဲ့တရားဖြစ်ပြန်တော့ မြတ်စွာဘုရားရှင်တို့ပွင့်တော်မူမည်ဆိုပါက သတ္တဝါတို့၏သန္တာန်မှာဖြစ်နေတဲ့ တစ်ဆယ့်တစ်မီးသောမီးတို့ငြိမ်းဖို့ရာအကြောင်းဖြစ်လာပြီလို့ဆိုရပါမယ်။

**အောင်။** ။ဒီနေရာမှာ 'ကိန်း'ဆိုတဲ့စကားလုံးသုံးထားပုံကိုသတိပြုကြပါ။ 'ကိန်း'ဆိုတာ ဒီနေရာမှာ 'ဆိုက်ရောက်ကြုံကြိုက်တော့မယ်'ဆိုတဲ့အနက်ရှိပါတယ်။ ဒါ့ကြောင့် 'နတ်လူငြိမ်းဖို့ ကိန်းပါကို'ဆိုတာဟာ 'အလောင်းမြတ် ဘုရားအဖြစ်ပွင့်တော်မူရန် သန္ဓေယူတော်မူခြင်းသည် လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် မီးဆယ့်တစ်မီးငြိမ်းဖို့ရာအကြောင်းဖြစ်ပေါ်တော့မယ်'ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။

**အောင်။** ။'ဘုရားရှင်ဟာ ပွင့်ပင်မပွင့်သေး၊ သန္ဓေယူတော်မူရုံနဲ့ သတ္တဝါတွေငြိမ်းအေးဖို့ဖြစ်လာနိုင်ပါ့မလား'ဆိုတဲ့အချက်ကိုဆွေးနွေးရန်ဖြစ်လာပါတယ်။ အလောင်းတော်မြတ်သန္ဓေယူတဲ့အချိန်မှာ ဓမ္မနိယာမလို့ခေါ်တဲ့ အလွန်ထူးခြားဆန်းကြယ်အံ့သြဖွယ်ကောင်းတဲ့ ပုဗ္ဗနိမိတ်ကြီး(၃၂)မျိုးဖြစ်ပေါ်လာသတဲ့။ အဲဒီပုဗ္ဗနိမိတ်ထဲမှာ မျက်စိကန်းသူတွေ မျက်စိမြင်လာတယ်၊ နားပင်းနေသူတွေက နားပြန်ကြားလာတယ်၊ စကားမပြောနိုင် ဆွံ့အ,နေသူတွေ စကားပြောနိုင်လာတယ်။ ငရဲဘုံမှာလဲ ဆာလောင်ခြင်းကင်းသွားသတဲ့။ ရောဂါအနာရှိသူတွေမှာလဲ ရောဂါတွေပျောက်ကင်းချမ်းသာသွားကြသတဲ့။ သတ္တဝါတွေဟာ တစ်ဦးကိုတစ်ဦးမလိုမုန်းထားမရှိကြဘဲ တစ်ဦးကိုတစ်ဦးကြည်နူး

ချစ်ခင်ဖွယ်မေတ္တာစကားကိုသာပြောဆိုကြသတဲ့။ အဲဒီလိုပုဗ္ဗနိမိတ်(၃၂)ပါးဖြစ်ပေါ်လာတဲ့အကြောင်းကိုထောက်ရှုံမျှဖြင့်ပင် အလောင်းတော်မြတ်သန္ဓေယူတော်မူတဲ့အချိန်ကလေးမှာ သတ္တဝါတွေ ဘယ်မျှငြိမ်းအေးမှုတွေရကြမယ်ဆိုတာကို သိနိုင်ပါတယ်။ ဒါကြောင့် အလောင်းတော်မြတ် ဧကန်ပွင့်တော်မူလာပါက သတ္တဝါအပေါင်းချမ်းသာကြောင်းဖြစ်မည်မှန်သောကြောင့် လယ်တီဆရာတော်ကြီးက 'နတ်လူငြိမ်းဖို့ ကိန်းပါကို'ဟု စပ်ဆိုတော်မူခြင်းဖြစ်ပါတယ်။

## 'ကို'ဟူသောအသုံးအနှုန်း

**အောင်။** ။ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်လင်္ကာတွင် အချပိုဒ်များမှာ 'နတ်,လူငြိမ်းဖို့ ကိန်းပါကို'၊ 'နတ်,လူအောင်မြို့လမ်းပါကို'၊ 'စုံမြိုင်ပင်ရိပ် ခန်းမှာကို'၊ 'သုံးဖော်လူတို့ ငြိမ်းပါကို'၊ 'ဝှန်းဆူသောင်းလုံး ကျော်တယ်ကို'၊ 'မွေတော်ရှစ်စိတ် ကြွင်းတယ်ကို'လို့ 'ကို'ဆိုတဲ့အသုံးကို တွင်တွင်သုံးနှုန်းထားပါတယ်။ လယ်တီဆရာတော်ကြီးသုံးနှုန်းတော်မူထားတဲ့ 'ကို'ဟာ ဘယ်အဓိပ္ပာယ်ရှိတယ်ဆိုတာ ရှင်းပြပါဦးမယ်။

**အောင်။** ။'ကို'ဆိုတာ သဒ္ဒါအနေဖြင့်ပြောရရင် 'ပြုလုပ်ခြင်းခံရသူကိုညွှန်ပြတဲ့ ဝိဘတ်စကားလုံး'ဖြစ်ပါတယ်။ ပါဠိလို ကမ္မကာရကဝိဘတ်ဖြစ်ပါတယ်။ ကြိယာကိုလေးနက်စေအောင် သုံးနှုန်းတာမျိုးလဲရှိပါတယ်။ မြန်မာစာပေမှာတော့ ပျို့ကဗျာတွေရဲ့ အချမှာသုံးစွဲတဲ့ ကြိယာခြောက်ဆယ်ဆိုတာရှိပါတယ်။ အဲဒီကြိယာခြောက်ဆယ်မှာပါတဲ့ 'ကို'ကြိယာအနေနဲ့သုံးစွဲတာဖြစ်ပါတယ်။

## စကားပြေ

**အောင်။** ။သုံးလူ့ရှင်ပင်လင်္ကာရဲ့ပထမအပုဒ်ကို လေ့လာခဲ့ကြပါပြီ။ ကဗျာတစ်ပုဒ်ကို အသေးစိတ်ဘယ်လိုပင်လေ့လာကြစေကာမူ ကဗျာဆရာစာဆိုရှင်ရဲ့အာဘော်ကို တိတိကျကျရမိဖို့ မလွယ်ပါဘူး။ 'ကဗျာဆရာ၏ ဉာဏ်

သည် ပိဋကတ္တ(အကျဉ်းရုံးအနက်)၊ အဖြေဆရာ၏ဉာဏ်သည် အဝယဝတ္တ(အသေးစိတ်အနက်)။ ကဗျာဆရာ၏ဉာဏ် သည် အဖြေဆရာ၏ဉာဏ်ထက်အဆပေါင်းများစွာ ကျယ်ပြန့်နက်နဲသိမ်မွေ့သည်ကို အမြဲသတိချပ်ကြရာသည်' လို့ ပညာရှင်များက မှာကြားဖူးပါတယ်။ သို့ဖြစ်ပါ၍ ဤလင်္ကာတို့ကို လေ့လာရာတွင် လယ်တီဆရာတော်ကြီးရဲ့ မူလ ရည်ရွယ်နှလုံးသွင်းရင်းကိုမှန်းဆပြီး ရှင်းလင်းဖြေကြားခဲ့တာဖြစ်ပါတယ်။ ဟုတ်,မဟုတ်ဆိုသည်ကို မူလဖွဲ့ဆိုတဲ့ ပုဂ္ဂိုလ်ကသာ ဝေဖန်ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

**အောင်**။ ။ဒါ့အပြင် ကဗျာကိုစကားပြေပြန်တာဟာ အင်မတန်လှပတဲ့ပန်းကလေးတစ်ပွင့်ကို ဖဲ့ကြည့်တာနဲ့တူသတဲ့။

ကဗျာကို စကားပြေပြန်တဲ့အခါ ကဗျာရဲ့အရသာမပျက်အောင် အဓိပ္ပာယ်ပေါ်ရုံပြန်ဆိုပြတာမျိုးပဲ ကောင်းပါ တယ်။ ဒါကြောင့် သုံးလူ့ရှင်ပင်လင်္ကာ၏ ပထမပိုဒ်ကို အဓိပ္ပာယ်ပေါ်ရုံစကားပြေပြန်ပြပါမယ်။

အို...လူ,နတ်,ဗြဟ္မာသတ္တဝါတို့၏အရှင်ဖြစ်တော်မူသောမြတ်စွာဘုရား။ အကျွန်ုပ်၏ဦးထိပ်ထက်၌ တင်ထားပူဇော်အပ်ပါသောရှင်ပင်မြတ်စွာဘုရားသည် တုသိတာထက်နန်း၌ စံမြန်းတော်မူစဉ် စကြဝဠာ တိုက်တစ်သောင်း၌ရှိကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ စုရုံးညီညာရောက်ရှိလာကြပြီး ဘုရားအဖြစ် ကို ယူတော်မူရန် ကာလတန်ပါပြီဟူ သော တောင်းပန်သမှုကိုအကြောင်းပြု၍ ဥတုရာသီသာယာစိုစွတ် သော ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်း၏မိဖုရားကြီး သိရိမဟာ မာယာ၏ ဝမ်းကြာတိုက်၌ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူတော်မူခဲ့ပါသည်။ ဤသို့အလောင်းတော်မြတ် သန္ဓေယူတော်မူခြင်းသည် နတ်လူဗြဟ္မာ ခပ်သိမ်းသောသတ္တဝါတို့အဖို့မှာ လောဘ, ဒေါသစသော တစ်ဆယ့်တစ်မီးတို့ငြိမ်းအေး၍ နိဗ္ဗာန်မဂ်ဖိုလ်သို့ဆိုက်ရောက်ကြရန် အခွင့်သင့်အခါကောင်း ပေါ်ပေါက် လာရန်အကြောင်းပင် ဖြစ်ပေသည်။ ။

*

## အခန်း [၃]

## အလောင်းတော်မြတ်ဖွားတော်မူခန်း

**အောင်။** ။သုံ.လူ.ရှင်ပင် ဗုဒ္ဓဝင်လင်္ကာ၏ ဒုတိယပုဒ်ကို သံပြိုင်ဆိုကြပါ။

ကလေးများသံပြိုင်ဆိုကြသည်။

သန္ဓေယူခါ၊
ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ်ကြို၊
ကဆုန်လပြေ့၊
သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊
လုမ္ဗိနီဥ္၊
မဟီလှိုက်ဆူ၊
ဖွားတော်မူသည်၊
နတ်,လူအောင်မြို့ လမ်းပါကို။ ။

**အောင်။** ။ဤ'သန္ဓေယူကာ'အစချီတဲ့လင်္ကာဟာ အလောင်းတော်နတ်သား မယ်တော်၏ဝမ်းကြာတိုက်၌ သန္ဓေ

ယူတော်မူ၍ ဖွားတော်မူပုံဗုဒ္ဓဝင်ကို ဖော်ပြထားသော လင်္ကာဖြစ်ပေတယ်။ ဒီလင်္ကာမှာ လယ်တီဆရာတော်ကြီး သုံးနှုန်းဖွဲ့ဆိုထားသော စကားအသုံးအနှုန်းနှင့် အဖွဲ့အစပ်များကို လေ့လာကြပါစို့။

## သန္ဓေယူကာ

**အောင်။** ။'သန္ဓေယူကာ၊ ဆယ်လကြာသော်'ဆိုတာက ဆယ်လတိုင်တိုင် မိခင်၏ဝမ်းကြာတိုက်၌ သန္ဓေယူကိန်းဝပ်နေတော်မူတာကိုဆိုလိုပါတယ်။ 'သန္ဓေ'ကို'သခေ'လို့ အလွယ်တကူဆိုတတ်ကြတယ်။ သန္ဓေ(သန်ဓေ)လို့ ပီပီသသဆိုကြပါ။ 'သန္ဓေ'ဆိုတာ 'ပဋိသန္ဓေ'ဆိုသောပါဠိကို အဖျားဆွတ်ပြီး 'သန္ဓေ'ဟုခေါ်တာဖြစ်ပါတယ်။ 'ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝ ဘဝနှစ်ခုကိုစပ်ထားသော'လို့အဓိပ္ပာယ်ရပါတယ်။ ဟိုဘက်ဘဝက စုတေမနေသေလွန်ပြီး ဒီဘက်ဘဝမှာ ပထမဆုံးဖြစ်တဲ့စိတ်ကို ခေါ်တာပါပဲ။

## ဆယ်လကြာသော်

**အောင်။** ။'ဆယ်လ'ဆိုရာမှာ အလောင်းတော်မြတ်တို့ ပဋိသန္ဓေယူတဲ့အခါ မယ်တော်ဝမ်းမှာနေရတဲ့အချိန်ကာလကို ဆိုပါတယ်။ ရိုးရိုးလူတွေမှာ ခုနစ်လပဋိသန္ဓေနေပြီးဖွားတတ်တယ်၊ ကိုးလ,ဆယ်လပဋိသန္ဓေယူပြီးလည်း ဖွားတတ်ကြတယ်။ ဘုရားလောင်းကတော့ မယ်တော်၏ဝမ်းကြာတိုက်၌ ဆယ်လတိတိ ကိန်းဝပ်တည်နေတော်မူရပါတယ်။ ဝါဆိုလပြည့်နေ့ကစပြီး ကဆုန်လပြည့်နေ့အထိဆိုလျှင် ဆယ်လတိတိ မယ်တော်ဝမ်းမှာ သန္ဓေတည်နေတော်မူခဲ့ပါတယ်။

## မဟာသက္ကရာဇ်

**အောင်။** ။သက္ကရာဇ်ဆိုသည်မှာ ပြည်ပိုင်အုပ်ချုပ်တဲ့မင်းတို့ရဲ့ပြဋ္ဌာန်းချက်များအရခေါ်တဲ့ ခုနှစ်ကိုဆိုလိုပါတယ်။မဟာသက္ကရာဇ်ဆိုသည်မှာ သာသနာနှစ်တွေ ကောဇာနှစ်တွေမပေါ်မီကသုံးစွဲခဲ့တဲ့ အလွန်ရှေးကျသောခုနှစ်ကို

ဆိုလိုပါတယ်။ ဘုရားရှင်ရဲ့ဘိုးတော် ကစ္စနမင်းကြီးလက်ထက်အခါက သုံးစွဲခဲ့တဲ့ခုနှစ်ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ဖွားတော်မူတဲ့ သက္ကရာဇ်ကိုဖော်ပြခြင်းဟာ လောကီဗေဒင်ဆရာများနှင့် ရာဇဝင်ဆရာတို့ရဲ့ မှတ်သားချက်အရ ပြဆိုရခြင်းသာဖြစ်ပါတယ်။ ပါဠိအဋ္ဌကထာဋီကာစတဲ့ကျမ်းများမှာ ခုနှစ်သက္ကရာဇ်ကို ဖော်ပြခြင်းမရှိပါဘူး။ ဒါကြောင့် လောကီကျမ်းဂန်အလိုအားဖြင့် မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့တယ်လို့ မှတ်သားရမှာဖြစ်ပါတယ်။

## လုမ္ဗိနီ

**အောင်**။ ။အလောင်းတော်မြတ်ဖွားတော်မူရာအရပ်ဒေသကို လယ်တီဆရာတော်ကြီးက 'ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ'လို့ဟု ရေးဖွဲ့တော်မူခဲ့ပါတယ်။ 'လုမ္ဗိနီ'ကို'လုမ္ဗနီ'လို့မရေးရန်သတိပြုရပါမယ်။'လုမ္ဗိနီ'ဆိုတာသဘာဝအင်ကြင်းတော ကြီးဖြစ်ပါတယ်။ဥယျာဉ်ကြီးတမျှလှပနေလို့လုမ္ဗိနီအင်ကြင်းဥယျာဉ်လို့လဲဆိုကြပါတယ်။လုမ္ဗိနီရဲ့အဓိပ္ပာယ်က 'လှယက်သူ' တဲ့၊ ဘာကိုလှယက်တာလဲ?။လှပမှု,သာယာမှုမှန်သမျှကိုလှယက်ပြီးယူထားတာတဲ့။အင်မတန်လှပသာယာတဲ့အလှမျိုးစုံ နေတဲ့အင်ကြင်းတောကြီးလို့အဓိပ္ပာယ်ရပါတယ်။ မဟာဗုဒ္ဓဝင်ကျမ်းမှာ 'နှပျိုသောမိန်းမပျိုကလေးတို့နဲ့ အလှဂုဏ်ဆိုင် သူနိုင်ငါနိုင် အပြိုင်လှယက်နေသလို လှပတဲ့အင်ကြင်းတောကြီး'လို့ပြဆိုထားပါတယ်။ အဋ္ဌကထာဋီကာစတဲ့ကျမ်းများမှာ 'မင်္ဂလာရှိသောအင်ကြင်းဥယျာဉ်'ဟုပြဆိုထားပါတယ်။ အဲ ဒီလုမ္ဗိနီဥယျာဉ်ကြီးသည် ကပိလဝတ်ပြည်နဲ့ဒေဝဒဟပြည် အကြား၊ ယခုအခါ နီပေါနိုင်ငံအနောက်ပိုင်း ဘိုင်ရာဝါဟခရိုင်အတွင်းမှာတည်ရှိပါတယ်။ ဒီဥယျာဉ်ကြီးဟာ ဘုရား အလောင်းဖွားတော်မူရာဌာနဖြစ်လို့ ဗုဒ္ဓဘာသာဝင်တို့အဖို့ အမြတ်ထားရာဌာနတစ်ခုဖြစ်ပါတယ်။ ခရစ် ၂၄၄–ခုနှစ် တွင် သီရိဓမ္မာသောကမင်းကြီးသည် ဤလုမ္ဗိနီအရပ်သို့ကြွတော်မူခဲ့ပြီး 'ဤအရပ်သည် မြတ်စွာဘုရားဖွားမြင်တော်

မူရာအရပ်'ဟု ကျောက်စာတိုင်တစ်တိုင်ရေးထိုးပြီး စိုက်ထူထားခဲ့ပါတယ်။ လုမ္ဗိနီအရပ်သည် ဗုဒ္ဓဘာသာဝင်အများ ကြည့်ရှုဖူးမြော်ထိုက်တဲ့ ဒဿနီယဌာန၊ သံဝေဂဉာဏ်ဖြစ်ပေါ်ပွားများရတဲ့ သံဝေဇနီယဌာနလည်းဖြစ်ပါတယ်။

## ချမ်းမြေ့စုံစီ

**အောင်**။ ။လုမ္ဗိနီအင်ကြင်းဥယျာဉ်ကြီးရဲ့ သာယာလှပပုံကိုသိကြပြီးနောက် 'ချမ်းမြေ့စုံစီ'ဆိုတဲ့ လုမ္ဗိနီဥယျာဉ်ရဲ့ ဝိသေသနပုဒ်ကိုရှင်းပြပါမယ်။ လယ်တီဆရာတော်ကြီးက လုမ္ဗိနီဥယျာဉ်ကို 'ချမ်းမြေ့စုံစီ'လို့ ကြိယာနှစ်လုံး ထပ်ပြီးဖွဲ့ဆိုထားတယ်။ 'ချမ်းမြေ့'ကတော့ 'အေးချမ်းတဲ့၊ ကျေနပ်နှစ်သိမ့်တဲ့'အနက်ကိုဆောင်ပါတယ်။ 'စုံစီ'က 'ပြည့်ဝတာ၊ လုံလောက်တာ၊ လိုလေသေးမရှိပြည့်စုံတာ'ကိုဆိုလိုပါတယ်။ 'ချမ်းမြေ့'နဲ့'စုံစီ'တွဲစပ်လိုက်တော့ 'ကျေနပ် အားရဖွယ်ရာအတိ၊ အေးချမ်းမှုအပေါင်းနှင့်ပြည့်စုံတယ်'လို့ ကျယ်ဝန်းတဲ့အဓိပ္ပာယ်ကို ရလာပါတယ်။ ဒါကြောင့်မို့ လုမ္ဗိနီဥယျာဉ်ကြီးဟာ 'အေးချမ်းသာယာပြီး မကျေနပ်စရာဆို ဘာမျှမရှိ၊ အလွန်ကျေနပ်နှစ်သက်စရာကောင်းတဲ့ ဥယျာဉ်ကြီး'လို့ ဆိုနိုင်ပါတယ်။

## မဟီလှိုက်ဆူ

**အောင်**။ ။'မဟီ'ဆိုတာ ပါဠိဝေါဟာရ၊ မြန်မာလိုတော့'မြေကြီး'ကိုဆိုလိုပါတယ်။ ဘုရားအလောင်းတော်ကိုဖွားမြင် တော်မူတော့ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိတဲ့ ဒီမဟာပထဝီမြေကြီးဟာ သွက်သွက်ခါသွားအောင် တုန်လှုပ်သွားသတဲ့။ 'လှိုက်'ဆိုတာ အထက်ကအောက်ကို၊ အောက်ကအထက်ကို တသိမ့်သိမ့်တုန်လှုပ်တာမျိုးကို ဆိုလိုတယ်။ 'ဆူ'ဟာလဲ 'ရေပွက်ပွက်ဆူ'ဆိုတာလို မငြိမ်မသက်လှုပ်ရှားထကြွပြီး အသံတွေထွက်လာတာမျိုးကိုဆိုလို တယ်။ 'လှိုက်နှင့်ဆူ'ကို တွဲစပ်လိုက်တော့ အလွန်တရာကိုတုန်လှုပ်ပြီး အသံတွေအော်မြည်နေတဲ့အဓိပ္ပာယ်ကိုရပါတယ်။

## ဖွားတော်မူခန်း

**အောင်။** ။လယ်တီဆရာတော်ကြီးက အလောင်းတော်မြတ်ဖွားတော်မူတဲ့အခါမှာ 'မဟီလှိုက်ဆူ' လို့မြေကြီးတုန်လှုပ်တဲ့ အကြောင်းကို ရေးဖွဲ့ထားတော်မူပါသဖြင့် မဟာဗုဒ္ဓဝင်ကျမ်းကြီးများမှာလာတဲ့ ဖွားတော်မူခန်းကို စကားဆက်စပ်မိရုံပြောပြလိုပါတယ်။မယ်တော်မာယာသည် အလောင်းတော်မြတ်၏ပဋိသန္ဓေကိုလွယ်လျက် ဆယ်လပြည့်တဲ့အခါ မိဘတို့ရဲ့တိုင်းပြည်ဖြစ်တဲ့ ဒေဝဒဟပြည်ကို ခေတ္တပြန်လို၍ ကပိလဝတ်ပြည်မှထွက်ခဲ့ပါတယ်။ လမ်းခရီးလုမ္ဗိနီဥယျာဉ်အဝကိုရောက်တော့ ဥယျာဉ်ကြီးအတွင်း ခေတ္တဝင်လိုတဲ့အတွက် မှူးမတ်တို့ကိုဝင်စေရန် မိန့်ကြားသတဲ့။ မယ်တော်မာယာဒေဝီလဲ အင်ကြင်းတောအတွင်းကိုရောက်တော့ နတ်အပေါင်းတို့က 'အလောင်းတော်မြတ်ဖွားတော်မူမယ်' လို့ အဆင့်ဆင့်ကြွေးကြော်ပြီး လုမ္ဗိနီဥယျာဉ်အတွင်းရောက်ရှိလာကြသတဲ့။ မယ်တော်ကြီးဟာ အင်ကြင်းခက်တွေကို ကိုင်တွယ်ကြည့်လိုတဲ့ဆန္ဒဖြစ်တော်မူလာတဲ့အတွက် လက်လှမ်းလိုက်တယ်ဆိုရင် အင်ကြင်းခက်တွေက သက်ရှိတဲ့ သတ္တဝါများအလား မယ်တော်ကြီးကိုင်တွယ်နိုင်ရန် ကွေးညွတ်လာကြတယ်။ မယ်တော်ကြီးလဲ အဲဒီအင်ကြင်းကိုင်းတွေကို ကိုင်ပြီး မတ်ရပ်စဉ်မှာပင် အလောင်းတော်မြတ်ကိုဖွားမြင်ရန် အရိပ်လက္ခဏာတွေဖြစ်ပေါ်လာပါတယ်။အဲဒီခဏမှာပဲ မဟာသမုဒ္ဒရာကြီးနဲ့ စကြဝဠာတိုက်တစ်သောင်းလုံးဟာ ထစ်ချုန်းမြည်ဟိန်း အိုးထိန်းစက်ပမာ သိမ့်သိမ့်ခါတုန်လှုပ်ပြီး နတ်တွေကလဲ နတ်ပန်းမိုးတွေရွာချ နတ်တူရိယာတွေတီးခတ်ကြ၊ ထူးခြားတဲ့နိမိတ်ကြီးသုံးဆယ့်နှစ်ပါးတို့လည်း တစ်ပြိုင်နက်ဖြစ်ပေါ်လာပြီး အလောင်းတော်မြတ်ကို ဖွားတော်မူပါတယ်။ မဟာဗြဟ္မာကြီးလေးဦးက အလောင်းတော်မြတ်ကို ရွှေဇာကွန်ယက်နဲ့ခံယူကြတယ်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက သစ်နက်ရေနဲ့ခံယူကြတယ်။အလောင်းတော်မြတ်ဟာ လူတို့လက်မှလွတ်၍ မြေမှာခြေစုံရပ်ကာ အရှေ့မျက်နှာကိုတူရူကြည့်ပြီး ခုနစ်လှမ်းကြွတော်မူပါတယ်။ ပြီးတော့ 'ငါသည် လူသုံးပါးတို့တွင် အမြတ်ဆုံး' ဆိုတဲ့ ရဲရင့်သောစကားသုံးခွန်းကိုကြုံးဝါးကျူးရင့်တော်မူပါတယ်။

# နတ်လူအောင်မြို့

**အောင်**။ ။အလောင်းတော်မြတ်ဖွားတော်မူလာခြင်းသည် လူ,နတ်,ဗြဟ္မာသတ္တဝါတို့ လောကုတ္တရာစီးပွားချမ်းသာဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ရကြမည်ကိုရည်ရော်ပြီး လယ်တီဆရာတော်ကြီးက 'နတ်လူအောင်မြို့ လမ်းပါကို'လို့ ရေးစပ်တော်မူခဲ့ပါတယ်။ 'နတ်လူအောင်မြို့'လို့ဆိုရာမှာ'အောင်မြို့'ဟာနိဗ္ဗာန်ကိုရည်ရွယ်ပြီးဆိုတဲ့စကားပါပဲ။ လယ်တီဆရာတော်ကြီးက နိဗ္ဗာန်ကို'မြို့'နဲ့တွဲစပ်သုံးသလို ရေးစာဆိုကဝိကြီးများကလည်း 'နိဗ္ဗာန်သာဝှမ်း၊ ခေမာကမ်း'၊ 'နိဗ္ဗာန်ပုရီ၊ ဘေးမဲ့ပြည်'၊ 'နိဗ္ဗာန်ရွှေဘုံ၊ ဓမ္မာရုံ'၊ 'နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်' စသည်ဖြင့် 'နိဗ္ဗာန်'ကို 'သောင်ကမ်း'နဲ့၊ 'ပြည်'နဲ့၊ 'ဓမ္မာရုံ'နဲ့ နှိုင်းဆိုသုံးနှုန်းခဲ့ကြတယ်။ ဒီနေရာမှာတော့ တစ်ထောင့်ငါးရာကိလေသာရန်ခပင်း ကိုနှိမ်နင်းအောင်မြင်ရာ အောင်ပွဲခံရာဖြစ်သောနိဗ္ဗာန်ကို 'အောင်မြို့'လို့ဆိုလိုက်ခြင်းပါပဲ။

**အောင်**။ ။ယခု ဒုတိယလင်္ကာပုဒ်ကို အဓိပ္ပာယ်ပေါ်ရုံ စကားပြေပြန်ပြပါမယ်။

## စကားပြေ

မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်၏ဝမ်းကြာတိုက်၌ ဆယ်လကြာ ပဋိသန္ဓေနေတော်မူပြီးသော် မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ကပိလဝတ်ပြည်နဲ့ဒေဝဒဟပြည်အကြားရှိ အေးချမ်းမှုအပေါင်းနှင့်ပြည့်စုံ၍ လှချင်တိုင်းလှနေသော လုမ္ဗိနီအင်ကြင်းတောဥယျာဉ်ကြီးအတွင်း၌ မယ်တော်မာယာ၏ဝမ်းမှ ချမ်းချမ်းသာသာဖွားမြင်တော်မူခဲ့ပေရာ၊ ထိုအချိန်အခါ၌ မဟာပထဝီမြေကြီးက 'လူနတ်ဗြဟ္မာသတ္တဝါတို့သည် နိဗ္ဗာန်အောင်မြို့သို့သွားရာလမ်းကောင်းလမ်းမကို တွေ့မြင်ရလေပြီတကား'ဟု ဟစ်ကြွေးကြော်ငြာလေသကဲ့သို့ အထက်မှအောက် အောက်မှ အထက်သို့ သွက်သွက်ခါအောင် တသိမ့်သိမ့်တုန်လှုပ်ခဲ့လေသည်။

## အခန်း [၄]

## အလောင်းတော်မြတ်တောထွက်တော်မူခန်း

**အောင်။** ။ပြီးခဲ့တဲ့ ဒုတိယပိုဒ်တုန်းက ဘုရားလောင်းတော်ဖွားတော်မူခန်းကို ရှင်းလင်းပြောဆိုခဲ့တယ်။ အခုတတိယပိုဒ်မှာတော့ ဘုရားအလောင်းတောထွက်တော်မူခန်းကို ရှင်းလင်းပြောပြရပါမယ်။ ယခု တတိယလင်္ကာကို သံပြိုင်ရွတ်ဆိုကြရအောင်။

ကလေးများက သံပြိုင်ရွတ်ဆိုကြသည်။

ဖွားမြင်မြောက်သော်၊
ဆယ့်ခြောက်နှစ်ရွယ်၊
ပျိုနုနယ်၌၊
သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊
ဆယ့်သုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလူ၊
စံတော်မူ၍
ရွယ်မူနုဖြိုး၊

နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊
နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊
သံဝေပိုက၊
ဝါဆိုလပြေ့၊
ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊
တောရပ်လှုံ့သည်၊
စုံမြိုင်ပင်ရိပ် ခန်းမှာကို။ ။

## ဖွားမြင်မြောက်သော်

**အောင်။** ။ကလေးတို့၊ ဒီတတိယလင်္ကာမှာ 'ဖွားမြင်မြောက်သော်'ဆိုတာကို ရှေးဦးရှင်းပြမယ်။ 'ဖွားမြင်'တာကတော့ ဘုရားအလောင်းကို မယ်တော်ကဖွားမြင်လိုက်တာပါပဲ။ 'မြောက်'ဆိုတာ ဒီနေရာမှာ 'ဖြစ်လာတယ်'လို့ အနက်ရှိတယ်။ 'အရွယ်ရောက်လို့ လူလားမြောက်လာတယ်'ဆိုတာလိုပဲ 'ဖွားမြင်မြောက်'ဆိုတာ ဘုရားအလောင်းတော်ကို မီးရှူးသန့်စင်ဖွားမြင်ပြီးလို့ တစ်စတစ်စကြီးပြင်းလာတယ်လို့ဆိုလိုတယ်။

## ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်

**အောင်။** ။ဒါကတော့ အလောင်းတော်ဖွားမြင်တော်မူပြီးလို့ တစ်စတစ်စကြီးပြင်းလာလိုက်တာ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်လာတာကိုဆိုလိုတယ်။ အသက်တစ်ဆယ့်ခြောက်နှစ်ဆိုတာ နုပျိုတဲ့အသက်အရွယ်ပါပဲ။ 'ပျိုတယ်' 'နုတယ်'ဆိုတာ အနက်တူစကားလုံးတွေပဲ။ 'ပျို'တာကအရွယ်ကိုပြောတယ်၊ 'နု'တာက ကိုယ်လက်အင်္ဂါကိုပြောတယ်။ 'ပျိုနုနယ်'လို့ တွဲစပ်သုံးလိုက်တော့ 'အသက်ကလဲငယ်၊ ကိုယ်လက်အင်္ဂါတွေကလဲ ပျောပျောပျောင်းပျောင်းဖြစ်တယ်'လို့ အဓိပ္ပာယ်ရပါတယ်။

**အောင်။** ။အရွယ်နဲ့စပ်ပြီး လောကီစာပေကျမ်းဂန်မှာ မွေးသည်မှ တစ်ဆယ့်ခြောက်နှစ်အထိကို ဗာလအရွယ်၊ ဆယ့်ခြောက်နှစ်မှ အသက်ခုနစ်ဆယ်အထိကို မဇ္ဈိမ၊ အဲဒီကအထက်ကို ဝုဍ္ဎအရွယ်တဲ့။ အချို့ကျမ်းတွေမှာတော့ မွေးစမှ ဆယ်နှစ်အရွယ်ကို မန္ဒဒသက၊ ဆယ်နှစ်က အသက်နှစ်ဆယ်အထိကို ခိဍ္ဍဒသကအရွယ်လို့ဆိုတယ်။ ခိဍ္ဍဒသကဆိုတာ အင်မတန်မှ ပျော်ပါးမြူးတူး အပူအပင်ဘာမှန်းမသိတဲ့အရွယ်ပေါ့ကွယ်။ အခုလဲ အလောင်းတော်ရဲ့ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ဆိုတာဟာ ပျော်ပါးမြူးတူးလို့ကောင်းတဲ့အရွယ်ပေါ့။

## သုံးသွယ်ရွှေနန်း

**အောင်။** ။ဒီလင်္ကာမှာ 'သုံးသွယ်ရွှေနန်း'ရဲ့အဓိပ္ပာယ်ပြောပြမယ်။ 'သုံးသွယ်'ဆိုတာ'သုံးခု'ကိုဆိုလိုပါတယ်။ 'ရွှေနန်း' ဆိုတာက 'နန်းမဆောင်'ပေါ့။ 'သုံးသွယ်ရွှေနန်း'ဆိုရင် 'ရွှေနန်းသုံးဆောင်'ကိုဆိုလိုတာပေါ့။ အဲဒီနန်းမသုံးဆောင်က 'ရမ္မ–သုဘ–သုရမ္မ'လို့ခေါ်ပါတယ်။ ရာသီအလိုက် စံတဲ့အတိုင်းပြောရမယ်ဆိုရင် 'ရမ္မ–သုရမ္မ–သုဘ' လို့ပြောရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့–

၁။ ဆောင်းရာသီမှာစံမြန်းဖို့ နွေးနွေးထွေးထွေးနေနိုင်အောင် ဘုံကိုးဆင့်ရှိတဲ့ ဆောင်းရာသီစံနန်းကို ရမ္မနန်းဆောင်တော်လို့ခေါ်ပါတယ်။

၂။ နွေရာသီမှာစံမြန်းဖို့ လေသာပြတင်းများများနဲ့ ဘုံငါးဆင့်ရှိတဲ့ နွေရာသီစံနန်းတော်ကို သုရမ္မနန်းဆောင်တော်လို့ခေါ်ပါတယ်။

၃။ မိုးရာသီမှာစံမြန်းဖို့ အပူအအေးနှစ်မျိုးလုံးရနိုင်တဲ့ ဘုံခုနစ်ဆင့်ရှိတဲ့ မိုးရာသီစံနန်းတော်ကို သုဘနန်းဆောင်တော်လို့ ခေါ်ပါတယ်။

အဲဒီလို နန်းမသုံးသွယ်နဲ့စပ်ပြီး ဒီဆောင်ပုဒ်ကလေးကို မှတ်သားထားကြပါ။

* ရမ္မကိုးဘုံ၊
ဆောင်းခိုလှုံ၊
နွေတုံ သုရမ္မ ဘုံငါး၀။

* မိုးသုဘမှာ၊
ခုနစ်,သာ၊
မှတ်ပါသုံး၀၊ နန်းဆောင်ပ။

## ဘုန်းသစ်လျှံလူ၊ စံတော်မူ

**အောင်။** ။'ဘုန်းသစ်လျှံလူ'ဆိုတာက ဘုန်းတန်ခိုးတွေတိုးတက်ဖြစ်ပေါ်နေတာကိုဆိုလိုပါတယ်။ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ ယသော်ဒေဝီမိဖုရားကြီးအမှူးရှိတဲ့ မောင်းမလေးသောင်းခြံရံပြီး ရာသီအလိုက်

ရမ္မ,သုဘ,သုရမ္မ ဆိုတဲ့ နန်းပြာသာဒ်သုံးဆောင်မှာ လှည့်လည်စံမြန်းကာ ဘုန်းတန်ခိုးထွန်းတောက်ပြီး မင်းတကာတို့ မခံစားဖူးသော မင်းစည်းစိမ်ချမ်းသာတို့ကို တစ်ဆယ့်သုံးနှစ်တိုင်တိုင် ခံစားစံစားနေတာကို 'ဘုန်းသစ်လျှံလူ၊ စံတော်မူ' လို့ လယ်တီဆရာတော်ကြီးက ဖွဲ့ဆိုတော်မူခဲ့တယ်။

## ခမည်းတော်ကြီး၏အစီအမံများ

**အောင်။** ။အလောင်းတော်မြတ်ဟာ မင်းတကာတို့မခံစားဖူးတဲ့စည်းစိမ်တွေကို ခံစားစံစားနေတယ်ဆိုတာနဲ့စပ်လျဉ်းပြီး မဟာဗုဒ္ဓဝင်ကျမ်းကြီးများမှာလာတဲ့အချက်ကိုတင်ပြရရင် တို့အလောင်းတော်ဟာ ဒီကာမဂုဏ်စည်းစိမ်တွေကို သူ့စိတ်ဆန္ဒအရမဟုတ်ဘဲ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးရဲ့ အစီအမံတွေကြောင့် ခံစားစံစားနေရတာဖြစ်တယ်။

**အောင်။** ။အလောင်းတော်မြတ်ဖွားတော်မူချိန်မှာ နိုင်ငံအတွင်းရှိ ဗေဒင်အရာကျော်ကြားတဲ့ ပုရောဟိတ်ပုဏ္ဏားတွေဖိတ်ခေါ်ပြီး အလောင်းတော်ရဲ့လက္ခဏာကိုဖတ်စေတယ်။ အဲဒီအခါ ကောဏ္ဍညပုဏ္ဏားက 'လောကတွင် ဧကန်စင်စစ်ဘုရားဖြစ်မည်' လို့ဟောခဲ့တယ်။ ကာလဒေဝိရသေ့ကြီးကလည်း 'ဘုရားဖြစ်လိမ့်မည်၊ အဲဒီအခါ ငါကကွယ်လွန်ပြီး ဖူးလိုက်ရမှာမဟုတ်ဘူး' လို့ဆိုပြီး ရယ်လိုက်ငိုက်လိုက်လုပ်နေသတဲ့။ အဲသလို 'ဘုရားဖြစ်မယ်' လို့ ဟောပြောကြတာကို သုဒ္ဓေါဒနမင်းကြီးကြားတော့ ဝမ်းမမြောက်နိုင်ဘဲ၊ သားတော်ကလေး ဒီထီးဒီနန်းနဲ့မိသားစုတွေကို ပြတ်တောက်ပြီး တောထွက်သွားမှာ ရဟန်းဝတ်သွားမှာတွေကိုတွေးပြီး စိတ်မအေးဘူးတဲ့။ ဒါ့ကြောင့် သားတော်ကလေးကို တောမထွက်နိုင်စေရန်ရည်ရွယ်ပြီး ကာမဂုဏ်တွေ ကာမအာရုံတွေနဲ့ မနားတမ်းဖြေဖျော်ထားပြီး စည်းစိမ်အမျိုးမျိုးကိုလည်း ခံစားစံစားနေစေခဲ့တယ်။ အလောင်းတော်ခံစားစံစားတဲ့မင်းစည်းစိမ်ဟာ သာမန်မဟုတ်ဘူးကွယ့်၊ ခမည်းတော်ကြီးရဲ့ အစီအမံနဲ့ခံစားတာဖြစ်တော့ အင်မတန်ကြီးကျယ်ခမ်းနားတဲ့စည်းစိမ်တွေကို ခံစားနေရတာပေါ့။ အဲသလိုစည်းစိမ်မျိုးကိုခံစားရတာကလဲ ဘဝအဆက်ဆက်ကဖြည့်ဆည်းခဲ့တဲ့ ကောင်းမှုတွေရဲ့ အကျိုးပေးတွေပါပဲ။

## ရွယ်မူနဖြိုး၊ နှစ်ဆယ့်ကိုး

**အောင်။** ။ခုနက ‘ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်’ လို့ရေးခဲ့တယ်။ အခုက ‘ရွယ်မူနဖြိုး၊ နှစ်ဆယ့်ကိုး’ တဲ့။ ‘နုနယ်’ နဲ့ ‘နဖြိုး’ ရေးပုံမတူပါဘူး။ အသက်နှစ်ဆယ့်ကိုးနှစ်ဟာလဲ ဘာမှုကြီးသေးတာမဟုတ်ဘူး။ အသက်ငယ်သော်လဲ ကိုယ်လက်အင်္ဂါက ပြည့်ပြည့်ဖြိုးဖြိုးလို့ရေးဖွဲ့ချင်တာပါပဲ။ အဲ့သလိုဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ မင်းစည်းစိမ်ကို အသက်တစ်ဆယ့်ခြောက်နှစ်မှစ၍ တစ်ဆယ့်သုံးနှစ်တိုင်တိုင် ခံစားစံစားပြီးတဲ့နောက် သက်တော်နှစ်ဆယ့်ကိုးနှစ်အရွယ်သို့ ရောက်တော်မူခဲ့သတဲ့။

## ဟိတ်

**အောင်။** ။အဲ့ဒီအချိန်မှာ ဗြဟ္မာကြီးတို့က နိမိတ်ကြီးလေးပါးကိုပြတော်မူပါသတဲ့။ ဒါကိုလယ်တီဆရာတော်ဘုရားကြီးက ‘လေးမျိုးနိမိတ်၊ နတ်ပြဟိတ်’ လို့ဖွဲ့ဆိုတော်မူပါတယ်။ ဒီနေရာမှာအလောင်းတော်ကို နိမိတ်ကြီးလေးပါးပြတာ သုဒ္ဓါဝါသဘုံသား ရဟန္တာဗြဟ္မာကြီးတွေလို့ မဟာပဒါနသုတ်အဋ္ဌကထာ (စာမျက်နှာ–၄၆)မှာအဲ့ဒီအတိုင်းပြထားပါတယ်။ ဒါပေမယ့် လယ်တီဆရာတော်ကြီးက ‘နတ်ပြဟိတ်’ ဆိုပြီး ဘာကြောင့် ဗြဟ္မာကို နတ်လို့ရေးဖွဲ့ပါသလဲ။ ပရိတ်ကြီးအဖွင့် ‘သမန္တာစက္ကဝါဠေသု အတြာဂစ္ဆန္တုဒေဝတာ’ မှာ ‘ဝေဒတာ=နတ်’ လို့ရေးထားသော်လည်း ဗြဟ္မာတွေကိုလဲပင့်ဖိတ်တာပါပဲ။ တစ်ခါ မြန်မာစကြာပါဠိတော်မှာလဲ ‘ဗြဟ္မာကာယိကာဒေဝါ’ လို့ ရူပါဝစရဗြဟ္မာတွေကို ‘ဒေဝါ=နတ်’ လို့ပဲ ဖော်ပြထားပါတယ်။ ထို့အတူ ဝိမာနအဋ္ဌကထာ(စာမျက်နှာ–၁၈)လာ ‘ဒေဝတာ’ ပုဒ်အဖွင့်မှာ ‘နတ်သား,နတ်သမီး, ဗြဟ္မာ’ လို့သုံးမျိုးယူနိုင်ကြောင်း ဖွင့်ပြထားပါတယ်။ လယ်တီဆရာတော်ကြီးက နိမိတ်ပြရာမှာ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ ယူနိုင်စေရန် ‘နတ်ပြဟိတ်’ လို့သုံးတော်မူတာဖြစ်ပါတယ်။ ‘ဟိတ်’ ဆိုတဲ့ပါဠိစကားဟာ ‘ဟေတု’ ကို မြန်မာမှု

ပြုထားတယ်ကွယ့်။ 'အကြောင်း'လို့အဓိပ္ပာယ်ရတယ်။ နတ်တွေက နိမိတ်လေးမျိုးပြသောကြောင့်လို့ဆိုနိုင်ပါတယ်။ နိမိတ်လေးမျိုးကို တစ်ခါတည်းတစ်ပြိုင်တည်းပြတာမဟုတ်ဘူး။ လေးလမှတစ်ကြိမ်ပြတာ။ ဥယျာဉ်တော်ထွက်တဲ့အခါမှာ ပထမအကြိမ် လူအိုပုံကိုပြတယ်၊ ဒုတိယလေးလမှာ လူနာ၊ နောက်လေးလမှာ လူသေကိုပြပြီး၊ နောက်ဆုံး လေးလ အကြာမှာတော့ ရဟန်းတော်ပုံကိုပြသတဲ့။ ဘုရားအလောင်းတော် တောထွက်ဖြစ်အောင် နိမိတ်ကြီးလေးပါးကိုပြပြီး သတိပေးကြတာပေါ့။

**အောင်။** ။အလောင်းတော်မင်းသားဟာ ဗြဟ္မာကြီးတွေဖန်ဆင်းပြတဲ့ လူအိုပုံကိုမြင်ရတော့ မိမိရဲ့ပျိုနုမှုနဲ့ပတ်သက်ပြီး တက်ကြွထောင်လွှားနေတဲ့မာန်မာနတွေကျသွားသတဲ့။ အလောင်းတော်ဟာ ရှေးတုန်းက လူအိုကို သူတွေ့ဖူးမှာပါ။ ဒါပေမယ့် ဗြဟ္မာကြီးတွေဖန်ဆင်းပြတဲ့လူအိုနဲ့ သူမြင်ဖူးတဲ့အခြားသောလူအိုဟာ ခြားနားနေတယ်။ ဒါကြောင့် ဒီလူအိုကိုကြည့်ပြီးစဉ်းစားတယ်။ ရှေ့ဆက်မသွားတော့ဘဲလှည့်ပြန်ခဲ့တယ်။ နောက်ထပ်လေးလကြာတဲ့အခါ ဗြဟ္မာကြီးတွေဖန်ဆင်းပြတဲ့ သူနာကိုမြင်ရတဲ့အခါမှာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ရောဂါကင်းခြင်းနဲ့စပ်ပြီး တက်ကြွထောင်လွှားနေတဲ့ မာန်မာနတွေကျသွားတယ်။ နောက်ထပ်လေးလကြာတဲ့အခါ ဗြဟ္မာကြီးတွေဖန်ဆင်းပြတဲ့ လူသေကိုမြင်ရတော့ အသက်ရှင်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနဲ့စပ်တဲ့မာန်မာနတွေကျသွားသတဲ့။ နောက်ဆုံးပဓာနကျတဲ့ ရဟန်းတော် နိမိတ်ကိုမြင်တဲ့အခါမှာ ကာမဂုဏ်ချမ်းသာလွတ်ကင်းပြီး တရားရှာရေးဘက်ကို စိတ်ညွတ်သွားခဲ့ပါတယ်။

### ရွှေစိတ်ငြိုငြင်၊ သံဝေပို

**အောင်။** ။အလောင်းတော်မြတ်ဟာ ဗြဟ္မာကြီးများဖန်ဆင်းပြအပ်သော နိမိတ်ကြီးလေးပါးကိုမြင်လျှင် 'ရွှေစိတ်ငြင်ငြို' ဖြစ်တော်မူပါသတဲ့။ 'ရွှေစိတ်'ဆိုတာကတော့ ဘုရားအလောင်းရဲ့ စိတ်ဆန္ဒကိုဆိုလိုတယ်။ 'ငြိုငြင်'ရဲ့

အနက်ကတော့ 'ငြီးငွေ့တာ၊ နှစ်သက်မှုလျော့သွားတာ၊ မပျော်မရွှင်ဖြစ်တာ'ကိုယူရမယ်။ ဘာတွေကိုငြီးငွေ့တာလဲ?၊ ရုံရွှေမောင်းမလေးသောင်းကိုမနှစ်သက်တော့တာပဲ။ နန်းမသုံးဆောင်နဲ့နေရတာတွေကိုလည်း မပျော်မွေ့တော့ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ဗြဟ္မာကြီးတွေပြတဲ့ နိမိတ်ကြီးလေးပါးကို ကြည့်မြင်လိုက်ရတဲ့အချိန်ကစပြီးလို့ ဇာတိ,ဇရာ, ဗျာဓိ,မရဏ=အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့တရားတွေကိုသိမြင်သွားပြီး ထိတ်လန့်တဲ့စိတ်တွေပေါ်လာလို့ပါပဲ။ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းဖြည့်ကျင့်ဆည်းပူးတော်မူခဲ့တဲ့ ပါရမီတော်တွေရဲ့အာနုဘော်ကြောင့် ခမည်းတော်မင်းကြီးရဲ့ ကာမဂုဏ်အချုပ်အနှောင်တွေနဲ့ ဘယ်လိုပင်ဆွဲဆောင်တားဆီးထားစေကာမူ အလောင်းတော်ရဲ့စိတ်နှလုံးထဲမှာတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို ဆင်ခြင်မိပြီး၊ ဒီကနေ့တော့ဖြင့် ငါအရွယ်ရှိသေးတယ်၊ နုပျိုသေးတယ်၊ ကျန်းမာတောင့်တင်းနေသေးတယ်၊ ဒါပေမယ့် 'တစ်နေ့သောအခါ မလွှဲမသွေ ငါလဲဒီလိုပဲအိုရမှာပါကလား၊ တစ်နေ့သောအခါ ငါလဲဒီလိုပဲနာရမှာပါကလား၊ တစ်နေ့သောအခါ ငါလဲဒီလိုပဲသေရမှာပါကလား'လို့ မဖြစ်သေးသော်လဲ ဖြစ်လာမှာကိုဉာဏ်ဖြင့်ဆင်ခြင်မိပြီး ထိတ်လန့်မှုဖြစ်လာတယ်။ အဲသလိုထိတ်လန့်တာကို ပါဠိလို သံဝေဂရတယ်လို့ ခေါ်တယ်။ လယ်တီဆရာတော်ကြီးက သံဝေဂရရာကို 'သံဝေပို'လို့ ရေးစပ်ခဲ့ပါတယ်။

## သားကလေးကိုမြင်ချင်သော်လည်း

**အောင်။** ။အလောင်းတော်မြတ် တောထွက်ခန်းကိုရေးဖွဲ့ရာမှာ လယ်တီဆရာတော်ကြီးက 'လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပို'လို့ ရေးဖွဲ့တော်မူသလို အခြားသောစာဆိုကဝိပညာရှိကြီးများ ရေးဖွဲ့ကြပုံက နာနာဆန္ဒပျို့မှာ 'လေးဖြာနိမိတ်၊ သံဝေဟိတ်ကြောင့်၊ ရှင်စိတ်နှစ်သက်၊ တောသို့ထွက်သော်'လို့ရေးပါတယ်။

မဃဒေဝလင်္ကာသစ်မှာ ‘နတ်သုဒ္ဓါတို့၊ ပြလာနိမိတ်၊ လေးပါးဟိတ်ကြောင့်၊ လန့်ထိတ်လွန်ပြင်း၊ တောထွက်ခြင်းဖြင့်’ လို့ရေးပါတယ်။ ရေးသားဖွဲ့ဆိုကြပုံကိုနှိုင်းယှဉ်၍ အရသာတစ်မျိုးစီရှိပုံကို ခံစားနိုင်ပါတယ်။

**အောင်။** ။အလောင်းတော်မြတ်ဟာ လောကကြီးအတွင်း၌နေထိုင်၍ စည်းစိမ်ခံစားရန် ထိတ်လန့်တုန်လှုပ်လာပြီးလျှင် ထိုစည်းစိမ်ချမ်းသာအနှောင်အဖွဲ့ကိုပယ်ဖျက်၍ တောထွက်အံ့ဟုကြံရွယ်တော်မူပါသတဲ့။ အဲဒီအချိန်မှာ သားတော်ကလေးဖွားမြင်တော်မူကြောင်း သံတော်ဦးတင်လာပါတယ်။ အလောင်းတော်မြတ်ဟာ နန်းဆောင်သို့ ခေတ္တပြန်ပြီး အိပ်စက်အနားယူပါသတဲ့။ ညဉ့်သန်းခေါင်ယံအချိန် အိပ်စက်ရာကနိုးတော်မူလာတော့ အိပ်ပျော်နေတဲ့ မောင်းမတွေကိုကြည့်ပြီး အလွန်အင်မတန်ငြီးငွေ့လာပြန်တဲ့အတွက် ယခုပင်တောထွက်တော့မယ်လို့ဆုံးဖြတ်ပြီး နောက်တော်ပါဆန္နအမတ်ကို ကဏ္ဍကမြင်းအပြင်ခိုင်းလိုက်တယ်။ ပြီးမှတစ်ဖန် ညနေက သားတော်ကလေးဖွားမြင်ကြောင်းသံတော်ဦးတင်လာတာကို အမှတ်ရပြီး သားတော်လေးကိုမြင်ချင်တာကြောင့် သွားကြည့်ဦးမှပဲလို့ ယသော်ဓာရာရဲ့နန်းဆောင်ကို လှမ်းကြွတော်မူပါတယ်။ နန်းဆောင်ကိုရောက်တော့ ဒီလိုစဉ်းစားမိတော်မူပြန်ပါတယ်။ ‘သားတော်ကလေးကိုကြည့်ပြီး အားမရနိုင်လို့ ပွေ့ပိုက်နမ်းရှုပ်မိရင် ယသော်ဓာရာမိဖုရားကြီးနိုးလိမ့်မယ်၊ သူနိုးလာရင် တောထွက်ခွင့်ပေးမှာမဟုတ်ဘူး၊ ဒီတော့ သစ္စာလေးအင်ကိုသိမြင်ပြီး ဘုရားအဖြစ်သို့ရောက်မှပဲ သားတော်ကလေးကို အားပါးတရကြည့်ပါတော့မယ်’လို့ ကြည့်မယ်ဆဲဆဲဟန်ပြင်ပြီး ကိုင်ထားတဲ့ ကြာခြည်ရုံလိုက်ကာစကို အသာပြန်ချ၊ မွေးခါစ သားကလေးမြင်ချင်တဲ့စိတ်ကိုမျိုသိပ်ပြီး တောထွက်တော်မူခဲ့ပါသတဲ့။

## ဝါဆိုလပြည့်၊ ကျားမင်းနေ့

**အောင်။** ။အလောင်းတော်မြတ် တောထွက်တော်မူတဲ့နေ့က ဝါဆိုလပြည့်၊ တနင်္လာနေ့ပါပဲ။ အဲဒီနေ့ကို လယ်တီဆရာတော်ကြီးက ‘ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်’လို့ စပ်ဆိုတော်မူပါတယ်။ နောက်ပြီး ဘုရားအလောင်းတော်

တောထွက်တော်မူတာကိုလည်း 'ချမ်းမြေ့ရဂုံ၊ တောရပ်လုံ့'လို့စပ်ဆိုပါတယ်။ 'ရဂုံ'ဆိုတာ တောကိုဆိုတာပါပဲ။ 'လုံ့'ကတော့ ခိုဝင်တာပေါ့။ နောက်ပြီးမှ ဘုရားအလောင်းတော် တောတွက်တော်မူပြီဆိုတာကို 'စုံမြိုင်ပင်ရိပ်၊ ခန်းမှာကို' လို့ ဖွဲ့ဆိုတော်မူပါတယ်။

## စုံမြိုင်ပင်ရိပ်၊ ခန်းမှာကို

**အောင်။** ။'စုံ' 'မြိုင်'စတာတွေဟာ 'တော'လို့ပဲအနက်ရတယ်။ ရှေးပေါရာဏလင်္ကာအရ 'ဖျားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ' လို့ တောပရိယာယ်ဆယ်မျိုးရှိတယ်။ 'စုံ,မြိုင်'ဟာ တောပါပဲ။ 'ပင်ရိပ်'က 'သစ်ပင်ဝါးပင်ရိပ်'ပေါ့။ 'ခန်းမှာကို' ဆိုရာမှာ 'တောထွက်ခန်း'၊ 'တောထွက်တဲ့အပိုင်း'ကိုရောက်ပြီလို့ယူနိုင်ပါတယ်။ အဲဒီ'ခန်း'အနက်က သက္ကတစကား'ခဏ္ဍ'ကဖြစ်လာတဲ့အနက်မျိုးပါပဲ။ 'အပိုင်း' 'ကဏ္ဍ'လို့ အဓိပ္ပာယ်ရပါတယ်။

**အောင်။** ။ကဲ...ဒီလင်္ကာရဲ့ အဓိပ္ပာယ်လိုရင်းကိုပြောပြမယ်၊ မှတ်သားကြပါ။

## စကားပြေ

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူပြီးနောက် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် နနယ်ပျိုမျစ်ချိန်ဝယ် ရမ္မ,သုရမ္မ,သုဘဟုဆိုအပ်သော ရွှေနန်းသုံးဆောင်တို့တွင် တစ်လှည့်စီစံမြန်းကာ စည်းစိမ်ကာမဂုဏ်အာရုံတို့ကို ခံစားစံစားတော်မူ၍ နုပျိုတင့်တယ်သော အသက်နှစ်ဆယ့်ကိုးနှစ်အရွယ်သို့ရောက်သောအခါ သူအို,သူနာ,သူသေ,ရဟန်းဟူသော နတ်တို့ပြသည့် နိမိတ်ကြီးလေးပါးကို မြင်တော်မူသောကြောင့် သံဝေဂစိတ်ဖြစ်ပေါ်တော်မူပြီးလျှင် ဝါဆိုလပြည့် တနင်္လာနေ့ညချမ်းအချိန်၌ ဖွားဖက်တော်ကဏ္ဍကမြင်းကိုစီး၍ ဆန္နအမတ်ကိုပါနောက်ပါခေါ်တော်မူကာ သာယာချမ်းမြေ့သော တောအရပ်သို့ ထွက်တော်မူခဲ့ပါသည်။

*

## အခန်း [ ၅ ]

## ဘုရားဖြစ်တော်မူခန်း

**အောင်။** ။ပြီးခဲ့တဲ့နေ့က တောထွက်ခန်းလင်္ကာကိုရှင်းပြသွားပြီမို့ ယနေ့ဘုရားဖြစ်တော်မူခန်းလင်္ကာကိုဆိုကြရအောင်။ ကလေးများသံပြိုင်ဆိုကြသည်။

* တောရပ်မြိုင်ပေါ်၊
ခြောက်နှစ်ပျော်၍၊
ခါတော်တပုံ၊
ပွင့်ချိန်ကြုံက၊
ကဆုန်လပြေ့၊
ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊
ပလ္လင်ဘွေထက်၊
ရွှေညောင်တော်ကြီး၊
ဗိတာန်ထီးနှင့်၊
မငြီးကြည်ဖြူ၊

နေတော်မှုလျက်၊
ရန်မြူခပင်း၊
အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊
အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊
သောင်းလုံးကျော်သည်၊
သုံးဖော်လူတို့ ငြမ်းပါကို။ ။

**တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍**

**အောင်။** ။'တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်'ဆိုတာကို မရှင်းပြမီ အလောင်းတော်မြတ် တောထွက်ခဲ့ပုံကိုပြောပြဦးမယ်။ အလောင်းတော်မြတ်သည် ဆန္နအမတ်ကိုနောက်ပါပြုပြီး ကဏ္ဍကမြင်းကိုစီး၍ တောထွက်တော်မူလာရာမှာ မြို့တံခါးဝရောက်တော့ မာရ်နတ်မင်းကြီးပေါ်လာပြီး 'အို…မင်းသား၊ တောမထွက်ပါနဲ့၊ ဒီကနေနောက်ထပ်လို့ ခုနစ်ရက်ကြာလျှင် စကြာရတနာကြီးဆိုက်ရောက်လာပါလိမ့်မယ်'လို့ပြောသတဲ့။ အဲဒီအခါ အလောင်းတော်မြတ်က မိမိရဲ့အကျိုးစီးပွားဖြစ်တဲ့စကြာရတနာကိုပယ်ရှားပြီး သတ္တဝါအများကို ဩဃလေးဖြာသံသရာမှ ကယ်တင်လိုမှု ရှေးရှုတော်မူကာ မာရ်နတ်သားကို 'သင် မတားပါနဲ့'လို့ပြောပြီး ရှေ့သို့ဆက်၍ တောထွက်ခဲ့ပါတယ်။ အနော်မာမြစ်ကမ်းစပ်ရောက်တော့ ဆံတော်နဲ့တကွ မင်းဝတ်မင်းစားတွေကို ပယ်တော်မူပါတယ်။ အလောင်းတော်မြတ်ရဲ့ဆံတော်

ကို သိကြားမင်းကခံယူပြီး တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီလို့စေတီတည်ထားပါတယ်။ ဝတ်လဲတော်တို့ကိုတော့ ဃဋိကာရဗြဟ္မာကြီးကခံယူပြီး ဗြဟ္မာ့ပြည်မှာ ဒုဿစေတီလို့ စေတီတည်ပါတယ်။

**အောင်။** ။အလောင်းတော်မြတ်ဟာ ရဟန်းပြုပြီးနောက် ရာဇဂြိုဟ်မြို့တော်ကို ဝင်တော်မူခဲ့ပါတယ်။ အဲဒီအခါက အသက်ကြီးသူတွေ ခိုးကိုးရာမဲ့သူတွေသာ ရသေ့ရဟန်းပြုကြတဲ့အချိန်ဖြစ်တာကြောင့် အလောင်းတော်မြတ်လို စကြဝတေးမင်းတို့ရဲ့ အမှတ်လက္ခဏာစုံလင်စွာပါရှိပြီး လှပနုပျိုပြည့်ဖြိုးတဲ့အရွယ်ကောင်းအရွယ်လှပုဂ္ဂိုလ်မျိုးကို ရသေ့ရဟန်းဝတ်နဲ့မြင်လိုက်ရကြရတော့ မြို့သူမြို့သားတွေဟာ အံ့အားသင့်ကုန်ကြသတဲ့။ ဒါကြောင့် လယ်တီဆရာတော်ကြီးက 'ရှုယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်'လို့ ရေးဖွဲ့ခဲ့တာပါ။ ဗိမ္ဗိသာရမင်းကြီးထံကိုလည်း အလောင်းတော်မြတ် ရသေ့ရဟန်းဝတ်နဲ့ ရာဇဂြိုဟ်မြို့ထဲရောက်လာပြီလို့အကြောင်းကြားတဲ့အခါ ဗိမ္ဗိသာရမင်းက အလောင်းတော်မြတ်ဗောဓိသတ်အား 'မိမိတိုင်းပြည်ကို ထက်ဝက်ခွဲပေးပါမယ်၊ တောမထွက်ဘဲ စည်းစိမ်ခံစားပါ'လို့ တောမထွက်ရန် တားမြစ်ပါသတဲ့။ အလောင်းတော်မြတ်က လက်မခံခဲ့ဘူး။ အလောင်းတော်မြတ်ဟာ ဥရုဝေလတောအတွင်းမှာ ခြောက်နှစ်ကြာအောင် ကျင့်ကြံအားထုတ်ရန်အလွန်ခဲယဉ်းတဲ့ အားထုတ်နည်းတွေနဲ့ အားထုတ်နေတော်မူခဲ့တယ်။ အဲဒီတုန်းက ကျင့်ကြံအားထုတ်ခဲ့တဲ့အကျင့်ကို ပါဠိ 'ဒုက္ကရစရိယာ'လို့ခေါ်တယ်။ အချို့သောကျမ်းတို့မှာ 'ပဓာနအကျင့်' လို့ပြတယ်။ ရတနသုတ်မှာပါတဲ့ 'ပဓာနစရိယ'ဆိုတာ အဲဒီဒုက္ကရစရိယာကိုပြောတာပါပဲ။ အဲသလို ဥရုဝေဠတောမှာ ခြောက်နှစ်တိုင်တိုင်ကျင့်တဲ့ ဒုက္ကရစရိယာအကျင့်ဟာ အင်မတန်ဆင်းရဲပင်ပန်းတဲ့အကျင့်ဖြစ်သော်လဲ အလောင်းတော်မြတ်ရဲ့စိတ်မှာတော့ ပင်ပန်းဆင်းရဲတယ်လို့သဘောမထား၊ ဥရုဝေလတောအတွင်းမှာနေရတာကို အလွန်မွေ့လျော်ပျော်ပိုက်တဲ့အတွက် 'ပျော်'ဆိုသောစကားလုံးကို ထည့်သွင်းဖွဲ့ဆိုခြင်းဖြစ်တယ်။

## ခါတော်တပုံ၊ ပွင့်ချိန်ကြုံက

**အောင်။** ။'ခါတော်တပုံ၊ ပွင့်ချိန်ကြုံက' ဆိုတဲ့စကားကလေးက ဒီနေရာမှာ အလွန်နက်နဲတာကလား။ 'ခါတော်' ဆိုတာ 'အချိန်အခါကျရောက်ပြီ' လို့ဆိုတဲ့အဓိပ္ပာယ်ရှိပါတယ်။ 'တပုံ' ကတစ်ကြိမ်။ 'ပွင့်ချိန်' ဆိုတာကတော့ မြတ်စွာဘုရားပွင့်ထွန်းပေါ်ပေါက်လာချိန်ကိုဆိုတယ်။ 'ဘုရားပွင့်တယ်–ဘုရားပွင့်တယ်' ဆိုရာမှာ 'ပွင့်' ဆိုတဲ့စကားဟာ ပဒုမ္မာကြာပန်းများ နေအာရုံနဲ့တွေ့တဲ့အခါ ပွင့်လာသလို၊ အရဟတ္တမဂ်ဉာဏ်ရောင်နဲ့တွေ့တဲ့အခါမှာ သဗ္ဗညုတဉာဏ်တော် ပွင့်ထွန်းပေါ်လာတာကို ပြောတာပါပဲ။

**အောင်။** ။ဒါ့ကြောင့် 'ခါတော်တပုံ၊ ပွင့်ချိန်ကြုံက' ကို 'အလွန်တရာမှ ဖြစ်တောင့်ဖြစ်ခဲသော ဘုရားပွင့်ခြင်းကာလသည် ပေါ်ထွန်း၍လာပြန်လေပြီ' လို့ကောက်ယူနိုင်တယ်။ ဘုရားဖြစ်ဖို့၊ ဘုရားပွင့်ဖို့ခက်ခဲသလား၊ ကြုံရခဲသလားဆိုတာ ကျမ်းဂန်စာပေများမှာတော့ ကြုံကြိုက်နိုင်ခဲပုံကို ဥပမာအမျိုးမျိုးနဲ့ အကျယ်တဝင့်ရေးသားထားကြပါတယ်။ ဖြစ်ခဲတဲ့ဒုလ္လဘတရားငါးပါးမှာလဲ 'ဗုဒ္ဓုပ္ပါဒဒုလ္လဘာ' ဆိုပြီး ဘုရားပွင့်ရာ သာသနာခေတ်သမယကြီးနဲ့ ကြုံကြိုက်ခဲတယ်လို့ဖော်ပြထားတယ်မဟုတ်လား။ လယ်တီဟောကိန်းတရားတော်ကြီးမှာ 'ဘုရားမည်သည် ကမ္ဘာတိုင်းမှာ ပွင့်သည်မဟုတ်၊ မဟာကမ္ဘာကြီး သိန်းသောင်းများစွာခြားပြီးမှ ပွင့်လေသည်။ ရံခါ၌ မဟာကမ္ဘာကြီး အသင်္ချေခြားပြီးမှ ပွင့်လေသည်' လို့ လယ်တီဆရာတော်ကြီးက ရေးတော်မူခဲ့ပါတယ်။ ဘုရားပွင့်ရန်ခဲယဉ်းသလို ပွင့်လာတဲ့ဘုရားနဲ့ ကိုယ်နဲ့တွေ့ဆုံနိုင်ဖို့ကလဲ ခက်ခဲပြန်ပါတယ်။ အဲသလို ဘုရားပွင့်တော်မူခြင်းနဲ့ ကြုံကြိုက်ခဲတာကို လယ်တီဆရာတော်ကြီးက 'ခါတော်တပုံ၊ ပွင့်ချိန်ကြုံ' ဟု ကျစ်လျစ်သိပ်သည်းစွာ ရေးဖွဲ့တော်မူခဲ့ပါတယ်။

7

## ဒုက္ကရစရိယာကြောင့် ဘုရားဖြစ်သလား?

**အောင်။** ။အလောင်းတော်မြတ်သည် ဥရုဝေလတောအတွင်း ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်တော်မူပြီး 'ခါတော်တပုံ၊ ပွင့်မျိုန်ကြုံ'လို့ရေးလိုက်တော့ ဒုက္ကရစရိယာအကျင့်ပြီးတာနဲ့ ဘုရားအဖြစ်ကိုရောက်တာပဲလို့ ထင်ဖွယ်ရှိနေတယ်။ အမှန်က ဒုက္ကရစရိယာအကျင့်ဟာ ပွင့်တော်မူမြဲဘုရားရှင်တို့ ဖြည့်ကျင့်တဲ့ကျင့်စဉ်တစ်ခုသာ ဖြစ်တယ်။ ဘုရားရှင်တိုင်းကျင့်ရတယ်ဆိုပေမယ့် ကျင့်တဲ့ကာလချင်းကတော့ မတူကြဘူး။ ကောဏ္ဍည၊ သုမန၊ အနောမဒဿီ၊ **သုဇာတ** ဘုရားလေးဆူက (၁၀)လစီကျင့်သတဲ့။ ဝိပဿီ၊ သိခီ၊ ကကုသန္ဓ ဘုရားသုံးဆူက(၈)လစီ ကျင့်သတဲ့။ ဝေဿဘူ၊ ကောဏာဂမန ဘုရားနှစ်ဆူက (၆)လစီကျင့်သတဲ့။ ကဿပဘုရားရှင်က (၇)ရက်သာ ကျင့်တော်မူတယ်။ ဂေါတမမြတ်စွာဘုရားကတော့ (၆)နှစ်ကျင့်တော်မူရပါတယ်။ အဲဒီဒုက္ကရစရိယာအကျင့်ကိုကျင့်လို့ ဘုရားဖြစ်ခြင်းမဟုတ်၊ 'လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းဖြည့်ကျင့်ခဲ့သော ပါရမီစာဂစရိယတရားတို့ ပြည့်ဝနေပြီဖြစ်လို့ ဒုက္ကရစရိယာမကျင့်သော်လည်း ဘုရားဖြစ်တော်မူမည်သာဖြစ်သည်'ဟု မင်းကွန်းတိပိဋကဓရဆရာတော်ကြီးက မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ၊ (စာမျက်နှာ–၂၅၉)တွင် ရှင်းလင်းရေးတော်မူခဲ့ပါတယ်။

## ကဆုန်လပြည့်၊ ဆင်မင်းနေ့

**အောင်။** ။အလောင်းတော်မြတ်ဟာ ဥရုဝေလတောမှာ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာကျင့်သုံးအားထုတ်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃–ခုနှစ်ဦး၊ တန်ခူးလလွန်မြောက် ကဆုန်လဆန်း ၁–ရက်နေ့အရောက်မှာ မိမိ၏ကျင့်ဆဲဖြစ်သော ဒုက္ကရစရိယာဆိုတဲ့ ပဓာနအကျင့်မှထွက်၍ အစာအာဟာရကိုဘုဉ်းပေးတော်မူခဲ့ပါတယ်။ ပြီးနောက် ဥရုဝေလတော သေနာနိဂုံးမှာနေတဲ့ သုဇာတာသူဌေးသမီးဆက်ကပ်တဲ့ တစ်သိန်းတန်ရွှေခွက်နဲ့တကွ

ဃနာနို့ဆွမ်းကိုခံယူပြီး နေရဥ္စရာမြစ်ကမ်းကိုကြွ၊ နေရဥ္စရာမြစ်ကမ်းရောက်တော့ မြစ်အတွင်းသက်ဆင်း၍ ရေချိုးတော်မူပြီးမှ နို့ဃနာဆွမ်းကို ဘုဉ်းပေးခဲ့ပါတယ်။ ပြီးတော့ သောတ္ထိယမြက်ထမ်းသမားလှူဒါန်းသော မြက်ရှစ်ဆုပ်ကို ယူဆောင်၍ မဟာဗောဓိကုန်းရှိရာအရပ်သို့ထွက်ခွာလာတော်မူခဲ့ပါတယ်။ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့မှာ မဟာဗောဓိပင်ကုန်းအရပ်ရှိ မဟာဗောဓိပင်ရင်းသို့ ရောက်ရှိတော်မူပါတယ်။ အဲဒီကဆုန်လပြည့် ဆင်မင်းနေ့ခေါ် ဗုဒ္ဓဟူးနေ့ဟာ ဗုဒ္ဓဘာသာဝင်တို့အဖို့ အမွန်အမြတ်ဆုံးနေ့ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ အလောင်းတော်မြတ်ဟာ သုံးလောကထွတ်ထားဘုရားစင်စစ်ဖြစ်တော်မူလို့ပါပဲ။

မြေ့ပရမေ

**အောင်။** ။'မြေ့ပရမေ'တဲ့။ လှပကျစ်လျစ်သောအသုံးအနှုန်းတစ်ခုဖြစ်ပါတယ်။ 'မြေ'ကတော့ 'မဟာပထဝီမြေကြီး' ကိုဆိုလိုပါတယ်။ 'မြေ'ကို'မြေ့'လို့ မြစ်သံနဲ့ဆိုလိုက်တာက လေးနက်အောင်ဆိုလိုက်တာပါပဲ၊ အနက်အဓိပ္ပာယ်တော့ သီးခြားမရှိပါဘူး။ 'ပရမေ'ဆိုတာက ပါဠိစကား၊ 'မြင့်မြတ်သောရှင်ဘုရင်၊ မြတ်စွာဘုရား'စသည့်အမွန်အမြတ်ပုဂ္ဂိုလ်ကိုဆိုလိုပါတယ်။ 'ပရမေ'ကိုအများအားဖြင့် သက်ရှိပုဂ္ဂိုလ်မှာသုံးလေ့ရှိပြီး လယ်တီဆရာတော်ကြီးက သက်မဲ့ဖြစ်သော မဟာဗောဓိပင်တည်ရှိရာမြေအပြင်ကို သက်ရှိအလား 'မြေ့ပရမေ'လို့ သုံးနှုန်းဖွဲ့ဆိုတော်မူခဲ့ပါတယ်။ ထိုမဟာဗောဓိပင်တည်ရာမြေသည် အသက်ရှိသောပုဂ္ဂိုလ်များအလား မြတ်စွာဘုရားရှင်ဘက်က သက်သေအဖြစ်ဆောင်ရွက်ခဲ့ပုံအကြောင်းကို ဒေဝပုတ္တမာရ်အောင်မြင်ခန်း၌ ဒီလိုတွေ့ရပါတယ်။

**အောင်။** ။အလောင်းတော်မြတ်သည် မဟာဗောဓိပင်ရင်း၌စံနေတော်မူစဉ်အခါ မာရ်နတ်သားဟာ ဂိရိမေခလာဆင်ကို စီး၍ စစ်ထိုးလာပါတယ်။ မာရ်နတ်သားနဲ့အတူပါလာတဲ့ မာရ်နတ်ဘက်တော်သားအများက မာရ်နတ်

ဘက်ကနေ မြေတုန်ခမန်းအော်ဟစ်ပြီး သက်သေလိုက်ကြသတဲ့။ အဲဒီအခါ အလောင်းတော်မြတ်မှာ သက်သေပြရန် အနီး၌ သက်ရှိလူနတ်သတ္တဝါဟုမရှိသည့်အတွက် မဟာဗောဓိပင်တည်ရှိရာမြေအပြင်ကိုပင် လက်ယာလက်တော်နဲ့ ညွှန်ပြပြီး 'သက္ခိဟောဟိ အယံမဟီ=ဤမြေပြင်သည် ငါ၏သက်သေဖြစ်လတ္တံ့'ဟု မိန့်ဆိုတော်မူလိုက်ပါတယ်။ အဲဒီအခါ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကြီးလည်သကဲ့သို့ သွက်သွက်ခါအောင်လည်ကာ သည်းထန်မြည်ဟည်း၍ သက်သေအရာ၌တည်ခဲ့သတဲ့။ မာရ်စစ်သည်အပေါင်းတို့လည်း မျက်နှာရှေးရှုမှုမိရာအရပ်ကနေ ဝသဝတ္တီနတ်ပြည်ကို ဖရိုဖရဲ ပြန်ပြေးကြကုန်တယ်။

**အောင်။** ။မဟာဗောဓိပင်တည်ရှိရာ ဗောဓိမဏ္ဍိုင်မြေကို ဘာကြောင့်မြတ်သောမြေလို့ဆိုရပါသလဲ?လို့မေးလျှင် မဟာပဒါနသုတ်အဋ္ဌကထာ၊ ဋီကာစသည်တို့မှာ ဗောဓိမဏ္ဍိုင်မြေနေရာသည် ကမ္ဘာတည်လျှင် ရှေးဦးဆုံးတည်ထွန်းခဲ့ပြီး ကမ္ဘာပျက်ပါက နောက်ဆုံးမှပျက်လေသောကြောင့် မြေတကာတို့တွင် ဘူမိသီသ=မြေထွတ်မြေမူး မြေဦးမြေကိုင် မြေမြတ်အဖြစ် သတ်မှတ်ဖွင့်ဆိုခဲ့ကြပါတယ်။ ပဋ္ဌာဝုဓပျို့မှာ 'မြေတကာ၏၊ အချာဓိပတိ၊ ဗောဓိရှေ့ပြင်'လို့ စပ်ဆိုပါတယ်။

## ပလ္လင်ဘွေထက်

**အောင်။** ။'မြေပရမေ၊ ပလ္လင်ဘွေထက်'မှာ'ပလ္လင်ဘွေ'ဆိုတာ မဟာဗောဓိပင်အောက်မှာ အဆန်းတကြယ်ပေါ်လာတဲ့ 'အပရာဇိတပလ္လင်တော်'ကိုဆိုလိုပါတယ်။ အဲဒီအပရာဇိတပလ္လင်တော်ဟာ ပလ္လင်တော်ဟုဆိုသော်လည်း 'မြက်အခင်းမျှသာဖြစ်သည်'လို့ယူဆတဲ့ အယူလဲရှိပါတယ်။ မဟာဗုဒ္ဓဝင်ကျမ်းကြီးမှာတော့ အပရာဇိတပလ္လင်တော်

ကြီးပေါ်လာပုံကို 'အလောင်းမြတ်သည် မဟာဗောဓိပင်သို့ ရောက်တော်မူတဲ့အခါ မဟာဗောဓိပင်ကို လက်ယာရစ် လှည့်လည်တော်မူပြီး အရှေ့အရပ်မျက်နှာဘက်သို့ကြွသွားကာ အနောက်အရပ်သို့မျက်နှာမူ ရပ်တည်နေတော်မူ၏။ အလောင်းမြတ်သည် ထိုသို့ရပ်တည်ပြီး 'ဤအရပ်ကား ခပ်သိမ်းသောဘုရားရှင်တို့၏ ကိလေသာတို့ကိုဖြိုဖျက်ရာ အောင်မြေအရပ်မှန်ပေသည်'ဟု သိရှိတော်မူ၍ သောတ္ထိယလှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်တို့ကို အဖျားမှကိုင်ကာ လှုပ်လှဲကြဲဖြန့်တော်မူ၏။ ထိုကဲ့သို့ကြဲဖြန့်လိုက်သောခဏဌပင် ထိုမြက်ရှစ်ဆုပ်တို့သည် မြက်၏အသွင်ကွယ်ပျောက်၍ တစ်စုံတစ်ယောက်သော ပန်းချီဆရာပန်းပုဆရာမျှ ရေးထုခြင်းငှာမတတ်သာအောင် လွန်စွာဆန်းကြယ်သည့် တစ်ဆယ့် လေးတောင်ပမာဏရှိသော ရတနာပလ္လင်ကြီးဖြစ်ကြကာ အလွန်အံ့သြဖွယ်ကောင်းသော ပုံပန်းသဏ္ဌာန်ဖြင့် တည်ရှိလေ ကုန်၏' ဖော်ပြထားပါတယ်။ (မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ။ စာမျက်နှာ–၂၈၁)။

**အောင်။** ။ရှေးစာပေကျမ်းဂန်တို့တွင် ပလ္လင်တော်အမြင့်ရှိ၊မရှိဆိုတဲ့အယူအဆ ကွဲပြားခဲ့ကြပါတယ်။ မုံရွေးဇေတဝန်ဆရာ တော်ကြီးက သမန္တစက္ခုဒီပနီကျမ်း၊ (ပုစ္ဆာအမှတ်စဉ်–၁၅၄)မှာ အပရာဇိတပလ္လင်တော်အကြောင်းကို အချက်အလက်များစွာနဲ့တင်ပြထားပြီး၊ 'ပလ္လင်တော်ကိုလည်း အရပ်အမြင့်ရှိ၏ဟူ၍သာ မှတ်သင့်သည်'လို့ဆုံးဖြတ် ရေးသားထားပါတယ်။ အခြားသောကျမ်းတို့မှာ 'ပလ္လင်'ဆိုတဲ့ ပါဠိဝေါဟာရဟာ ထိုင်စရာခုံပလ္လင်ကို အနက်သာမယူဘဲ၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းအဓိပ္ပာယ်ရှိတဲ့အတွက် ဒီနေရာမှာ 'ပလ္လင်'ဆိုတာ 'ထက်ဝယ်'ကိုယူရမယ်၊ 'ခုံ'ကိုမယူရလို့ ဆိုပါတယ်။ လက်ဝဲနော်ရထာလျှောက်ထုံးမှာ တောတွင်းဆရာတော်က 'ထက်ဝယ်'ကိုမယူဘဲ 'နေရာပလ္လင်'ကိုသာ လက်ခံယူဆပြီးဆုံးဖြတ်ရေးသားခဲ့ပါတယ်။ မဟာဗောဓိဝင်အဋ္ဌကထာပါဌ်မှာတော့ အဲဒီအပရာဇိတပလ္လင်တော်ကို 'အဘေဇ္ဇ,ဝိရ,ဇယ,ဝရ,မင်္ဂလ'လို့ အမည်ငါးမျိုးနဲ့ခွဲပြီးပြပါတယ်။ 'ရန်သူတို့မဖျက်နိုင်လို့ အဘေဇ္ဇပလ္လင်၊ သံမ္မပ္ပခာန်

ဝီရိယရှိသော မြတ်စွာဘုရားရှင်၏ပလ္လင်ဖြစ်၍ ဝီရပလ္လင်၊ မာရ်ငါးပါးကို အောင်မြင်ရာဖြစ်၍ ဇယပလ္လင်၊ မြတ်သော နေရာဌ်ဖြစ်၍ ဝရပလ္လင်၊ မင်္ဂလာနှင့်ပြည့်စုံ၍ မင်္ဂလပလ္လင်'လို့ ဖွင့်ဆိုရှင်းပြထားပါတယ်။

**အောင်။** ။တရုတ်ဗုဒ္ဓဘာသာရဟန်းတော်ကြီးဟူယင်ဆန်(ရွှမ်ကျန့်)ရဲ့ ခရီးသွားမှတ်တမ်းမှာတော့ 'ဤပလ္လင်တော်သည် ကျောက်သံပတ္တမြားအတိပြီး၍ ခြေလှမ်း(၁၀၀)ခန့်ပတ်လည်ရှိသည်။ ဤပလ္လင်ထက်၌ သဗ္ဗညုတဘုရားအဖြစ်သို့ရောက်ကြသည်။ သဗ္ဗညုတဉာဏ်တော်ကိုရကြသည်။ မြေလျင်လှုပ်သော်လည်း ဤပလ္လင်တော်သည် မလှုပ်။ ဆုတ်ကပ်ရောက်ချိန်မှာ ထိုပလ္လင်ကြီးကွယ်ပျောက်၍သွားလေသည်'လို့ ရေးသားထားပါတယ်။ နောက်တစ်ချက်က ဂေါတမမြတ်စွာဘုရားနဲ့ဆိုင်တဲ့ အပရာဇိတပလ္လင်တော်သည် (၁၄)တောင်အမြင့်ဆောင်ပြီး၊ ဒီပင်္ကရာဘုရားရဲ့ပလ္လင်က (၅၃)တောင်၊ ရေဝတ,ပိယဒဿီ,ဓမ္မဒဿီ,ဝိပဿီဘုရားတို့ရဲ့ပလ္လင်က (၅၈)တောင်၊ သုမနဘုရားရဲ့ပလ္လင်က (၆၀)တောင်စသည်ဖြင့် ဘုရားရှင်တို့အလိုက် ပလ္လင်အနိမ့်အမြင့်ကွဲပြားမှုရှိပေသေးသည်။

## ရွှေညောင်တော်ကြီး၊ ဗိတာန်ထီး

**အောင်။** ။'ရွှေညောင်တော်ကြီး'ဆိုတာက 'မဟာဗောဓိညောင်ပင်'ကိုဆိုလိုပါတယ်။ ထိုဗောဓိညောင်ပင်ဟာ ဘုရားအလောင်းတော်မြတ်ဖွားတော်မူစဉ်အခါက တစ်ပြိုင်နက်အတူပေါက်ဖွားလာတာဖြစ်လို့ ဖွားဖက်တော်ခုနစ်ဦးမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဖွားဖက်တော်ခုနစ်ဦးက (၁) ယသောဓရာမင်းသမီး၊ (၂) အာနန္ဒာမင်းသား၊ (၃) ဆန္နအမတ်၊ (၄) ကာဠုဒါယီအမတ်၊ (၅) ကဏ္ဍကမြင်း၊ (၆) မဟာဗောဓိညောင်ပင်၊ (၇) ရွှေအိုးကြီးလေးလုံးတို့ဖြစ်ကြပါတယ်။ (ဇာ၊ဋ္ဌ၊၁။ ဗုဒ္ဓဝင်၊ဋ္ဌ၊၃၂၂။ ဒီ၊ဋ္ဌ၊၁၊၁၁၈။) အဲဒီဖွားဖက်တော်ခုနစ်ဦးကို 'အာ–ဗော–ကာ–ယ၊

င–ရွှေ–ကဏ်’လို့ ဆောင်ပုဒ်ထားကြပါတယ်။ ဖွားဖက်တော်ခုနစ်ဦးမှာ မူကွဲရှိသေးတာက အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ဋ္ဌ၊၁။၂၃၄)နှင့် သာရတ္ထဒီပနီဋီကာ(၂၄၄)တို့မှာ ညီတော်အာနန္ဒာမင်းသားနေရာတွင် အာရောဟနီယဆင်တော်ကို ထည့်ထားပါတယ်။

**အောင်။** ။ဂေါတမမြတ်စွာဘုရားပွင့်ရာဌ် အမှီပြုတဲ့ဗောဓိပင်ဟာ ညောင်ဗုဒ္ဓဟေပင်ဖြစ်ပါတယ်။ အခြားသောနှစ်ကျိပ်ခုနစ်ဆူသောဘုရားတို့ပွင့်ရာ ဗောဓိညောင်ပင်တို့သည်လည်း အမျိုးမျိုးရှိကြတယ်။ ပမာအားဖြင့် ဒီပင်္ကရာဘုရားက ညောင်ကြတ်ဗောဓိပင်၊ ကောဏ္ဍညဘုရားက သာလကလျာဏီဗောဓိပင်၊ မင်္ဂလ,သုမန,ရေဝတ,သောဘိတဘုရားတို့က ကံ့ကော်ဗောဓိပင်၊ အနောမဒဿီဘုရားက ထောက်ကြံ့ဗောဓိပင်စသည်ဖြင့် ဘုရားတစ်ဆူနှင့်တစ်ဆူမတူ ဗောဓိပင်ချင်းကွဲပြားကြောင်း မှတ်သားကြရမယ်။

**အောင်။** ။ညောင်ဗုဒ္ဓဟေပင်ကြီးဟာ ဘုရားရှင်ပွင့်တော်မူချိန်မှာ အလိုအလျောက်ပေါ်ပေါက်လာတာဖြစ်ပြီး၊ ဖြစ်ပေါ်စဉ်အခါကပင် ငွါးငွါးစွင့်စွင့်အပင်ကြီးအကိုင်းကြီးဖြစ်ပါတယ်။ မြသွေးရောင်အဆင်းရှိ ရိုးရွက်တံပင်စည်တို့နဲ့ အမြင့်ကသံတောင်(၁၀၀)ရှိသတဲ့။ အဲဒီလိုဖွားမြင်တော်မူချိန်မှာ အမြင့်သံတောင်(၁၀၀)ရှိပြီး အခက်အလက်စိမ်းစိုတဲ့ညောင်ဗုဒ္ဓဟေပင်ကြီးဟာ ဘုရားရှင်တောထွက်လာတဲ့အခါမှာ ပိုမိုကြီးမားထွားကျိုင်းပြီး အခက်အလက်တွေဝေဝေဆာဆာဖြစ်နေပေလိမ့်မယ်။ ဘုရားရှင် မြက်ရှစ်ဆုပ်ဖြန့်ကြဲတော်မူလိုက်တဲ့အချိန်မှာ ဗောဓိပင်အောက်မှာ အပရာဇိတပလ္လင်တော်ပေါ်ထွက်လာသလို၊ ဗောဓိပင်ကြီးကလဲ အပရာဇိတပလ္လင်ကြီးအပေါ်နေပြီး မြရတနာထီးတော်ကြီးမိုးကာသလို ဗိတာန်မျက်နှာကြက်ကြီးပမာ အုပ်ဆိုင်းနေတာဖြစ်လို့ လယ်တီဆရာတော်ကြီးက ‘မြေပြပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်’လို့ ရေးဖွဲ့တော်မူပါတယ်။

**အောင်။** ။'ဗိတာန်'ဆိုတာ ပါဠိဝေါဟာရ 'ဝိတာန'။ အဓိပ္ပာယ်က 'မျက်နှာကြက်'ဖြစ်ပါတယ်။ ဒီနေရာ မေးစရာ ရှိတာက ထီးကို မျက်နှာကြက်အဖြစ် သုံးနိုင်သလားဆိုတာပါပဲ။ ရှင်ထွေးညိုရဲ့ ပြည်စုန်မော်ကွန်းမှာ 'ကနက္ကဒဏ်၊ ဗိတာန်ပစ္စုပ္ပ ဖြန့်တော်မူလျက်'လို့ ရေးဖွဲ့တာရှိပါတယ်။ ပုဂံဘုရားများမှာ မြတ်စွာဘုရားရဲ့ ခြေတော်ရာအစုံကို မျက်နှာကြက်လုပ်ထားကြပါတယ်။ အဲဒါကို ကဝိလက္ခဏာသတ်ပုံကျမ်း(အပိုဒ်–၆၀၀)မှာ 'ပါဒနက်သန်၊ စုံနှစ်ရန်၊ ဗိတာန်လုပ်၍ကာ'ဆိုပြီး မှတ်တမ်းလုပ်ထားခဲ့ပါတယ်။

## မငြီးကြည်ဖြူ နေတော်မူ

**အောင်။** ။အလောင်းတော်မြတ်ဟာ ထီးကဲ့သို့ ညောင်ဗုဒ္ဓဟေပင်ကြီးအုပ်မိုးထားတဲ့ အပရာဇိတပလ္လင်တော်ပေါ်မှာ အရှေ့အရပ်ကိုမျက်နှာပြုပြီး ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူစဉ် 'အရေမျှကျန်လိုလျှင်ကျန်စေ၊ အကြောမျှကျန်လိုလျှင်ကျန်စေ၊ အရိုးမျှကျန်လိုလျှင်ကျန်စေ ငါရဲ့တစ်ကိုယ်လုံး အသားအသွေးတွေခန်းခြောက်၍သွားလျှင်လဲ သွား ပါစေ၊ ဘုရားမဖြစ်သမျှ ဤဖွဲ့ခွေထားသောတင်ပလ္လင်ကို ဘယ်နည်းနှင့်မျှမဖျက်'ဆိုတဲ့ ထက်သန်သောဝီရိယတော် လေးပါးနှင့်နေတာဖြစ်လို့ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်းစသည် ရှိမည်မဟုတ်သောကြောင့် လယ်တီဆရာတော်ကြီးက 'မငြီးကြည်ဖြူ နေတော်မူ'လို့ ဖွဲ့လိုက်တာဖြစ်ပါတယ်။

## ရန်မြူခပင်း၊ အမိုက်သင်း

**အောင်။** ။'ရန်မြူခပင်း၊ အမိုက်သင်း'ဆိုရာမှာ 'ရန်မြူ'နဲ့'အမိုက်'ဟာ အနက်တူဖြစ်ပါတယ်။ ခပင်း'နဲ့ 'သင်း' ဟာ အနက်တူဖြစ်ပါတယ်။ 'ရန်မြူ'ဆိုရာမှာ 'ရန်'ဟာ'ဘေးရန်'ကိုဆိုလိုပြီး၊ 'မြူ'က 'အညစ်အကြေး'ကိုဆိုလို

ပါတယ်။ မြေကြီးကထွက်တဲ့ အမှုန်အမှိုက်ကို မြူမှုန့်၊ တောင်ခိုးကထွက်တဲ့ အခိုးအငွေ့အညစ်အကြေးကို မြူခိုးလို့ ခေါ်ပါတယ်။ 'မြူ'ဟာအညစ်အကြေးပါပဲ။ 'နေလတို့၏အညစ်အကြေးငါးပါး'ဆိုတာရှိတယ်။ အဲဒါတွေက (၁) ရာဟုအသူရိန်၊ (၂) တိမ်တောင်၊ (၃) မီးခိုး၊ (၄) ဆီးနှင်းနဲ့ (၅) မြူတို့ဖြစ်တယ်။ 'အမိုက်'ဆိုတာကလဲ မိုက်မဲတာ၊ မိုက်ကန်းတာ၊ မိုက်ရိုင်းတာမျိုးတွေဖြစ်ပါတယ်။ 'ဆိုးဝါးယုတ်မာပြီး မိုက်ကန်းရိုင်းစိုင်းတဲ့ အညစ်အကြေးတွေလို သတ္တဝါမျိုး'ကိုဆိုလိုကြောင်းထင်ရှားပါတယ်။ 'မောဟ'မသိမှုတရားကိုလဲ အမိုက်လို့သုံးနှုန်းပါသေးတယ်။

**အောင်။** ။'ခပင်း'က ရှေးသုံးပေါရာဏစကား။ အဓိပ္ပာယ်က 'အားလုံး' 'အစုအပေါင်း'လို့ အဓိပ္ပာယ်ရပါတယ်။

ရှင်ထွေးညိုရဲ့ ပြည်စုန်မော်ကွန်းမှာ 'ခပင်အားလုံး မှတ်ရာတည်း'လို့ ရေးဖွဲ့တာရှိပါတယ်။ 'သင်း'ဆိုတာက 'အဖွဲ့အသင်း'၊ 'အစုအဝေး'ကိုဆိုလိုတယ်။'အသင်း'ဆိုတာ 'အလေ့ သို့မဟုတ် အခြင်းအရာတူညီကြ၍ ဖွဲ့စပ်နေသော သက်ရှိသက်မဲ့များ၊ အဖွဲ့အစည်း၊ အစည်းအရုံး၊ ပေါင်းဖော်မှု'လို့ ဒေါက်တာလှဖေ ဦးဆောင်ပြုတဲ့ မြန်မာ–အင်္ဂလိပ် အဘိဓာန်၊ အတွဲ–၅၊ (စာမျက်နှာ–၃၅၆)မှာ အဓိပ္ပာယ်ဖွင့်ပြထားပါတယ်။ အဲဒီ 'အသင်း'ကို အာဒိလောပလို့ ခေါ်တဲ့ ရှေ့စာလုံး 'အ' ကိုချေပြီး၊ 'သင်း'လို့လဲ သုံးကြပါတယ်။ ဒါကြောင့် 'ခပင်း'နဲ့'အများ'၊ 'သင်း'နဲ့ 'အုပ်စု' ဆိုတာ အနက်အဓိပ္ပာယ်က အတူတူပါပဲ။

**အောင်။** ။'ရန်မြူးခပင်း၊အမိုက်သင်း'ဆိုတာ'အလွန်ဆိုးဝါးယုတ်မာမိုက်ရိုင်းသည့် အလေ့စရိုက်ရှိကြသောအစုအဝေး'

လို့ဆိုလိုက်လျှင်အတော်ပြည့်စုံသွားပါတယ်။ အဲဒါဘယ်ပုဂ္ဂိုလ်ရဲ့အစုအဝေးကိုဆိုလိုတာလဲဆိုတော့ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က မာရ်နတ်ကြီးနဲ့ သူ့ရဲ့ပရိသတ်ကိုဆိုလိုပါတယ်။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က မာရ်နတ်ဆိုတာ ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကိုအစိုးရတဲ့ နတ်မင်းကြီးမဟုတ်ပါဘူး။ အဲဒီနတ်ပြည်မှာ အစိုးရတဲ့နတ်မင်းကြီးက

သီးသန့်ရှိပါတယ်။ မာရ်နတ်သားကို 'လူ့ပြည်လောကဝယ် အခြံအရံပရိသတ်များစွာဖြင့် တိုင်းပြည်ကို လုယက်တိုက်ဖျက်ပုန်ကန်ဆိုးသွမ်းနေသော သူပုန်ခေါင်းဆောင်ကဲ့သို့ နတ်မိုက်အသင်းအပင်းများစွာခြံရံကာဖြင့် လူနတ်ဗြဟ္မာတို့၏ ကုသိုလ်ကောင်းမှုရေးကို အကြီးအကျယ်အနှောင့်အယှက်ပေးသော တန်ခိုးကြီးသည့် ထိုပရနိမ္မိတဝသဝတ္တီနတ်ပြည်သား နတ်သူပုန်ခေါင်းဆောင်တစ်ဦးသာဖြစ်သည်'လို့ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ၊ (စာမျက်နှာ–၂၉၄)မှာ ရှင်းလင်းဖော်ပြထားပါတယ်။

**အောင်**။ ။အဲဒီမာရ်နတ်ကြီး ဦးဆောင်လာတဲ့ ပရိသတ်ဟာ ဘယ်လောက်များသလဲဆိုရင် 'မာရ်နတ်၏ရှေ့မှ ၁၂–ယူဇနာ၊ လက်ယာဘက်က ၁၂–ယူဇနာ၊ လက်ဝဲဘက်မှ ၁၂–ယူဇနာ၊ အထက်၌ ၉–ယူဇနာ အမြင့်အစောက်ထုထည်ရှိ၍ နောက်မျက်နှာကမူ စကြဝဠာတိုက်အဆုံးအစွန်းတိုင်အောင် များပြားလှလေသည်။ ယင်းသည့် မာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော်ကြွေးကြော်သောအသံကို ယူဇနာတစ်ထောင်ဝေးကွာသော အရပ်မှစ၍ မြေပြိုသောအသံကဲ့သို့ ကြေက်မက်ဖွယ်ရာကြားရလေသည်'လို့ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ၊ (စာမျက်နှာ–၂၈၄)မှာပဲ ဖော်ပြထားပါတယ်။ အဲဒီလောက်များပြားတဲ့ မာရ်နတ်ဘက်တော်သားတွေကို လယ်တီဆရာတော်ကြီးက 'ရန်မြူခပင်း၊ အမိုက်သင်း'လို့ ရေးသားတော်မူခဲ့ပါတယ်။

## အမိုက်သင်း

**အောင်**။ ။'ရန်မြူခပင်း၊ အမိုက်သင်း'ဆိုတဲ့အဖွဲ့ကို ဆိုးဝါးယုတ်မာမိုက်ရိုင်းတဲ့ မာရ်နတ်အုပ်စုအဖြစ် အနက်ဖွင့်ပြီးတဲ့နောက် 'မသိမှု=မောဟတရား'အဖြစ်နဲ့လည်း အဓိပ္ပာယ်ဖွင့်ပြပါဦးမယ်။ ဂမ္ဘီရကဗျာကျမ်းမှာ လယ်တီဆရာတော်ဘုရားကြီးရဲ့ 'မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီမှာ'အစချီတဲ့လေးချိုးကြီးကို ဖော်ပြထားပါတယ်။

အဲဒီလေးချိုးကြီးကို လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးအဓိပ္ပာယ်ဖွင့်ဆိုရာမှာ 'သစ္စာလေးတန်အမှန်လေးချက်ကို သက်သက်မမြင်အောင် ဖုံးပိတ်သောအဝိဇ္ဇာလေးပါးသည်ရှိ၏။ ထိုအဝိဇ္ဇာလေးပါးကို အမိုက်'လို့ရေးသားထားပါတယ်။

## အရှင်းပယ်ဖျောက်၊ အလင်းပေါက်

**အောင်**။ ။'အရှင်းပယ်ဖျောက်'ဆိုတာက အလောင်းတော်မြတ်ဟာ မာရ်နတ်ရန်ကိုနှိမ်နင်းပြီးတဲ့အခါ အရဟတ္တမဂ်ဉာဏ်နဲ့ တစ်ထောင့်ငါးရာကိလေသာတွေကို သမုစ္ဆေဒပဟာန်လို့ခေါ်တဲ့ အမြစ်အရင်းပါမကျန် အကြွင်းမဲ့ အကုန်ရှင်းလင်းပယ်ဖျောက်ပစ်တာကိုဆိုလိုတယ်။ 'အလင်းပေါက်'က အဲသလိုကိလေသာရန်ခပင်း အမိုက်စု အမိုက်သင်းကိုရှင်းလင်းပြီး သဗ္ဗညုတဉာဏ်ရတော်မူတာကို ဉာဏ်အလင်းပေါက်တယ်လို့ဆိုပါတယ်။

**အောင်**။ ။မဟာဗုဒ္ဓဝင်ကျမ်းမှာ အလောင်းတော်မြတ်ဟာ မဟာသက္ကရာဇ် ၁၀၇–ခုနှစ်၊ကဆုန်လပြည့်နေ့ နေမဝင်မီမှာ မာရ်နတ်ရန်ကို အောင်မြင်တော်မူပါတယ်။ ထိုနေ့ညဉ့်ဦးယံမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံမှာ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံမှာ အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်းရတော်မူပြီး၊ ဘုရားအဖြစ်သို့ ကဆုန်လပြည့်နေ့ မိုးသောက်ယံမှာ ရောက်ရှိတော်မူကြောင်း ဖော်ပြထားပါတယ်။

## ထွန်းတောက်ဘုန်းမော်၊ သောင်းလုံးကျော်

**အောင်**။ ။အဲဒီလို သုံးလောကထွတ်ထားဘုရားအဖြစ်ကိုရတော်မူတဲ့အခါမှာ မြတ်စွာဘုရားရဲ့ ကံတော်ဉာဏ်တော် ဘုန်းတော်တန်ခိုးတော်တွေဟာ ထွန်းလင်းတောက်ပလာပြီး စကြဝဠာတိုက်တစ်သောင်းလုံးကို လွှမ်းမိုး အုပ်ဖုံးပျံ့နှံ့ကျော်ကြားသွားတာကို 'ထွန်းတောက်ဘုန်းမော်၊ သောင်းလုံးကျော်'လို့ ဖွဲ့ဆိုထားပါတယ်။

## သုံးဖော်သူတို့၊ ငြမ်းပါကို

**အောင်။** ။သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားစင်စစ်ကေန်အဖြစ်ရောက်တော်မူတာဟာ လူနတ်ဗြဟ္မာဆိုတဲ့ သုံးလောကသားတို့အဖို့ အထက်သုဂတိဘုံနှင့်တကွ နိဗ္ဗာန်ချမ်းသာရရန်ရောက်ရန် တက်လှမ်းနိုင်ရန်အတွက် အင်မတန်အားထားရမယ့် ငြမ်းကြီးတစ်ဆူ ပေါ်ပေါက်လာတာပဲလို့ ဆိုလိုပါတယ်။

**အောင်။** ။'ငြမ်း'ဆိုတာမြင့်မားလှတဲ့အဆောက်အအုံကြီးတွေအပေါ်၊ ဘုရားစေတီရဲ့ထီး မကိုင်္ုစတဲ့နေရာတွေအပေါ်ကိုတက်ရောက်ရန် ယာယီလုပ်ထားတဲ့စင်မြင့်ပဲ။ ဒီနေရာမှာ လူနတ်ဗြဟ္မာတွေအဖို့ ဘုရားပွင့်တော်မူတာဟာ အထက်ကိုတက်လှမ်းဖို့ ငြမ်းကောင်းကြီးပေါ်လာသလိုမှတ်ယူခဲ့ကြပါတယ်။ မာရ်နတ်ရန်ကို အလောင်းတော်မြတ်နှိမ်နင်းပြီးတဲ့အချိန်မှာ နတ်ဗြဟ္မာအပေါင်းဟာ ဘုရားအလောင်းနားကိုချဉ်းကပ်လာပြီး သောင်းသောင်းဖြဖြကြီးကြီးကျယ်ကျယ် နတ်ပန်းနံ့သာတွေနဲ့ကောင်းကင်ကြီးတစ်ခွင်လုံးပြည့်သိပ်အောင်ပူဇော်ကြပြီး၊ 'ငါတို့သည် ဤအလောင်းတော်သူမြတ် ဘုရားဖြစ်လတ်သောအခါ တရားတော်ကိုနာယူကြရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာအမြိုက်တရားကိုရရှိကြပြီးလျှင် ထိုလောကုတ္တရာတရားကိုးပါးကို အာရုံပြု၍ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းပီတိတရားများကို ဤဘုရားထံ၌ ကေန်ရကြပေလိမ့်မည်၊ ထိုမြတ်စွာဘုရားသည် ငါတို့ကို အမြိုက်တရားဟောကြားတော်မူလျက် ဇာတိတည်းဟူသောခရီးခဲ၊ ဇရာတည်းဟူသောခရီးခဲ၊ ဗျာဓိဟူသောခရီးခဲ၊ သောက,ပရိဒေဝ,ဒုက္ခဒေါမနဿ, ဥပါယာသတည်းဟူသောခရီးခဲအပေါင်းမှ လွတ်မြောက်ကြပေလိမ့်မည်။ ကယ်တင်တော်မူပေလိမ်မည်'ဟု ယုံကြည်အားရထားကြကြောင်းကို ထုတ်ဖော်ပြောဆိုကြပုံကို ဇိနာလင်္ကာရဋီကာကျမ်းမှာ ဖော်ပြထားပါတယ်။ (ဇိနာလင်္ကာရဋီကာ။ စာမျက်နှာ-၂၈၃/၂၉၁)။

**အောင်**။ ။အခုရှင်းပြခဲ့တဲ့ လင်္ကာရဲ့ဆိုလိုရင်းစကားပြေကို ရှင်းပြပါဦးမယ်။

စကားပြေ

အလောင်းတော်မြတ်သည် ဥရုဝေလတောမြိုင်ကြီးအတွင်း ခြောက်နှစ်တာ မွေ့လျော်ပျော်ပိုက်နေထိုင်ပြီး အင်မတန်ကျင့်နိုင်ခဲသော ဒုက္ကရစရိယာပဓာနအကျင့်တို့က အားသွန်ခွန်စိုက်ကျင့်သုံးဆောက်တည်တော်မူပြီးနောက် သုံးလောကထွတ်ထား ဘုရားစင်စစ်ဧကန်ဖြစ်ရန် သက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်နေ့တွင် မြတ်သောမဟာဗောဓိမဏ္ဍိုင်အောင်မြေအရပ်၌ မြထီးရတနာဗိတာန်မျက်နှာကြက်ကြီးပမာ လုံခြုံစွာမိုးကာထားသော ဗောဓိရွှေညောင်တော်ကြီး၏အောက် အပရာဇိတပလ္လင်တော်ထက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၍ မာရ်နတ်ကြီးနှင့်တကွ ငါးမျိုးသောရန်မာန်တို့ကို အောင်မြင်တော်မူကာ သဗ္ဗညုတဉာဏ်အလင်းပေါက်၍ ဗြဟ္မာနတ်လူသုံးဘုံလူတို့၏ တည်ရာမှီရာငြမ်းကြီးပမာ ဘုရားအဖြစ်သို့ရောက်တော်မူလေရာ စကြဝဠာတစ်သောင်းလုံး လွှမ်းမိုးပျံ့နှံ့ကျော်သွားလေသတည်း။ ။

*

## အခန်း [၆]

## မြတ်စွာဘုရားရှင် ဓမ္မစကြာဟောတော်မူခန်း

ဆောင်။ ။ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဓမ္မစကြာတရားတော်ကို ဟောတော်မူတဲ့အကြောင်းကို ဆက်ကြရအောင်။
ဓမ္မစကြာအခါတော်အဖွဲ့. ဘုရားရှိခိုးလင်္ကာကို ဆိုကြပါ။
ကလေးများသံပြိုင်ဆိုကြသည်။

ဘုရားဖြစ်စပါ၊
မိဂဒါသို့၊
စကြာရွှေမွှား၊
ပြန့်ရိုးသွား၍၊
ငါးပါးဝဂ္ဂီ၊
စုံအညီနှင့်၊
မဟီတစ်သောင်း၊
တိုက်အပေါင်းမှ၊
စ.ညောင်းကပ်လာ၊
နတ်ဗြဟ္မာအား၊

စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊
ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊
ဟောဖော်ကြားသည်၊
တရားနတ်စည် ရွမ်းတယ်ကို။ ။

## ဘုရားဖြစ်ခါ

**အောင်။** ။အခုလေ့လာကြမယ့်လင်္ကာက 'ဘုရားဖြစ်ခါ' နဲ့ အစချီတဲ့အတွက် ဘုရားဖြစ်တော်မူပြီးသောအချိန်အခါကို လေ့လာကြရမှာဖြစ်ပါတယ်။ 'ဘုရားဖြစ်ခါ' ဆိုတာ ဘုရားအဖြစ်သို့ရောက်တော်မူတဲ့ အချိန်အခါကိုဆိုလိုပါတယ်။ အချိန်ကာလအားဖြင့် မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လ။ သက်တော်အားဖြင့်(၃၅)နှစ်မှာဘုရားဖြစ်တော်မူပါတယ်။ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင်အပါအဝင် သတ္တဋ္ဌာနခေါ် ခုနစ်ပါးသောဋ္ဌာနတို့မှာ ခုနစ်ရက်စီသီတင်းသုံးနေပြီး အရဟတ္တဖိုလ်ချမ်းသာကိုခံစားနေတော်မူပါတယ်။ အဲဒီလို သတ္တဋ္ဌာနတို့မှာ လေးဆယ့်ကိုးရက်သီတင်းသုံးတော်မူပြီး ဝါဆိုလဆန်း ၆–ရက်နေ့မှာ အဇပါလညောင်ပင်အောက်မှာ ခေတ္တစံနေခိုက် တရားဟောကြားရမယ့်ပုဂ္ဂိုလ်တွေကိုဆင်ခြင်တော်မူရာ အာဠာရရသေ့နှင့်ဥဒကရသေ့တို့ကို ဆင်ခြင်မိသော်လည်း ထိုပုဂ္ဂိုလ်တို့ဟာ ကွယ်လွန်ခဲ့ပြီဖြစ်လို့ ပဉ္စဝဂ္ဂီငါးပါးတို့ကို တရားဦးဟောဖို့ဖြစ်ပေါ်လာပါတယ်။

ပဥ္စဝဂ္ဂီငါးဦးက အဲဒီအချိန်မှာ ဗောဓိမဏ္ဍိုင်နဲ့ (၁၀)ယူဇနာ၊ (၁၄)မိုင်ကွာဝေးတဲ့ ဗာရာဏသီနယ်က မိဂဒါဝုန်တော ထဲကိုရောက်နေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားသည် ဝါဆိုလဆန်း ၆–ရက်မှာ ပဥ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီသို့ ကြွတော်မူခဲ့ပါတယ်။

## မိဂဒါသို့

**အောင်။** ။'မိဂဒါ'ဆိုတာ မိဂဒါဝုန်တောကိုပြောတာပါပဲ။'မိဂ'က သားသမင်အပေါင်း၊'ဒါ'ဆိုတာက ဘေးမဲ့ပေးတာ၊ 'ဝုန်'ဆိုတာက ပါဠိလို ဝန=တောပေါ့။ မိဂ+ဒါ+ဝန်(ဝုန်)=မိဂဒါဝုန်=သားသမင်တွေကို ဘေးမဲ့ပေးတဲ့ တောလို့ အဓိပ္ပာယ်ရပါတယ်။ မိဂဒါဝုန်ကို 'ဣသိပတန မိဂဒါယ'လို့ 'ဣသိပတန'ပုဒ်နဲ့တွဲပြီးခေါ်လေ့ရှိတယ်။ 'ဣသိပတန'ဆိုတာ 'ဣသိ=ရသေ့ရဟန်းသူတော်စင်+ပတန=ကြရောက်ရာ၊ ဆင်းသက်ရာ၊ နားနေရာ'ပေါ့။ ရှေးအခါက ဈာန်ရရသေ့ရဟန်းတွေဟာ ကောင်းကင်ကဈာန်နဲ့ကြွလာကြပြီး မိဂဒါဝုန်တောအရပ်ကိုရောက်တဲ့အခါ ဆင်းသက်ပြီး အနားယူမွေ့လျော်နေကြသတဲ့။ မိဂဒါဝုန်မှာ အသောကမင်းကြီးက 'ဤနေရာ၌ မြတ်စွာဘုရားရှင် ဓမ္မစကြာဟောတော်မူရာဌာနဖြစ်သည်'လို့ ကျောက်တိုင်စိုက်ထူမှတ်တမ်းတင်ထားခဲ့တယ်။

## စကြာရွေ့ဖွား

**အောင်။** ။'စကြာရွေ့ဖွား'ဆိုတာက မြတ်စွာဘုရားသည် တရားဦးဟောကြားရန်အတွက် ပဥ္စဝဂ္ဂီငါးဦးတို့ရှိရာ မိဂဒါဝုန်တောသို့ကြွတော်မူတဲ့အခါ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော်တို့နှင့်ပြည့်စုံတဲ့ ခြေတော်အစုံနဲ့ကြွတော်မူတာကို ဆိုလိုပါတယ်။

## ရွှေဖွား

**အောင်**။ ။'ရွှေဖွား'ဆိုရာမှာ မြတ်စွာဘုရားရှင်ရဲ့ ရွှေအဆင်းရှိတော်မူတဲ့ ဖဝါးတော်အစုံကိုဆိုလိုပါတယ်။ 'ဖွား' ဆိုတာ 'ဖဝါး'၊ 'ခြေဖဝါး'ပါပဲ။ ဒါပေမယ့် လေးလုံးစပ်ဖွဲ့ရတာဖြစ်တော့ 'ဖဝါး'ကို'ဖွား'လို့ချုံ့ပြီးရေးပါတယ်။ ဒီနေရာမှာမေးစရာရှိတာက ဗောဓိမဏ္ဍိုင်ကနေ(၁၄၂)မိုင်ဝေးကွာတဲ့ ဗာရာဏသီရှိမိဂဒါဝုန်ကို ဘာဖြစ်လို့ ကောင်းကင်ခရီးကတန်ခိုးတော်နဲ့ကြွမသွားတာလဲလို့မေးစရာပါပဲ။ ဟိုရှေးရှေးဘုရားရှင်တွေကတော့ ဓမ္မစကြာတရားဦးဟောဖို့အတွက် ပဥ္စဝဂ္ဂီရှိရာကို ကောင်းကင်ကစျာန်နဲ့ကြွသွားတော်မူလေ့ရှိသတဲ့။ ထို့ဘုရားရှင်ကတော့ နောင်အခါတရားရမယ့် ဥပကဆိုတဲ့ တက္ကတွန်းရဟန်းကြီးနဲ့ လမ်းခရီးမှာဆုံဖို့ရာအတွက်ကြောင့် မိဂဒါဝုန်ကို ခြေလျင်ကြွသွားတာဖြစ်တယ်ကွယ့်။ အဲဒါကို လယ်တီဆရာတော်ကြီးက 'စကြာရွှေဖွား၊ ဖြန့်ချီသွားသော်'လို့ လင်္ကာဖွဲ့သီတော်မူပါတယ်။

## ငါးပါးဝဂ္ဂီ

**အောင်**။ ။'ငါးပါးဝဂ္ဂီ'ဆိုတာက တရားဦးနာကြမယ့်ပဥ္စဝဂ္ဂီငါးဦးကိုဆိုပါတယ်။'ဝဂ္ဂီ'ဆိုတာပါဠိလို'အစု'ပါပဲ။ 'ပဥ္စ' ဆိုတာက 'ငါးပါး'၊ 'ပဥ္စဝဂ္ဂီ'နှစ်ရပ်ပေါင်းတော့ 'ငါးပါးရှိသောအစု'ပေါ့။ အဲဒီပဥ္စဝဂ္ဂီတို့ဟာ ဘုရားအလောင်းဖွားတော်မူစအခါက ဘုရားဧကန်ဖြစ်မယ်ဆိုတာသိကြလို့ ဘုရားဖြစ်လာရင် တရားဦးနာရအောင် တောထွက်ပြီးစောင့်နေခဲ့ကြတဲ့ ကောဏ္ဍညပုဏ္ဏားကြီးနဲ့ အခြားပုဏ္ဏားတွေရဲ့သားတွေဖြစ်တယ်။ ဘုရားအလောင်းတောထွက်ပြီးဥရုဝေလတောကို ရောက်လာတော့လဲ သူတို့ကကြိုဆိုပြီး အလုပ်အကျွေးပြုခဲ့ကြပါတယ်။ သူတို့တတွေက အသက်ကြီးလှပါပြီ။ သူတို့ထဲက အကြီးဆုံးကောဏ္ဍညဆိုတာက ဘုရားလောင်းဖွားတော်မူစက ဗေဒင်ဟောတဲ့ပုဏ္ဏားထဲမှာအငယ်ဆုံး သုဒတ္တတဲ့။ ဟိုတုန်းကအသက် ၂၀–သာသာလောက်ဆိုတော့ အခုတရားဦးဟောတဲ့အချိန်မှာ အသက်တော်

ဖဝ–လောက်ရှိရောပေ့ါ။ ကျန်တဲ့ ‘ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာနဲ့ အဿဇိ’တို့ကတော့ ဘုရားလောင်းကို ဗေဒင်ဟောပေး ခဲ့တဲ့ ပုဏ္ဏားကြီးတွေရဲ့ သားတွေဖြစ်ကြသတဲ့။ သူတို့တစ်တွေကလဲ အသက်လေးဆယ်ကျော်လောက် ဖြစ်စရာရှိပါတယ်။

## မဟီ

**အောင်**။ ။‘မဟီ’ဆိုတာက မြေကြီးကိုဆိုလိုပါတယ်။ ဒုတိယလင်္ကာမှာပါတဲ့ ‘မဟီလှိုက်ဆူ’တုန်းကလည်း ‘မဟီ’ကို ရှင်းပြပြီးဖြစ်ပါတယ်။ လယ်တီဆရာတော်ကြီးက ပါဠိအဘိဓာန်ဂါထာလာ မြေပရိယာယ်(၁၉)ပါးထဲက ‘မဟီ’ကို နှစ်သက်ပုံရပါတယ်။ ဒီနေရာမှာ ‘မဟီ’ဟာကမ္ဘာမြေကြီးကိုသာမက ကမ္ဘာပေါင်းများစွာပါရှိတဲ့ စကြဝဠာပေါင်း တိုက်တစ်သောင်းကိုလဲဆိုလိုပါတယ်။ စကြဝဠာပေါင်းတိုက်တစ်သောင်းဆိုတာက ဖြစ်အတူပျက်အတူ၊ နောက်ပြီး မြတ်စွာဘုရားရှင် သန္ဓေယူတဲ့အခါနှင့် ဖွားတော်မူတဲ့အခါတွေမှာ တစ်ပြိုင်နက်တုန်လှုပ်ကြတဲ့ စကြဝဠာအစုအဝေးကြီးကို ဆိုလိုပါတယ်။ ပထမလင်္ကာမှာပါတဲ့ ‘သောင်းခွင်စကြဝဠာ’တုန်းကလဲ စကြဝဠာဆိုတာကိုရှင်းပြပြီးပါပြီ။ စကြဝဠာ အစုအဝေးနဲ့စပ်လျဉ်းပြီး ပါဠိစာပေမှာ ခေတ်သုံးမျိုးခွဲခြားထားတယ်။

## ခေတ်သုံးမျိုး

**အောင်**။ ။ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်လို့ ခေတ်သုံးမျိုးရှိတယ်။ အလောင်းတော်ဖွားတော်မူတာနဲ့ တပြိုင်နက် လှုပ်ရှားသွားတဲ့ ဇာတိခေတ်က စကြဝဠာပေါင်းတိုက်တစ်သောင်းရှိသတဲ့။ ဇာတိခေတ်ဆိုတာက (ဖွား–ပွင့်–ဟော–လွှတ်–နိဗ္ဗာန်စံ)စသည်တို့ကို ဥပလက္ခဏနည်းအရ ဘုရားရှင်သန္ဓေယူခြင်း၊ ဖွားခြင်း စသည့် ဇာတိကိုပြသလိုသဖြင့် ဇာတိခေတ်လို့ဆိုလိုက်ခြင်းဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်၏တရားတော်များ တန်ခိုးအာဏာ

သက်ရောက်တဲ့ အာဏာခေတ်ဆိုတာက စကြဝဠာပေါင်းကုဋေတစ်သိန်းရှိသတဲ့။ ပရိတ်ကြီးပါဠိမှာပါတဲ့ 'သမန္တာစက္ကဝါဠေသု'ဆိုတဲ့ အဲဒီစကြဝဠာဟာ အာဏာခေတ်စကြဝဠာ ကုဋေတစ်သိန်းပါပဲ။ ဝိသယခေတ်ဆိုတာက စကြဝဠာအနန္တ ဖြစ်ပြီး မြတ်စွာဘုရားဉာဏ်တော်နဲ့အာရုံပြုနိုင်တဲ့ခေတ်ကိုဆိုလိုပါတယ်။ ဒီနေရာမှာ 'မဟီတစ်သောင်း' ဆိုတာ ဇာတိခေတ်စကြဝဠာတိုက်တစ်သောင်းကို ဆိုလိုပါတယ်။

## ခညောင်းကပ်လာ၊ နတ်ဗြဟ္မာ

**အောင်။** ။မိဂဒါဝုန်တောအတွင်းမှာ မြတ်စွာဘုရားရှင် တရားဦးဓမ္မစကြာကိုဟောတော်မူတဲ့အခါ တရားနာပရိသတ်က ပဉ္စဝဂ္ဂီငါးဦးဖြစ်တယ်လို့ အသိများကြပါတယ်။ ပန်းချီကားများရေးဆွဲကြရင်လဲ မြတ်စွာဘုရားနဲ့ပဉ္စဝဂ္ဂီငါးဦးတို့ပုံကိုသာ ရေးကြတဲ့အလေ့ရှိပါတယ်။ စင်စစ် ဓမ္မစကြာတရားကို နာယူတဲ့ပရိသတ်မှာ လူသားထဲကဆိုရင် ပဉ္စဝဂ္ဂီရဟန်းငါးပါးဖြစ်ပြီး ဗြဟ္မာတွေကတော့ (၁၈)ကုဋေတောင်မှ ပါရှိသတဲ့။

**အောင်။** ။ဒီနေရာမှာမေးစရာရှိလာပြန်ပါတယ်။ ဓမ္မစကြာအဖွင့်မှာပါတဲ့ သဟမ္ပတိဗြဟ္မာကြီးတောင်းပန်လို့ဓမ္မစကြာတရားဟောတာမဟုတ်ဘူးလားဆိုတဲ့အချက်ပါပဲ။ စက္ကိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်နှစ်ထပ်ရ ဆရာတော်ဦးဇုဇ်ရဲ့ ဓမ္မစကြာအဖွင့်ဂါထာမှာ 'သဟမ္ပတိနာမကော၊ မဟာဗြဟ္မေန ယာစိတော' (သဟမ္ပတိအမည်ရှိသော ရှာန်ယာဉ်အစ ပထမဘုံ ခိုလှုံပျော်လတ် မြတ်သောဗြဟ္မာသည် သောင်းတိုက်စက္ကဝါ နတ်ဗြဟ္မာတို့နှင့်အတူလာကာ ညီညာစုပေါင်း တောင်းပန်အပ်သည်ဖြစ်၍)လို့ ရေးသားပါတယ်။ သဟမ္ပတိဗြဟ္မာကြီးတောင်းပန်တာက ဓမ္မစကြာတရားတော်တစ်ပုဒ်တည်းမဟုတ်ပါဘူး၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)

တရားတော်အားလုံးကိုဟောကြားတော်မူဖို့ မြတ်စွာဘုရားရှင် သတ္တဌာနစံတော်မူစဉ် အဇပါလညောင်ပင်၌ လာရောက်တောင်းပန်တာဖြစ်ပါတယ်။ ဘုရားရှင်က သဟမ္ပတိဗြဟ္မာကြီးကို တရားဟောတော်မူမယ်လို့ ပဋိညာဉ်ပေးတော်မူပြီး တရားနာမယ့်လူကိုရှာရင်း ပဉ္စဝဂ္ဂီတို့ကိုရှုဆင်ခြင်မိလို့ မိဂဒါဝုန်ရှိရာပဉ္စဝဂ္ဂီတို့ထံကြွရောက်ပြီး ဓမ္မစကြာတရားတော်ကို ဟောကြားတာဖြစ်ပါတယ်။ ဒါကြောင့် သဟမ္ပတိဗြဟ္မာကြီးတောင်းပန်လို့ ဓမ္မစကြာကိုဟောတော်မူတယ်ဆိုရင်လဲ ဆိုနိုင်ပါတယ်။ သဟမ္ပတိဗြဟ္မာကြီးဟာ သူတောင်းပန်လို့ ဓမ္မစကြာတရားဦးကိုဟောတဲ့အခါ မလာဘဲ ဘယ်နေပါ့မလဲ။ လာပြီးနာရမှာဖြစ်တော့ သူနဲ့အတူ ဗြဟ္မာပေါင်း(၁၈)ကုဋေတို့ဟာလဲအတူတူပါလာပြီး နာယူကြတာဖြစ်ပါတယ်။

**အောင်**။ ။မြတ်စွာဘုရားရှင်၏ 'ဒွေ မေ ဘိက္ခဝေ အန္တာ'အစရှိသော ဓမ္မစကြာတရားဟောတော်မူသည့်အသံတော်ဟာ အထက်ဘဝဂ် အောက်ဘဝဂ်အဝီစိသို့ခိုက်လျက် လောကဓာတ်စကြဝဠာ တိုက်ပေါင်းတစ်သောင်းလုံးပျံ့နှံ့သွားတာကြောင့် အဲဒီလောကဓာတ်စကြဝဠာပေါင်းတစ်သောင်းမှ သစ္စာလေးပါးတရားကိုသိဖို့ရန် အဓိကကုသိုလ်ထူးပြုဖူးခဲ့ကြတဲ့ သဟမ္ပတိဗြဟ္မာကြီးအမှူးရှိ ဗြဟ္မာပေါင်း(၁၈)ကုဋေတို့ဟာ တညီတညွတ်စည်းဝေးရောက်ရှိလာကြကုန်တယ်လို့လည်း ယူနိုင်ပါတယ်။ ဗြဟ္မာတွေလာရင် နတ်တွေလဲပါလာမှာ သေချာပါတယ်။ ဒီအကြောင်းတွေကို ရည်ရွယ်ပြီး လယ်တီဆရာတော်ကြီးက 'မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာတို့'လို့ ဗြဟ္မာသာမက နတ်ကိုပါထည့်၍ ဖွဲ့ဆိုတော်မူခဲ့ပါတယ်။

## ဝါဆိုလပြေ့၊ စနေနေ့

**အောင်**။ ။ဓမ္မစကြာတရားတော်ကြီးကို မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့်၊ စနေ့နေ့ညနေချမ်းအခါမှာ နေမင်းကလည်း မိမိအရောင်အလင်းဖြင့် ပကတိအမှောင်ထုကို ပယ်ရှင်းလွှင့်ပျောက်၍

ထွန်းလင်းတောက်ပနေတုန်း၊ ထွက်လုဆဲဆဲလမင်းကလည်း ဥတ္တရာသဠ်နက္ခတ်နဲ့ယှဉ်ပြီး မိမိရဲ့အရောင်အလင်းနဲ့ ပကတိအမှောင်ထုကို ပယ်ရှားထွန်းလင်းတောက်ပလို့ အရှေ့လောကဓာတ်မှထွက်လာတဲ့အခါမှာ ဟောတော်မူတာ ဖြစ်ပါတယ်။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။ ၃၂၇။)မှာ နေရောလပါနှစ်ခုထင်ရှားနေတုန်း ဓမ္မစကြာတရားကို ဟောတော်မူကြောင်းဖော်ပြပါတယ်။ စနေနေ့ဆိုတာကတော့ လောကီပြက္ခဒိန်နည်းအရပြောခြင်းသာဖြစ်ပါတယ်၊ ပါဠိတော်မှာမလာပါဘူး။ ဒါပေမယ့် လယ်တီဆရာတော်ကြီးက အရပ်သူအရပ်သားများမှတ်သားနိုင်စေရန် ဓမ္မစကြာ ဟောတော်မူသောအခါကို 'ဝါဆိုလပြေ့၊ စနေနေ့ဝယ်'လို့ အရပ်သုံးအတိုင်း ရေးဖွဲ့တော်မူခဲ့ပါတယ်။

## ဓမ္မစက်

**အောင်။** ။'ဓမ္မစက်'ဆိုတဲ့အပိုဒ်ကိုပြောရအောင်။ 'ဓမ္မစက်'ဆိုတာက ဒီလင်္ကာအပိုဒ်မှာ အရေးပါလှတဲ့ 'ဓမ္မစကြာ' ပဲကွယ့်။ ဓမ္မစကြာဆိုတာ တရားစကြာပေါ့။ 'စကြာ'ဆိုတာပါဠိလို 'စက္က'၊ မြန်မာလိုတော့ 'လည်တယ်'ပေါ့။ ဓမ္မစကြာတရားတော်ရဲ့ မူလနာမည်က ဓမ္မစက္ကပဝတ္တနသုတ်ဖြစ်ပါတယ်။ အဓိပ္ပာယ်က 'တရားစက်ကိုလှည့်တယ်၊ တရားစက်လည်ပြီ'လို့ဖြစ်တယ်။ ဟိုရှေးရှေးဘုရားတွေ မဟာပရိနိဗ္ဗာန်စံဝင်ပြီး သာသနာဟော်ကွယ်ပကတည်းက ရပ်နားထားတဲ့တရားစက်ကြီးကို ဒီတရားကစပြီး လည်စေတာဖြစ်လို့ တရားစက်လည်တယ်လို့ သုံးနှုန်းတာပဲ။ ပြီးတော့ မြတ်စွာဘုရားရဲ့ ဒေသနာဉာဏ်တော်ကလဲ ဒီတရားဦးဟောရာက စပြီးလည်တော်မူတာမဟုတ်လား။
၉ တပည့်သာဝကများရဲ့အသိဆိုတဲ့ ပဋိဝေဓဉာဏ်တွေဟာလဲ ဒီတရားဦးမှာပဲစပြီး နားလည်ခဲ့တာပါပဲ။ ဒါကြောင့် ဒီတရားကို ဓမ္မစကြာလို့ အမည်ပေးရခြင်းဖြစ်ပါတယ်။

## ကြွေ့ကြွေ့လျှံတက်

**အောင်။** ။လယ်တီဆရာတော်ကြီးက ဓမ္မစကြာတော်ကို ‘ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်’လို့ဖွဲ့ပါတယ်။ ‘ကြွေ့ကြွေ့လျှံတက်’လို့ဆိုရာမှာ ‘ကြွေ့’ဟာ တစ်လုံးတည်းဆိုရင် ‘ပြည့်ဝသည်၊ ပြည့်စုံသည်၊ ပြည့်ဖြိုးသည်၊များပြားသည်’လို့အဓိပ္ပာယ်ရပါတယ်။ ‘ပညာစုံတယ်၊ ပညာပြည့်ဝတယ်’ဆိုတာမျိုးကို ‘တတ်ဆုံးသိမ်မွေ့၊ပညာကြွေ့သား’လို့ ရေးကရေးပါတယ်။ ‘ကြွေ့ကြွေ့‘ဆိုရင်တော့ ကြိယာဝိသေသနသဘော၊ အဓိပ္ပာယ်က ‘ပြည့်စုံစွာ၊များပြားစွာ’လို့အဓိပ္ပာယ်ရတယ်။ ‘လျှံတက်’ဆိုတာက ဆူဝေတဲ့သဘောပါပဲ။ ပြည့်လို့လျှံပြီးအထက်ကိုတက်လာတာပါပဲ။ ဒီတော့ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူစ သတ္တဌာနၥ်ခံနေတော်မူစဉ်အခါမှာ မည်သည့်လူနတ်ဗြဟ္မာတစ်ဦးတစ်ယောက်ကိုမျှ တရားမဟောသေးဘဲ မိမိ၏ရင်တွင်း၌မဆံ့ လျှံတက်၍လာသော ဥဒါန်း(ခေါ်)စကားတော်များကိုသာ မြွက်ကြားကျူးရင့်နေတော်မူပါတယ်။ အဲဒီဥဒါန်းပါဠိတော်တွေအဆုံး ရှေးဦးစွာပရိသတ်ကိုဟောတဲ့တရားတော်ကတော့ ဓမ္မစကြာတရားပါပဲ။ ဒါကြောင့် ဥဒါန်းစကားမဟုတ်သော်လဲ မြတ်စွာဘုရားရှင်သည် ကဿပမြတ်စွာဘုရားသာသနာဆိတ်သုဉ်းသည်မှစပြီး ရပ်တံ့ထားခဲ့တဲ့ ဤဓမ္မစကြာတရားတော်ကြီးကို စတင်လည်ပတ်စေရာမှာ ဥဒါန်းတရားများကဲ့သို့ပင် ရင်နှင့်မဆံ့ လျှံထွက်ပေါ်လာရသောဓမ္မဒေသနာတော်ဖြစ်ပေလိမ့်မည်ကိုရည်၍ လယ်တီဆရာတော်ကြီးက ‘ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်’ကို ဖွဲ့ဆိုတာဖြစ်ပါမယ်။ နောက်ပြီး ဓမ္မစကြာတရားကိုဟောတဲ့အခါမှာ ပဉ္စဝဂ္ဂီငါးဦးကို ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ဖြစ်တတ်တဲ့ အညစ်အကြေးဘေးဟူသမျှမဖြစ်စေဘဲ အချိန်ပြည့်တရားအလုပ်၌နစ်မြုပ်စေရန် ဆုံမဟောကြားတော်မူတာဖြစ်လို့ ဒီတရားထက်အပြည့်အစုံဟောတဲ့တရားမရှိနိုင်ပါဘူး။ အကြွင်းအကျန်မရှိပြည့်စုံစွာဟောတော်မူတဲ့တရားဖြစ်လို့ ‘ကြွေ့ကြွေ့’လို့သုံးနှုန်းတာလဲဖြစ်နိုင်ပါတယ်။ ဒီထက်လေးနက်တဲ့အဓိပ္ပာယ်တွေလည်းရှိနိုင်ပါသေးတယ်။

## မိန့်မြွက်ထွေပြား

**အောင်။** ။'မိန့်မြွက်'ဆိုတာက'ဟောကြားပြောဆို'တာပါပဲ။ 'ထွေပြား'က 'အထူးထူးအလှယ်လှယ်၊ ထူးထူးခြားခြား' လို့ အဓိပ္ပာယ်ရှိပါတယ်။ ဒါကြောင့် ဤကမ္ဘာပေါ်မှာ လူနတ်ဗြဟ္မာမည်သူ တစ်ဦးတစ်ယောက်မှ ဟောနိုင်ရန် မစွမ်းသော ဓမ္မစကြာတရားတော်ကို ဟောတော်မူတာဖြစ်လို့ အလွန့်ကို ထူးထူးခြားခြားဟောတော်မူတာဖြစ်တယ် ဆိုတဲ့အနေမျိုး 'မိန့်မြွက်ထွေပြား'လို့ ရေးဖွဲ့တော်မူပါတယ်။

## တရားနတ်စည်

**အောင်။** ။ဓမ္မစကြာတရားတော်ကြီးကို မြတ်စွာဘုရားရှင် ဟောကြားတော်မူတာကိုလည်း လယ်တီဆရာတော်ကြီးက 'တရားနတ်စည်ရွှမ်းတယ်'လို့ ဖွဲ့ဆိုခဲ့ပါတယ်။ 'ရွှမ်း'ဆိုတာ 'တီးခတ်'တာပါ။ 'တရားနတ်စည်ကြီးကို တီးခတ်တာ'လို့ဆိုချင်ပါတယ်။ အခု ဓမ္မစကြာဟောတော်မူခန်းကို ဖွဲ့ဆိုတဲ့လင်္ကာ၏အဓိပ္ပာယ်ကို ငုံမိရုံစကားပြေ ပြန်ပြပါမယ်။

## စကားပြေ

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ဗောဓိမဏ္ဍိုင်မှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ခြေလျင်ကြွသွားတော်မူ၍ ပဉ္စဝဂ္ဂီရဟန်းငါးပါးနှင့် စကြဝဠာတိုက်တစ်သောင်းမှလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါဆိုလပြည့်၊ စနေနေ့ ညဦးယံအချိန်အခါတွင် တရားဦးဓမ္မစကြာဒေသနာ တော်ကြီးကို ဟောကြားတော်မူရာ တရားတော်အသံသည် စကြဝဠာကုဋေတစ်သိန်းအနှံ့ ပျံ့နှံ့တက်၍ တရားနတ်စည်တော်ကြီးကို တီးခတ်ဆော်ရွှမ်းသကဲ့သို့ ဖြစ်လေတော့သည်။ ။

# အခန်း [၇]

## မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခန်း

**အောင်။** ။မြတ်စွာဘုရားရှင် ပဋိသန္ဓေယူခန်းကစပြီး ရှင်းလင်း၍လာခဲ့ကြတာ ယခုအခါ ပရိနိဗ္ဗာန်စံဝင်တော်မူခန်း သို့ ဆိုက်ရောက်ခဲ့ပါပြီ။ ဒီလင်္ကာကို သံပြိုင်ညီညာရွတ်ဆိုကြပါ။

ကလေးများက သံပြိုင်ရွတ်ဆိုကြသည်။

တရားနတ်စည်၊
ဆော်ရွမ်းလည်က၊
သုံးမည်ဘုံသိုက်၊
တစ်သောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊
နတ်,လူ,ဗြဟ္မာ၊
သတ္တဝါကို၊
ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်
ဆောင်ပို့ပြီးခါ၊

ဝါလေးဆယ့်ငါး၊
သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊
ရာလေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊
နယ်မလ္လာတိုင်း၊
စံနိုင်းမယုတ်၊
ကုသိနာရုံ၊
အင်ကြင်းစုံ၌၊
ကဆုန်လပြေ့၊
အင်္ဂါနေ့ဝယ်၊
ချမ်းမြေ့နိဗ္ဗူ၊
စံတော်မူသည်၊
ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

တရားနတ်စည်၊ ဆော်ရွှမ်းလည့်က

**အောင်။** ။ဓမ္မစကြာတရားတော်ဟောတော်မူခန်းလင်္ကာတုန်းက 'တရားနတ်စည် ရွှမ်းတယ်ကို'နဲ့ အပြီးသတ်ထား

လို့ ဒီအပိုဒ်မှာ 'တရားနတ်စည် ဆော်ရွမ်းလည်က'လို့ ချီပြန်တယ်။ 'တရားဦးဓမ္မစကြာတရားတည်းဟူသော နတ်စည်တော်ကြီးကိုတီးခတ်သကဲ့သို့ ဟောကြားတော်မူပြီးသောအခါ'လို့ အဓိပ္ပာယ်ရပါတယ်။

## သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်

**အောင်။** ။'သုံးမည်ဘုံသိုက်'တွင် 'သုံးမည်'သည် 'သုံးမျိုး'၊ 'ဘုံသိုက်'သည်'နေရာ၊ အသိုက်အအုံ'ကိုဆိုလိုပါတယ်။ 'ဘုံ'လို့ပါတဲ့အတွက် 'လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာဘုံတည်းဟူသော အသိုက်အမြုံသုံးမျိုး'လို့ယူနိုင်ပါတယ်။ 'တစ်သောင်းတိုက်'ဆိုတာက 'စကြဝဠာတစ်သောင်း'ကို ဆိုလိုပါတယ်။ ယခုလိုပဲ 'သိုက်'နဲ့'တိုက်'ကိုယှဉ်တွဲပြီး ရေးဖွဲ့ထားတာမျိုးကို လောကသာရပျို့(ပိုဒ်–၁၇)မှာလည်း 'အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ အမိကားတိုက်၊ သိုက်ကားမယား' လို့ တွေ့ရဖူးပါတယ်။

## ကျွတ်ထိုက်သသူ၊ နတ်,လူ,ဗြဟ္မာ

**အောင်။** ။'သုံးမည်ဘုံသိုက်'တုန်းက 'လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာဘုံ'လို့ ဘုံသုံးမျိုးကို ရှင်းပြခဲ့ပါတယ်။ အခုတစ်ဖန် 'ကျွတ်ထိုက်သသူ၊နတ်,လူ,ဗြဟ္မာ'လို့ဆိုလိုက်တော့ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်သုံးမျိုးရှိကြောင်းကို သိဖို့လိုလာပြန်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ လေးဆယ့်ငါးဝါကာလပတ်လုံး နေ့နေ့ညည အချိန်အလပ်မထားဘဲ ကျွတ်ထိုက်တဲ့ လူ,နတ်,ဗြဟ္မာတွေကို ဦးစားပေးပြီး တရားတော်တွေကို ဟောပြောတော်မူခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ မြတ်စွာဘုရားရှင် နေ့စဉ်ဆောင်ရွက်တော်မူမြဲဖြစ်တဲ့ ဗုဒ္ဓ၏ကိစ္စငါးပါးအကြောင်းကို ပြောပြပါဦးမယ်။

## ဗုဒ္ဓ၏ကိစ္စငါးပါး

**အောင်။** ။ဗုဒ္ဓ၏ကိစ္စငါးပါးကိုမပြောမီ အောက်ပါလင်္ကာသံခိပ်ကို မှတ်သားထားကြပါ။

* နေ့မှာကားလှူ၊ ညဦးမူရှေ့ယံ၊ သမဏ်တည့်။

* လယ်ယံကားနတ်၊ ဖလတ်လျောင်းနောက်၊ မိုးသောက်ဝေနေ၊

ရှုကြည့်လေ၊ ပရမေ ကိစ္စငါး။ ။

**အောင်။** ။ဒီစကားလေးရဲ့အဓိပ္ပါယ်အကျယ်မပြောမီ ကြို၍သိထားဖို့က (၁)ပုရေဘတ္တကိစ္စ=ဆွမ်းမစားမီနံနက်ပိုင်းကိစ္စနှင့် (၂)ပစ္ဆာဘတ္တကိစ္စ=ဆွမ်းစားပြီးနောက် ညနေပိုင်းကိစ္စလို့ နှစ်ပါးရှိတာကို အဓိကမှတ်သားထားရပါမယ်။ တစ်ခါထပ်ပြီး ညနေပိုင်းမှာ (၃)ပုရိမယာမ်=ညဉ့်ဦးပိုင်းကိစ္စ၊ (၄)မဇ္ဈိမယာမ်=ညဉ့်လယ်ပိုင်းကိစ္စနဲ့ (၅)ပစ္ဆိမယာမ်ဆိုတဲ့ မိုးသောက်ယာမ်ပိုင်းကိစ္စလို့ ကိစ္စသုံးမျိုးရှိပြန်တယ်ဆိုတာကိုလည်း မှတ်ထားရန်ဖြစ်ပါတယ်။

* ပုရေ,ပစ္ဆာ၊ ပုရိမာ၊ မဇ္ဈာ,ပစ္ဆိမ။

* နေ့ရောညဉ့်ပါ၊ မြတ်ဗုဒ္ဓါ၊ ပြုရာငါးကိစ္စ။

အပေါ်က သံခိပ်လင်္ကာနှင့်အတူတူပါပဲ။ ဒီမှာကစာစကားလေးပါတာပေါ့။ ပုရေဘတ္တကိစ္စ,ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမ်ကိစ္စ,မဇ္ဈိမယာမ်ကိစ္စ,ပစ္ဆိမယာမ်ကိစ္စ· ဒီလိုပါဠိနာမည်ကလေးထုးထားတာပေါ့။

### ၁။ ပုရေဘတ္တကိစ္စ

မြတ်စွာဘုရားဟာ နံနက်လင်းစအချိန်မှာပဲ ဆွမ်းခံကြွတော်မူလေ့ရှိတယ်။ စက်တော်ရာမှ နိုးတော်မူတဲ့အခါ စကြဝဠာတိုက်အတွင်းမှာရှိတဲ့ ကျွတ်ထိုက်သည့်ဝေနေယျတို့ကိုမြင်တော်မူပြီး အဲဒီကျွတ်ထိုက်တဲ့ဝေနေယျဟာ မိုင်ပေါင်း

ဘယ်လောက်ဝေးဝေးမှာရှိပါစေ အရောက်ကြွသွားပြီး တရားဟောတော်မူတယ်။ ဝေးလျှင် သပိတ်တော်ပိုက်ကာ ကိုယ်တော်တစ်ပါးတည်း၊ နီးလျှင် နောက်ပါသံဃာတော်များနှင့်ကြွသွား၍ မြို့ရွာအတွင်းမှာ ပင့်သူရှိလျှင်လဲအိမ်မှာ၊ မရှိလျှင်လဲ ဆွမ်းစားဇရပ်မှာ ဆွမ်းဘုဉ်းပေးတော်မူပါတယ်။ ဘုရားလက်ထက်က မြို့ထဲရွာထဲမှာ ဆွမ်းစားဇရပ်တွေ ဆောက်ထားတဲ့အလေ့ရှိပါတယ်။ ကျောင်းမှာဆွမ်းစားကျောင်းဆိုတာမရှိဘူးတဲ့နော်။ အဲဒီမှာလဲ ဆွမ်းမစားမီ, ဆွမ်းစားပြီးစအထိ လူတွေကို တရားဟော၍ ချေချွတ်တော်မူပါတယ်။

## ၂။ ပစ္ဆာဘတ္တကိစ္စ

ဆွမ်းခံကပြန်ကြွလာပြီးတဲ့နောက် ကျောင်းတော်အဝင် ခြေဆေးအင်းပျဉ်မှာရပ်တော်မူပြီး ရဟန်းတွေကို 'အပ္ပမာဒေန ဘိက္ခဝေ'စတဲ့ ဒုလ္လဘတရား ဩဝါဒစကားကို နေ့စဉ်မိန့်ကြားတော်မူပါတယ်။ ပြီးတော့ ခေတ္တအပန်းဖြေနားနေတော်မူကာ မွန်းလွဲပိုင်းမှစပြီး ရဟန်းတွေကို ကမ္မဋ္ဌာန်းပေး၊ မေးတဲ့ပြဿနာတွေကိုဖြေကြား၊ တရားဟောတော်မူနဲ့ အချိန်ကုန်လွန်စေပါတယ်။ ညနေပိုင်းမှာ ပန်းနံ့သာလက်စွဲပြီး ရောက်လာတဲ့လူတွေကို တရားဟောတော်မူပါတယ်။ ဒီလိုနဲ့ ညနေစောင်းနေဝင်ချိန်လောက်ရောက်သွားရောဆိုပါတော့။ ဒါက 'နေ့မှာကားလူ'ဆိုတဲ့အတိုင်း ဒါယကာဒါယိကာမ စတဲ့လူတွေကို တစ်နေ့လုံးလိုလို တရားဟောတော်မူတာဖြစ်ပါတယ်။

## ၃။ ပုရိမယာမ်ကိစ္စ

လူတွေပြန်သွားပြီး နေဝင်ဆည်းဆာချိန်ရောက်တော့ လိုအပ်လျှင် ရေသပ္ပါယ်တော်မူသတဲ့။ ကိုယ်တော်အေးမြသွားတော့ ဂန္ဓကုဋိတိုက်တော်သို့ဝင်တော်မူပြီး ရောက်လာသမျှရဟန်းတော်တွေကို တရားဟောတော်မူတယ်။ သူ့ခေတ်အချိန်နဲ့ဆိုရင် ညဦး ၇–နာရီလောက်မှစပြီး ည ၁၀–နာရီလောက်အထိပေါ့ကွယ်။ ဒါက 'ညဦးမှရှေ့ယာမ်၊

သမဏံတည့်’ အဓိပ္ပါယ်ပါပဲ။ ‘ဂန္ဓကုဋိတိုက်’ဆိုတာက မြတ်စွာဘုရား အမြဲသီတင်းသုံးတော်မူတဲ့တိုက်ခန်း။ အလွန်မွှေးကြိုင်သော တိုက်ကြီးလို့လဲဆိုပါတယ်။

## မဇ္ဈိမယာမ်နှင့်ပစ္ဆိမယာမ်ကိစ္စ

နောက်မဇ္ဈိမယာမ်ဆိုတဲ့ သန်းခေါင်ယံ။ သန်းခေါင်ယံကို ဗဟိုလောက်ထားပြီး သုံးပိုင်းပိုင်း၊ ပထမပိုင်းမှာ နတ်တွေဗြဟ္မာတွေလာပြီးတော့ ပြဿနာမေးကြ,တရားနာကြတယ်။ ၁၀–နာရီက ၁၂–နာရီလောက်အထိဆိုပါတော့။ အဲဒီနောက် နံနက်အရုဏ်တက်ချိန်နီးသည်အထိမှာ မြတ်စွာဘုရားရဲ့ကိုယ်ပိုင်အချိန်ဆိုပါတော့။ နတ်တွေပြန်သွားပြီးတဲ့နောက် အညောင်းပြေအောင် ခေတ္တစင်္ကြံလျှောက်ပါတယ်။ စင်္ကြံလျှောက်ပြီးတော့ ဖလသမာပတ်ဝင်စားတော်မူတယ်။ ပြီးတော့ ယခုခေတ်နာရီ ၂–နာရီသာသာအချိန်လောက်ကျတော့မှ ညောင်စောင်းပေါ်သို့တက်၍ လက်ယာနံတောင်းဖြင့် လျောင်းတော်မူပြီး အပန်းဖြေကျိန်းစက်တော်မူပါတယ်။ အဲဒီလိုကျိန်းစက်တော်မူတာက ၂–နာရီခန့်လောက်သာသာရှိပါလိမ့်မယ်။ နံနက် ၄–နာရီလောက်ရောက်တော့ ကျိန်းစက်ရာမှထတော်မူပြီး ကိုယ်လက်သုတ်သင် မျက်နှာတော်သစ်ပြီး နေရာတော်၌ထိုင်တော်မူကာ ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ဉာဏ်တော်ကွန်ယက်နဲ့ ဖြန့်ကျက်ကြည့်ရှုတော်မူတယ်။ အဲဒီနောက် ဆွမ်းခံကြွခြင်းစသည်ဖြင့် ပုရေဘတ္တကိစ္စများဆိုခဲ့တဲ့အတိုင်း တစ်နေ့တာအလုပ်ကို ဆောင်ရွက်တော်မူသွားပြန်ပါတယ်။

**အောင်။** ။တို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟာ ‘ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ’ဆိုတဲ့အတိုင်း လောကသားအားလုံးအတွက် ပွင့်တော်မူလာတာဖြစ်တော့ လောကသားတွေထက်ပိုပြီး အလုပ်ကိုလုပ်ရပါတယ်။ ဒါကြောင့် ပညာရှိတွေက ကမ္ဘာပေါ်မှာ အလုပ်လုပ်ဆုံးပုဂ္ဂိုလ်ဟာ ဂေါတမမြတ်စွာဘုရားပဲလို့ ပြောကြတာပေါ့။

## ကျွတ်ထိုက်သည့်သူ

**အောင်။** ။အခု 'ကျွတ်ထိုက်သည့်သူ'ကိုပြောမယ်။ 'သတ္တဝါဝေနေယျ'တို့၊ 'ဝေနေယျသတ္တဝါ' တို့ဆိုတာတွေကို ကြားဖူးကြတယ်နော်။'ကျွတ်ထိုက်သသူ'ဆိုတဲ့စကားက'ဝေနေယျ'ဆိုတဲ့ပါဠိစကားကို ပြန်ဆိုထားတာပဲ။ 'ဝေနေယျကြာ'ဆိုတဲ့စကားမှာ ကြာဆိုတာ ဥပမာနိုင်းပြတာပဲ။ ကြာဟာ နေရောင်ခြည်နဲ့တွေ့မှပွင့်တယ်။ နေရောင်ခြည် အနည်းငယ်ကလေးရရချင်းပွင့်တဲ့ကြာရှိတယ်။ နေရောင်ခြည်အလင်း တော်တော်လေးရမှ ပွင့်တဲ့ကြာလဲရှိတယ်။ တစ်နေ့လုံးနေရောင်ခြည်ခံပြီး ညနေပိုင်းကျမှ ပွင့်တဲ့ကြာလဲရှိတယ်။ နေရောင်ခြည်ဘယ်လောက်ရရ မပွင့်နိုင်ဘဲ ရေထဲမှာမြုပ်ပြီး ငါးစာလိပ်စာဖြစ်သွားတဲ့ကြာလဲရှိတယ်။ အဲဒီကြာလေးမျိုးလိုပဲ ကျွတ်ထိုက်သည့်သူဟာလဲ မြတ်စွာဘုရားက နည်းနည်းကလေးဟောရပြီး အကျယ်ချဲ့ထွင်သိမြင်သဘောပေါက်ကာ အကျွတ်တရားရသွားတဲ့ တစ်ထွာပြ တစ်တောင်မြင်တဲ့ပုဂ္ဂိုလ်မျိုး၊ ပထမပြောကြားခဲ့တဲ့ကြာနဲ့တူတဲ့ပုဂ္ဂိုလ်ဆိုပါတော့။ ဒုတိယပုဂ္ဂိုလ်ကတော့ အကျယ်ပြောမှ နားလည်ပြီး ကျွတ်လွတ်နိုင်တဲ့ပုဂ္ဂိုလ်။ ဉာဏ်အသင့်အတင့်ပဲကောင်းတဲ့လူမျိုးဆိုပါတော့။ နေရောင်ခြည်တော်တော် ရလာမှပွင့်တဲ့ ဒုတိယကြာလိုပုဂ္ဂိုလ်မျိုးပေါ့။ တတိယပုဂ္ဂိုလ်ကတော့ ဘုရားကအကျယ်တဝင့်ဟောသော်လဲ ဟောတုန်းမှာ မသိ၊ သူ့ဟာသူစဉ်းစားအားထုတ်ပြီးမှသိတဲ့ပုဂ္ဂိုလ်မျိုး၊ တစ်နေ့လုံးနေရောင်ခံပြီး ညနေပိုင်းကျမှပွင့်တဲ့ တတိယကြာလို ပုဂ္ဂိုလ်မျိုးပေါ့။ ဒီသုံးမျိုးက အကျွတ်တရားရနိုင်တဲ့ ကျွတ်ထိုက်တဲ့သူတွေပါပဲ။ မကျွတ်ထိုက်တဲ့စတုတ္ထလူမျိုးကတော့ နေရောင်ဘယ်လောက်ရရ မပွင့်တော့ဘဲ နေလဲဝင်သွားရော ရေအောက်မှာရှိတဲ့ ငါးစာလိပ်စာဖြစ်သွားတဲ့ ကြာငုံလို သူ့တစ်သက်မှာ တနားနာ,တရားအားထုတ်လို့မရတဲ့ ပုဂ္ဂိုလ်မျိုးတဲ့။ အဲဒီပုဂ္ဂိုလ်မျိုးက ဒီဘဝမှာသာမကျွတ်တာနော်၊ နောက်နောက်ဘဝတွေမှာ ကျွတ်ဖို့ တရားထူးရဖို့ အထုံဝါသနာပါရမီတော့ရှိသွားတယ်။

**အောင်။** ။အဲဒီဝေနေယျသတ္တဝါပုဂ္ဂိုလ်လေးမျိုးမှာ စတုတ္ထပုဂ္ဂိုလ်များဟာ ဒီဘဝမှာ မကျွတ်လွတ်သေးသော်လည်း နောက်ဘဝတွေမှာ တရားရဖို့အထုံပါတဲ့ပုဂ္ဂိုလ်မျိုးဖြစ်အောင်တော့ ဒီစကြဝဠာမှတစ်ပါး အခြားစကြဝဠာတွေမှာ သွား၍လည်းဖြစ်နိုင်သတဲ့။ ဒီပုဂ္ဂိုလ်မျိုးတွေအတွက် မြတ်စွာဘုရားက 'များမြောက်ဝေနေ၊ ကြည့်ရှုလေတယ်'ဆိုတဲ့ မြတ်စွာဘုရားရဲ့ကိစ္စငါးပါးထဲက မိုးသောက်ယံအချိန် ရွှေဉာဏ်တော်မှာမြင်လာတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေရှိတဲ့ စကြဝဠာတွေကိုကြွသွားပြီး တရားဟောတော်မူသတဲ့။ ဒါ့ကြောင့် 'ဝေးမြောက်စကြဝဠာ၊ခြားရာမှာလည်း၊ မကြာမားမား၊ ကိုယ်တိုင်သွား၍၊ တရားညွှတ်နူး၊ ချွတ်ဖူးသည်လည်း၊ သချေပြည်း၏' လို့ ပါရမီခန်းပျို့မှာဆိုထားတာပေါ့။ ဒီနေရာမှာ 'ချွတ်ဖူးသည်လည်း' ဆိုပေမယ့် အကျွတ်တရားရအောင်ဟောတော်မူတာကို ပြောတော်မူတာမဟုတ်ဘူးကွဲ့။ စောစောကပြောသလို အထုံပါရမီဖြစ်အောင်ဟောတော်မူတာကိုဆိုတာပါပဲ။ ထူးတာက တခြားစကြဝဠာကို မြတ်စွာဘုရား ကြွသွားတော်မူတာကလဲ ဘုရားအသွင်နဲ့ကြွသွားတော်မူရင် ထူးခြားနေမှာမို့ သူတို့ဒေသသူတို့တိုင်းပြည်သူတို့ဌာနက ဘုရင်မင်းအသွင် မင်းသားအသွင်နဲ့ သူတို့လိုရုပ်မျိုး အသားရောင်မျိုး ဘာသစကားမျိုးနဲ့ ငါးပါးသီလ, ဒါနတရားစသည်လောက်ဟောရသတဲ့။ ဘုရားအသွင်နဲ့ ဝိပဿနာတရားမျိုးဟောသည်အထိတော့ မဟုတ်ပါဘူး။

ခေမာသောင်သို့ ဖောင်ကူးတို့ဖြင့်

**အောင်။** ။'ခေမာသောင်' ဆိုတာ ဗုဒ္ဓဘာသာတွေအားလုံးလိုလားနေတဲ့ 'နိဗ္ဗာန်' ကိုဆိုတာပါပဲ။ လောကမှာ အဆင်းရဲဆုံးကြောက်စရာအကောင်းဆုံးဘေးဟာ အိုမှု,နာမှု,သေမှုတွေပဲ။ နုပျိုလှပနေရာက အိုမင်းရွတ်တွပြီး ဆံဖြူခါးကိုင်း၊ နားထိုင်း၊သွားကြွေ၊ အသားအရေရှုံ့နေတဲ့ ဘဝကိုရောက်ရမှာမကြောက်ကြဘူးလား။ ပြီးတော့ ခုလိုရောဂါကင်းရှင်း ကျန်းမာချမ်းသာခြင်းရှိနေရာက မလှုပ်နိုင်မရှားနိုင် ဒေးမှိုင်တုံးလုံး ပက်လက်ကြီးဖြစ်နေတဲ့ လူမမာကြီးဖြစ်သွား

မှာကိုများ မကြောက်ကြဘူးလား။ ပြီးတော့ မိတ်ဆွေသင်းပင်းမိသားစုနဲ့အတူ ပျော်ပျော်ရွှင်ရွှင်အသက်ရှင်နေထိုင်ရတဲ့ ဘဝကနေပြီး ငှက်ပျောကုံးလက်ပံတုံးလို အသက်မရှိလူသေကြီးလိုဖြစ်သွားရမယ့်အဖြစ်ကိုကော လိုလားနိုင်ကြရဲ့လား။ အဲသလို နာမှု၊အိုမှု၊သေမှုဆိုတဲ့ အနိဋ္ဌာရုံမျိုးကို ဘယ်လိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမှ မဖြစ်လိုမကြုံလို မလိုလားကြဘူးတဲ့။ ဒါပေမယ်လို့ လောကဓမ္မတာအရ အဲဒီအိုရမှာ နာရမှာ သေရမှာတွေကို ငြင်းလို့မရဘူးကွဲ့။ လူ့ဘဝရောက်လာရင် ဒါတွေနဲ့တွေ့ရမှာချည်းပဲ။ အားလုံးသောသက်ရှိမှန်သမျှဟာ လူသာမက ခွေးတွေ နွားတွေ သားရဲတိရစ္ဆာန်တွေ နတ်တွေ ပြဟ္မာတွေပါမကျန် အားလုံးသေရမှာချည်းပဲ။ အဲသလိုသေရမှာကို သိနေကြပါလျက်နဲ့ သတ္တဝါအားလုံးကလဲ သေရမှာကို ကြောက်ကြတာချည်းပဲ။ အဲသလိုကြောက်ကြလို့လဲ တို့ဗုဒ္ဓဘာသာဝင်တွေဟာ မအိုရာ မနာရာ မသေရာကို ရောက်ရာရောက်ကြောင်းတရားတွေကို ရှာဖွေကျင့်သုံးနေကြတာပေါ့။ အဲဒီလိုတရားမျိုးကို အားထုတ်တတ်အောင် မြတ်စွာဘုရားကလည်း နည်းပေးထားတယ်လေ။ ဥပမာပုံတစ်ခုပြောမယ်။ သင်္ဘောစီးပြီး မြစ်ကြောင်းအတိုင်း မြို့တစ်မြို့ကိုသွားကြမယ်ဆိုပါတော့။ မိုးဦးမို့ မုန်တိုင်းကျပြီး သင်္ဘောပျက်သွားပါပြီတဲ့။ ဘာဖြစ်ကြမလဲ။ မြစ်ထဲမယ် ကူးကြခတ်ကြ မှီတွယ်ရာရှာကြရမယ်ပေါ့။ အဲဒီအခါမှာ အင်မတန်ရဲစွမ်းသတ္တိရှိတဲ့ အာဇာနည်ကြီးတစ်ဦးက မြစ်ထဲမှာ ကူးခတ်ပြီး မှီတွယ်ရာရှာကြတဲ့ဒုက္ခသည်တွေကို အင်မတန်ခိုင်ခံ့ကျယ်ဝန်းတဲ့ ဖောင်ကြီးတစ်ခုနဲ့ကယ်ဆယ်ပြီး မြစ်အလယ်မှာ ကျွန်းလိုဖြစ်နေတဲ့ သောင်ကြီးပေါ်ကိုပို့ဆောင်ပေးတယ်ဆိုပါစို့။ ကဲ အဲဒီသောင်ကြီးဟာ သင်္ဘောဒုက္ခသည်တွေရဲ့ အသက်ချမ်းသာရာမှီတွယ်အားထားရာဌာနကြီးမဖြစ်ဘူးလား။ အဲဒီဥပမာအတိုင်းပဲ။ မြစ်ထဲကသဲသောင်ပြင်ကြီးဟာ ဗုဒ္ဓဘာသာဝင်တွေလိုလားအပ်တဲ့ နိဗ္ဗာန်တရားကြီးပေါ့။ မြစ်ထဲမှာ မှီတွယ်ရာမရှိမျောပါနေတဲ့ ဒုက္ခသည်တွေနဲ့ အိုနာသေမကင်းတဲ့ သူငါသတ္တဝါတွေနဲ့တူတယ်။ ဖောင်ကြီးတစ်ခုနဲ့ရဲဝံ့စွာကယ်တင်တဲ့ အာဇာနည်ကြီးက တို့မြတ်စွာဘုရားရှင်နဲ့တူတာပေါ့။

## ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်

**အောင်။** ။ဘုရားဖြစ်တော်မူသည်မှစ၍ သတ္တဝါတွေကို နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ကယ်တော်မူခဲ့တာ ဝါတော်လေးဆယ့်ငါးဝါ၊ သက်တော်ရှစ်ဆယ်တိုင်သည်အထိပဲ။ ဖွားတော်မူသည်ကစ၍ သက်တော်ရှစ်ဆယ်ထိအောင်ကို ပြန်ပြီး ခွဲခြားပြရလျှင် (က)ဖွားတော်မူသည်မှ သက်တော်(၁၆)နှစ်အရောက်မှာ လက်ထပ်၍နန်းစံပါတယ်။ သက်တော်(၂၉)နှစ်မှာ တောထွက်တော်မူခဲ့ပါတယ်။ သက်တော်(၃၅)နှစ်မှာ ဘုရားဖြစ်တော်မူပါတယ်။ ဘုရားဖြစ်တော်မမူမီ ထိုသက်တော်(၃၅)နှစ်နဲ့ ဘုရားဖြစ်တော်မူပြီး သတ္တဝါတွေကို ကယ်နေတဲ့ (၄၅)ဝါ နှစ်ရပ်ကိုပေါင်းပါက သက်တော်(၈၀)ရပါတယ်။ အဲဒီသက်တော်ရှစ်ဆယ်ပြည့်ချိန်သည် မဟာသက္ကရာဇ် ၁၄၈–ခုဖြစ်ပေတယ်။

## နယ်မလ္လာတိုင်း

**အောင်။** ။'နယ်မလ္လာတိုင်း'ဆိုတာ 'မလ္လာမင်းတို့ရဲ့တိုင်းပြည်နယ်ပယ်မှာပါဝင်တဲ့ ကုသိနာရုံ'ကို ဆိုလိုပါတယ်။ မလ္လာတိုင်းမှာပါဝင်တဲ့ ကုသိနာရုံဟာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူမယ့်အချိန်မှာ ရွာသိမ်ရွာငယ်ကလေးဖြစ်နေ ပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်ကို 'ဘုန်းတော်ကြီးမြတ်သောမြတ်စွာဘုရား၊ ဒီကုသိနာရုံပြည်ဟာ မကြီးမကျယ်တိုင်းငယ်ပြည်ငယ်သာဖြစ်ပါတယ်၊ ဒါကြောင့် ဝန်းလျားကြီးကျယ်တဲ့ မဟာရာဇဌာနီဖြစ်တဲ့ စမ္ပာနဂိုရ်ပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ သာကေတပြည်၊ ကောသမ္ဗီပြည် စတဲ့ပြည်ကြီးများသို့ ကြွပြီး ပရိနိဗ္ဗာန်စံတော်မူပါ'လို့ လျှောက်ထားသတဲ့။ အဲဒီအခါ မြတ်စွာဘုရားရှင်က 'ချစ်သားအာနန္ဒာ၊ ဒီကုသိနာရုံပြည်ကို ရွာသိမ်ရွာငယ်ဟုမမှတ်နှင့်၊ ရှေးအခါက ငါဘုရားသည် သုဒဿနစကြာမင်းဖြစ်စဉ်က ဤပြည်ရွာသည် ကုသဝတီအမည်ရှိတဲ့ မဟာရာဇဌာနီဖြစ်ခဲ့ဖူးပြီ'လို့ မိန့်ဆိုတော်မူပြီး မဟာသုဒဿနစက္ကဝတ္တိသုတ်ကို ဟောတော်မူပါတယ်။

## စံနှိုင်းမယှတ်

**အောင်။** ။‘စံနှိုင်းမယှတ်’မှာ ‘စံနှိုင်း’က‘နှိုင်းယှဉ်သည်’လို့ အနက်ရပါတယ်။ ‘မယှတ်’ဆိုတာက ‘မလျော့ခြင်း’ကို ဆိုပါတယ်။ ‘စံနှိုင်းမယှတ်’ဆိုတော့ ‘ဘယ်အရာနဲ့ပဲနှိုင်းယှဉ်နှိုင်းယှဉ် မယှတ်မလျော့အတူတူသာဖြစ်တယ်’ လို့ အဓိပ္ပါယ်ရပါတယ်။

## ကုသိနာရုံ၊ အင်ကြင်းစုံ၌

**အောင်။** ။‘ကုသိနာရုံ’အရပ်ကို လယ်တီဆရာတော်ကြီးက ‘နယ်မလ္လာတိုင်း၊ **စံနှိုင်း**မယှတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ’ ဆိုပြီးဖွဲ့ထားပါတယ်။ ကုသိနာရုံဟာ ဘယ်အရပ်ဒေသနဲ့နှိုင်းနှိုင်း သာယာတင့်တယ်ကောင်းမွန်တဲ့နေရာမှာ မယှတ်မလျော့ဘူးတဲ့။ နောက်ပြီး ‘ကုသိနာရုံဟာ အင်ကြင်းပင်တွေနဲ့ ပြည့်နက်စည်ကားနေတဲ့ အင်ကြင်းဥယျာဉ် တောကြီးဖြစ်တယ်’လို့လည်း ဆိုပါတယ်။ ‘အင်ကြင်းစုံ’မှာ‘စုံ’ဟာ ‘သစ်ပင်များပေါက်ရောက်ရာတော’လို့ အဓိပ္ပါယ် ရပါတယ်။

## ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်

**အောင်။** ။မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဟာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ နေ့ဖြစ်ပါတယ်။ လယ်တီဆရာတော်ကြီး ရေးသားဖွဲ့ဆိုတော်မူတဲ့ ‘ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က’ဆိုတဲ့အတိုင်း မြတ်စွာဘုရားရှင်ဟာ သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါပြည့်တဲ့နေ့မှာပဲ ပါဝါမြို့မှာ စုန္ဒပန်းထိမ်သည်ရဲ့ ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ဝမ်းတော်လားတဲ့ရောဂါဖြစ်ပါတယ်။ ထိုအခါ မြတ်စွာ ဘုရားရှင် ချွတ်မှကျွတ်မည့်သတ္တဝါဟူ၍ သုဘဒ္ဒအမည်ရှိသောပရိဗိုဇ်တစ်ဦးဟာ ကုသိနာရုံမြို့၌ရှိနေပါတယ်။ သုဘဒ္ဒ

ပရိဗိုဇ်ကိုချွတ်ရန်အတွက် ပါဝါမြို့မှ ကုသိနာရုံသို့ အားအင်တော်နည်းပါးနေလျက် ကြွတော်မူခဲ့ပါတယ်။ မလ္လာတိုင်း ကုသိနာရုံမြို့ ဥပဝတ္တနအင်ကြင်းဥယျာဉ်သို့ရောက်တော်မူသောအခါ အင်ကြင်းဥယျာဉ်အတွင်း မလ္လာမင်းများခင်းထားတဲ့ သလွန်တော်ထက် မြောက်သို့ဦးခေါင်းတော်လှည့်၍ လက်ယာနံပါးတော်ကိုစောင်းကာ လျောင်းစက်တော်မူပါတယ်။ မလ္လာမင်းတို့နဲ့ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့ လာရောက်၍ ကန်တော့ကြပါတယ်။

**အောင်။** ။ကဆုန်လပြည့်နေ့ညဉ့်ဦးယံမှာ မလ္လာမင်းတို့ကို တရားဟောတော်မူပါတယ်။ သန်းခေါင်ယံမှာ သုဘဒ္ဒ ပရိဗိုဇ်ကို တရားဟော၍ ရဟန်းပြုပေးပါတယ်။ မိုးသောက်ယံ အရုဏ်မတက်မီမှာ ရဟန်းတော်များအား 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တ ယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ'ဟူသော နောက်ဆုံးဩဝါဒ စကား မိန့်ကြားတော်မူပြီး ဈာန်သမာပတ်တို့ကို ဝင်စားတော်မူပါတယ်။ အဲဒီသမာပတ်တို့အဆုံး အရုဏ်တက်ခါနီးမှာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသဖြင့် 'ကဆုန်လပြေ၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်'လို့ လယ်တီဆရာတော်ကြီးက ဖွဲ့ဆိုတော်မူခဲ့ပါတယ်။

## ပရိနိဗ္ဗာန်စံခြင်း

**အောင်။** ။ပရိနိဗ္ဗာန်စံတာ အခုတင်ကပြောတဲ့ မအိုရာ,မနာရာ,မသေရာတရားကြီးကို မျက်မှောက်ပြုသွားတာပဲ။ ဒီနေရာမှာ နိဗ္ဗာန်ရောက်သွားတယ်ဆိုလို့ရှိရင် ဒါမှမဟုတ် နိဗ္ဗာန်ရသွားတယ်ဆိုရင် တိတိကျကျမမှန်ဘူး ကွဲ့။ ဘာပြုလို့လဲဆိုတော့ နိဗ္ဗာန်ဆိုတာက ရောက်ရာဘုံဌာနကြီးလဲမဟုတ်ဘူး၊ ရရာပစ္စည်းဝတ္ထုကြီးလဲမဟုတ်ဘူး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတယ်ဆိုတာ မီးတောက်ကြီးငြိမ်းသွားသလို မြတ်စွာဘုရားရှင်ရဲ့ ဒီဘဝရုပ်ခန္ဓာတွေ ပျက်စီးချုပ်ငြိမ်းသွားရုံမျှမက နောက်တစ်ဘဝပြန်မဖြစ်တော့ဘူးတဲ့။ ပုထုဇဉ်မျှဖြစ်တဲ့ လူတွေသတ္တဝါတွေမှာတော့

ဒီဘဝကွယ်လွန်လျှင် နောက်တစ်ဘဝအသစ်ဖြစ်ရဦးမယ်၊ အိုဦးမယ်၊ နာဦးမယ်၊ သေရဦးမယ်။ အဲဒီဘဝက တစ်ခါသေ၊ နောက်ပြန်ဖြစ်။ အို,နာ,သေ, ဒီလိုနဲ့မဆုံးနိုင်ဘဲ သေလိုက်,ဖြစ်လိုက်၊ သေလိုက်,ဖြစ်လိုက်နဲ့ မဆုံးနိုင်တာကို သံသရာလည်တယ်လို့ခေါ်တယ်။ မြတ်စွာဘုရားကတော့ဖြင့် သံသရာလည်စရာမရှိတော့ဘူး။ 'ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်'တဲ့။ ဘဝဇာတ်ချုပ်သိမ်း အလုံးစုံသော သံသရာလည်စေတတ်တဲ့ဝဋ်ဒုက္ခတို့မှ ငြိမ်းသွားပြီတဲ့။

## ဝှန်းဆူသောင်းလုံး၊ ကျော်တယ်ကို

**အောင်။** ။လယ်တီဆရာတော်ကြီးက မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူတော့ 'ဝှန်းဆူသောင်းလုံး၊ ကျော်တယ်ကို'လို့ ရေးဖွဲ့ထားလေတော့ အဲဒီအချပိုဒ်ကလေးကိုရှင်းဖို့လိုလာပါတယ်။ 'ဝှန်းဆူ'မှာ 'ဝှန်း'ဟာ 'လွှမ်းမိုးတာ'ကို ဆိုပါတယ်။ ရှေးစာများဖြစ်တဲ့ လောကသာရပျို့၊ သံဝရပျို့စသည်မှာတော့ 'ဝှန်'လို့ ရှေးပေါ်ရာဇာအတိုင်း ဝစ္စပေါက်မပါဘဲ ရေးပါတယ်။ 'ဆူ'က ဆူဝေတာပါပဲ။ 'သောင်းလုံး'က စကြဝဠာတိုက်တစ်သောင်းကို ဆိုလိုပါတယ်။ 'ဝှန်းဆူသောင်းလုံး'ဆိုတာက မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်မှာ စကြဝဠာတိုက်တစ်သောင်းအတွင်းမှာ ပွဲတင်ဟည်းမျှ ကြီးစွာတုန်လှုပ်ဆူဝေသွားတာကိုဆိုလိုပါတယ်။ လယ်တီဆရာတော်ကြီးက စကြဝဠာတိုက်တစ်သောင်းလုံး တုန်လှုပ်ပျံ့နှံ့သွားတဲ့သဘောကို 'ကျော်တယ်ကို'လို့ ဖွဲ့ဆိုတော်မူခဲ့ပါတယ်။

## စကားပြေ

**အောင်။** ။မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူခန်းလင်္ကာကို အဓိပ္ပါယ်ပေါ်ရုံစကားပြေပြန်ပြီးပြပါမယ်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားတော်ကြီးအစရှိသော တရားနတ်စည်တော်ကြီးကို ဆော်ရွှမ်းတီးခတ်ဟောကြားတော်မူပြီး စကြဝဠာတိုက်တစ်သောင်း၌ရှိကုန်သော ကျွတ်

ထိုက်သည့် ဝေနေယျသတ္တဝါတို့ကို တရားတည်းဟူသောဖောင်တော်ကြီးဖြင့် အလွန်အေးမြချမ်းသာ ဆေးကင်းရာနိဗ္ဗာန်သောင်ကမ်းသို့ တွန်းပို့ဆောင်ယူ အပူကင်းပ အေးမြစေပြီးနောက်၊ ဝါတော်လေးဆယ့်ငါး သက်တော်ရှစ်ဆယ်အရောက် မဟာသက္ကရာဇ်(၁၄၈)ခု ကဆုန်လပြည့် အင်္ဂါနေ့တွင် မလ္လာတိုင်း ကုသိနာရုံ ပြည် မလ္လာမင်းတို့၏အင်ကြင်းရဂုံအတွင်းရှိ သလွန်ညောင်စောင်းထက်၌ အိုနာသေရေး ဘေးအပေါင်း တို့မှကင်းဝေးရာဖြစ်သည့် အငြိမ်းဓာတ်နိဗ္ဗာန်သို့ဝင်စံတော်မူလေရာ စကြဝဠာတိုက်တစ်သောင်းလုံး အုတ်အုတ်ကျက်ကျက် ပျံ့နှံ့ကျော်စော၍ သွားလေသတည်း။

## အခန်း [၈]

## တေဇောဓာတ်လောင်တော်မူခန်း

**အောင်**။ ။ယနေ့ဆိုရမည့်အပိုဒ်က သုံးလူ့ရှင်ပင်ခုနစ်နေ့ဘုရားရှိခိုးလင်္ကာရဲ့ နောက်ဆုံးလင်္ကာပါပဲ။ ကလေးများ သံပြိုင်ဆိုကြသည်။

နိဗ္ဗူစံပြီ၊
ရှုမအီသား၊
သင်္ဂီရွှေလျော်၊
အလောင်းတော်ကို၊
ထိုရော်ကဆုန်၊
လဆုတ်ကြံ၍၊
ဂဠုန်နေ့တွင်၊
ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊
ရှင်စောဉာဏ်စက်၊
မိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊
မီးပူဇော်သည်၊
မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။ ။

## နိဗ္ဗုတစ်ပြီ

**အောင်။** ။ဒီနေရာမှာ 'နိဗ္ဗာန်'နဲ့'ပရိနိဗ္ဗာန်'ကို ခွဲခြားသိဖို့လိုပါတယ်။ 'နိဗ္ဗုတစ်ပြီ'ဆိုတာ နိဗ္ဗာန်ကိုလဲဆိုနိုင်တယ်။ ပရိနိဗ္ဗာန်ကိုလဲဆိုနိုင်တယ်။ နှစ်မျိုးစလုံးလဲရတယ်။ ဒါပေမယ့် နိဗ္ဗာန်ကတခြား၊ ပရိနိဗ္ဗာန်ကတခြား ဖြစ်ပါတယ်။ 'နိဗ္ဗာန်'ဆိုတာ မူလပါဠိစကားက 'နိဗ္ဗာန'ပါ၊ မြန်မာလို'ငြိမ်းချမ်း၊ငြိမ်းအေး၊ချုပ်ငြိမ်း'ဆိုတဲ့အဓိပ္ပါယ် တွေရပါတယ်။ ဘာတွေငြိမ်းသွားသလဲဆိုတော့ လိုချင်မက်မောတဲ့စိတ်တွေ၊ ဒေါသဖြစ်တာမျိုးတွေ၊ မသိမိုက်မဲတာ မျိုးတွေနဲ့ နောက်တစ်ဘဝပြန်ဖြစ်ရမှာ၊ အိုရမှာ၊သေရမှာ၊ စိုးရိမ်ပူဆွေးငိုကြွေးရမှု၊ ဆင်းရဲမှု၊ စိတ်မချမ်းသာမှုဆိုတဲ့ မီးဆယ့်တစ်မျိုး ကင်းသွား ချုပ်ငြိမ်းသွား အေးသွားရာ တရားတော်မြတ်ကြီးဟာ နိဗ္ဗာန်ဖြစ်ပါတယ်။ အဲဒီနိဗ္ဗာန် တရားတော်မြတ်ကြီးဟာ ထင်ရှားရှိနေတဲ့ မုချဆတ်ဆတ် အလွန်မြင့်မြတ်တဲ့ ပရမတ်တရားကြီးဖြစ်ပါတယ်။ မြတ်စွာ ဘုရားနဲ့ ရဟန္တာပုဂ္ဂိုလ်တွေဟာ အဲဒီနိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားကြီးကို လက်ရောက်ရယူသွားခြင်းဖြင့် ဒီခန္ဓာကိုယ် ကြီးကို ချသွားတယ်။ လွယ်လွယ်ပြောရရင် ဒီဘဝလွန်မြောက်သွားတာပါပဲ။ အဲသလိုလွန်သွားတာက ပရိနိဗ္ဗာန်စံခြင်း ပါပဲ။ နိဗ္ဗာန်ဆိုတာက ဝဋ်ဆင်းရဲတွေမှ လွတ်မြောက်ကြောင်းတရား။ အဲဒီနိဗ္ဗာန်တရားကို ရယူသွားတဲ့ ဘုရားရဟန္တာတို့ နောက်ဆုံးဘဝ ချုပ်ငြိမ်းကွယ်လွန်သွားတာက ပရိနိဗ္ဗာန်တရား။ ဤသို့ခွဲခြားမှတ်သားနိုင်ကြပါတယ်။ နိဗ္ဗာန်က အကြောင်း၊ ပရိနိဗ္ဗာန်ကအကျိုး။

**အောင်။** ။'နိဗ္ဗုတစ်ပြီ'ဆိုတာ ပရိနိဗ္ဗာန်စံပြီလို့ဆိုတယ်။ တို့ရဲ့မြတ်စွာဘုရားဟာ ဘုရားအဖြစ်ရောက်တော်မူပြီး လေးဆယ့် ငါးဝါတိုင်တိုင် အသင်္ချေအနန္တမရေမတွက်နိုင်လောက်အောင် သတ္တဝါအနန္တတွေကို လူ့ရွာနတ်ရွာမှစ၍ မြင့်မြတ် တဲ့ နိဗ္ဗာန်အထိပို့ဆောင်ကယ်တင်ခဲ့တယ်။ ပို့ဆောင်ကယ်တင်တယ်ဆိုတာ တရားဟောပြီး အကျွတ်တရားရစေတာကို

ဆိုလိုပါတယ်။ ငရဲရောက်နေတဲ့သတ္တဝါတွေကိုကော မချွတ်နိုင်ဘူးလားလို့မေးရင် ငရဲတင်မက ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံရောက်နေတဲ့ သတ္တဝါတွေကိုတော့ တိုက်ရိုက်မချွတ်နိုင်ပေ။ နီးစပ်တဲ့ တိရစ္ဆာန်တို့ ပြိတ္တာတို့ကိုတော့ နောက်ဘဝမှာ နတ်တို့လူတို့ဖြစ်လောက်အောင်သာ တရားတော်ကို ဟောကြားပေးတော်မူပါတယ်။ တရားအထူးရစေနိုင်တာကိုမှ ချွတ်တယ်လို့ဆိုပါတယ်။ လူဖြစ်လျှင်တောင် ဉာဏ်ထက်တဲ့လူမျိုးမှ တရားအထူးကို ရစေနိုင်တာကလား။ ထိုသို့လေးဆယ့်ငါးဝါပတ်လုံး သတ္တဝါများကိုချွတ်တော်မူပြီး ဝါတော်လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်အရောက်မှာ ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

## ရှုမအီသား၊ သိင်္ဂီရွှေလျော်၊ အလောင်းတော်

**အောင်။** ။'ရှုမအီသား'ဆိုတာ 'ရှုလို့မဝဘူး'လို့ဆိုလိုပါတယ်။ ကြည့်လို့မဝအောင်တင့်တယ်၍ အညစ်အကြေးကင်းစင်သော ရွှေအဆင်းကဲ့သို့ ဝင်းဝါနေသောမြတ်စွာဘုရား၏အလောင်းတော်လို့ အဓိပ္ပါယ်ရပါတယ်။ 'အီ'ဟာ 'အားရတင်းတိမ်'တဲ့ အဓိပ္ပါယ်ကိုဆောင်ပါတယ်။ 'မအီ'ဆိုတော့ အားမရမတင်းတိမ်နိုင်ဘူးလို့ဆိုပါတယ်။ 'သိင်္ဂီ'က 'ရွှေ'ကိုဆိုပါတယ်။ 'ရွှေလျော်'က ရွှေကို အညစ်အကြေးကင်းအောင် သန့်စင်တာကိုဆိုလိုပါတယ်။

## ထိုရော်ကဆုန်၊ လဆုတ်ကြဲ၍၊ ဂဠုန်နေ့

**အောင်။** ။မြတ်စွာဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် (၁၂)ရက်တိုင်တိုင် သာဓုကီဠနသဘင်ဆင်ယင်ကြပါသတဲ့။ 'သာဓုကီဠန'ဆိုတာ သူတော်ကောင်းတွေရဲ့ ပျော်ရွှင်ပွဲလို့ဆိုပါတယ်။ အဓိပ္ပါယ်က မြတ်စွာဘုရားရဲ့ ကြွင်းကျန်ရစ်တဲ့ သိင်္ဂီရွှေအဆင်းနှင့်ပြည့်စုံတဲ့ အလောင်းတော်ကို ပူဇော်တဲ့ပွဲကြီးကျင်းပတာပါပဲ။ အဲသလို သာဓုကီဠနသဘင် (၁၂)ရက်တိုင်တိုင်ဆင်ယင်ကျင်းပပြီးတဲ့အခါ

မဟာသက္ကရာဇ်(၁၄၈)ခု၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊ တနင်္ဂနွေနေ့မှာ နောက်ဆုံးဓာတုပူဇာပြုလုပ်ဖို့အချိန်ရောက်လာပါတယ်။

## ခိုးငွေ့မနော၊ ဓာတ်တေဇော

**အောင်။** ။မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် မလ္လာမင်းတို့က ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြပြီး သံဃာတော်များက ငြိမ်သက်စွာကြည့်ရှုပူဇော်နေကြပါတယ်။ပထမခြောက်ရက်ကာလပတ်လုံး ကုသိနာရုံအင်ကြင်းတောမှာ ပူဇော်သက္ကာယပြုခဲ့ကြပါတယ်။ လပြည့်ကျော်ခုနစ်ရက်နေ့သို့ရောက်သောအခါမှာ နတ်တွေကလည်း နတ်အလိုက်၊ လူများကလည်းလူများအလိုက် သံဝေဂရဖွယ် သီချင်းဂါထာတွေကိုတီးမှုတ်သီဆိုကြ ပန်းနံ့သာတို့ဖြင့် ပူဇော် ကြပြီး ဘုရားရှင်ရဲ့ရုပ်ကလာပ်တော်ကို အင်ကြင်းဥယျာဉ်မှ မြို့တွင်းသို့သွင်းခဲ့ကြတယ်။ မြို့လယ်လမ်းမကြီးကနေ ပင့်ဆောင်လာကြပြီး မလ္လာမင်းတို့အထွတ်အမြတ်ထားတဲ့ ဗန္ဓနကုဋအိမ်တော်ရောက်တော့ ဘုရားရှင်ရဲ့ရုပ်ကလာပ်တော်ကို ဝါဂွမ်းတစ်ထပ် အဝတ်တစ်ထပ် အထပ်ပေါင်းငါးရာရစ်ပတ်ပြီး ရွှေခေါင်းထဲထည့်၊ ရွှေအဖုံးနဲ့ပိတ်ဖုံးလိုက်ကြတယ်။ ပြီးတော့ မီးသဂြိုဟ်ဖို့ အတောင်နှစ်ဆယ်မြင့်တဲ့ စန္ဒကူးနံ့သာထင်းပုံထက်ကို တင်ကြသတဲ့။ ပြီးတော့ မလ္လာမင်းတို့က စန္ဒကူးထင်းပုံကို မီးညှိကြသော်လည်း မီးမစွဲဘူး။ ဒါနဲ့ အရှင်အာနန္ဒာကိုလျှောက်ထားကြတော့ 'အရှင်မဟာကဿပကြီး ကြွမလာသေးလို့ အဲဒီမထေရ်ကြီးကိုကြည်ညိုတဲ့နတ်တွေက မီးမလောင်အောင်အဓိဋ္ဌာန်ပြုထားကြတယ်'လို့ မိန့်ဆိုသတဲ့။ အဲဒီနေ့ညနေမှာပဲ အရှင်မဟာကဿပဟာ တပည့်ရဟန်းငါးရာနဲ့ဆိုက်ရောက်တော်မူလာပြီး ရှိခိုးပူဇော်တဲ့အခါ နတ်တို့ရဲ့အာနုဘော်တန်ခိုးကြောင့် တေဇောဓာတ်မီးတောက်လာပြီး အရေ၊အသား၊အကြောတွေ လောင်ကျွမ်းကုန်တယ်။

**အောင်။** ။'ခိုးငွေ့မနှော၊ ခာတ်တေဇော'ဆိုတာက ဘုရားရှင်ရဲ့ရုပ်ကလာပ်တော်တွေကို တေဇောခာတ်လောင်ကျွမ်း ရာမှာ မီးရှို့သလို အခိုးအငွေ့မထွက်ဘူးလို့ဆိုပါတယ်။ 'ခာတ်တေဇော'ဆိုတာက 'တစ်စုံတစ်ယောက်က မီးရှို့ပေးရတာမဟုတ်ဲ တေဇောခာတ်က သူ့အလိုလိုလောင်ကျွမ်းစေတာ'ကို ဆိုလိုတာဖြစ်ပါတယ်။

## ရှင်စောဉာဏ်စက်

**အောင်။** ။'ရှင်စောဉာဏ်စက်'က မည်သူတစ်ဦးတစ်ယောက်ကမျှ မီးမညှိရဘဲ တေဇောအပူခာတ်အားကြောင့် သူ အလိုအလျောက်စွဲလောင်ကျွမ်းတာဟာ မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော် ကံတော် ဉာဏ်တော် စက်တန်ခိုး အာဏာကြောင့်လို့ဆိုလိုတယ်။ 'ရှင်စော'က မြတ်စွာဘုရားကိုဆိုလိုတယ်။ 'စက်'က 'တန်ခိုး'၊'ဘုန်း'၊'အာဏာ'၊လို့ရှိရာ အဲဒီနေရာမှာ 'တန်ခိုး'လို့အဓိပ္ပါယ်ရပါတယ်။

## ဓိဋ္ဌာန်ချက်ဖြင့်

**အောင်။** ။'ဓိဋ္ဌာန်'ဆိုတာက ပါဠိမှာ 'အဓိဋ္ဌာန'လို့ရှိပါတယ်။ ရှေ့စာလုံး'အ'ကိုချေပြီး 'ဓိဋ္ဌာန်'လို့သုံးထားပါတယ်။ 'ဆောက်တည်မှု'လို့အဓိပ္ပါယ်ရပါတယ်။ မြတ်စွာဘုရားရှင်က မိမိ၏အဆုံးအမသာသနာတော်သည် ပျံ့နှံ့ သင့်သလောက် မပျံ့နှံ့သေးသည်အတွက် မိမိ၏ခာတ်တော်များသည် အစိပ်စိပ်အမွှာမွှာကွဲ၍ ကိုယ်တော်စား သာသနာပြုရစ်စေရန် ပျံ့နှံ့ပါစေဟု အဓိဋ္ဌာန်ပြုထားတော်မူပါတယ်။

## လျှံတက်ကော်ရော်၊ မီးပူဇော်

**အောင်။** ။'လျှံတက်'က မီးတောက်အထက်သို့တက်တာဖြစ်ပါတယ်။ 'ကော်ရော်'ကပေါ်ရာဏစကား၊ အထူးအရို အသေပေးတာဖြစ်ပါတယ်။ မီးတောက်တွေ ထက်ကောင်းကင်ကိုလျှံတက်ပြီးနေတာဟာ ဘုရားရှင်ကို

နောက်ဆုံးအနေဖြင့် ပူဇော်တဲ့သဘောပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ရာမှာ 'ခြေတော်ကစ၍လောင်တယ်'လို့မပြောနိုင်ဘူး၊ ကိုယ်တော်မြတ်တစ်ကိုယ်လုံး တစ်ပြိုင်နက်လောင်ကျွမ်းသွားတာဖြစ်ပါတယ်။ လောင်ကျွမ်းရာမှာလဲ ရုပ်ကလာပ်တော်ကိုရစ်ပတ်ထားတဲ့ ပုဆိုးအစုံငါးရာတွင် ပုဆိုးအစုံ(၄၉၈)စုံသာမီးစွဲပြီး၊ အတွင်းဆုံး ဘက်ကပုဆိုးတစ်စုံနဲ့ အပြင်ဘက်က ပုဆိုးတစ်စုံက မီးမစွဲဘူးတဲ့။

## ဓာတ်တော်၏အဆင်းသုံးမျိုး

**အောင်။** ။ဘုရားရှင်ရဲ့ရုပ်ကလာပ်တော်ကို တေဇောဓာတ်လောင်ကျွမ်းတဲ့အခါမှာ မြတ်စွာဘုရားရဲ့အသားတော် အသွေးတော်နဲ့ အရိုးတော်တွေဟာ ပြာဖြစ်မသွားဘဲ အဆင်းသုံးမျိုး၊ အရွယ်သုံးစား၊ အချင်အားဖြင့် ရှစ်စိတ်၊ (မြန်မာတွက်နည်းအရ တစ်တင်းသားခန့်လောက်)ဓာတ်တော်များဖြစ်ပြီး ကျန်ခဲ့သတဲ့။ အဆင်းသုံးမျိုးဆိုတာ အရောင်သုံးမျိုးကိုဆိုလိုပါတယ်။ မြတ်စွာဘုရားရဲ့အသွေးတော်များက ပတ္တမြားအဆင်း၊ အရွယ်က ပဲနောက်စေ့အရွယ်။ အသားတော်တွေကတော့ရွှေအဆင်း၊ အရွယ်က မုံညင်းစေ့အရွယ်။ အရိုးတော်များက ပုလဲအဆင်း၊ အရွယ်က ဆန်ကျိုးစေ့ခန့် တစ်နည်းအားဖြင့် ဆန်ကွဲစေ့အရွယ်တဲ့။ ဓာတ်တော်များရဲ့အချိန်အတွယ်ကို ရှစ်စိတ်လို့ လယ်တီဆရာတော်ဘုရားကြီးက ရေးခဲ့ပါတယ်။ ရေးစာတွေက ဓာတ်တော်မွေတော်တွေဟာ 'ရှစ်စရွတ်'ရှိတယ်လို့ဆိုပါတယ်။ စရွတ်တောင်းဆိုတာ ဒီခေတ်မှာသုံးတဲ့ခွက်တောင်းနဲ့အတူတူပါပဲ။ ဒီတော့ ရှစ်စရွတ်ဟာ လေးစိတ်ဖြစ်မယ်။ လေးစိတ်ဆိုတော့ တစ်တင်းပဲပေါ့။ ဒါကြောင့် ဆရာတော်ကြီးရေးဖွဲ့ခဲ့တဲ့ 'မွေတော်ရှစ်စိတ်'ဆိုတာကို တစ်တင်းလို့ဘာသာပြန်လျှင်လဲ ရပါတယ်။

## ဓာတ်တော်နှင့်မွေတော်

**အောင်။** ။မြတ်စွာဘုရားရဲ့ဓာတ်တော်တွေဟာ နောင်ခေတ်အခါသာသနာမှာ ကိုးကွယ်ကြဖို့ အမွေပေးထားခဲ့သလို ဖြစ်၍ မွေတော်လို့လဲဆိုကြပါတယ်။ ဂေါတမမြတ်စွာဘုရားဟာ နှစ်ကျိပ်ရှစ်ဆူသောဘုရားတို့တွင် သက်တမ်းတော်တိုပါတယ်။ သက်တော်ရှစ်ဆယ်ဆိုပေမယ့် ဘုရားအဖြစ်နဲ့က လေးဆယ့်ငါးဝါပဲနေတော်မူရလို့ သတ္တဝါတွေကို ကျွတ်သင့်သလောက် မချွတ်နိုင်ခဲ့ဘူး။ ဒီဘဒ္ဒကမ္ဘာမှာပဲ ရှေးရှေးပွင့်ခဲ့တဲ့ဘုရားလေးဆူက သက်တမ်းတော်ရှည်တယ်။ ပထမဆုံးပွင့်တဲ့ ကကုသန်မြတ်စွာဘုရားက သက်တမ်းတော်က လေးသောင်းတဲ့။ ဒုတိယ ကောဏာဂုံမြတ်စွာဘုရားကတော့ သက်တမ်းတော်သုံးသောင်း။ တတိယကဿပမြတ်စွာဘုရားကနှစ်သောင်းတဲ့။ အဲဒီလို သက်တမ်းရှည်တော်မူကြတဲ့ မြတ်စွာဘုရားတွေမှာတော့ ကျွတ်သင့်သလောက် သတ္တဝါတွေကို ချွတ်တော်မူနိုင်ကြတယ်။ အဲဒီမြတ်စွာဘုရားတွေ ပရိနိဗ္ဗာန်ပြုတော်မူတဲ့အခါ ဓာတ်တော်တွေမထားရစ်ခဲ့ဘူး။ ဓာတ်တော်တွေက တစ်လုံးတစ်ခဲတည်းဖြစ်ပြီး စေတီတစ်ဆူထဲမှာ ဌာပနာလိုက်ရတယ်။ ဂေါတမမြတ်စွာဘုရားကတော့ သက်တော်တိုလို့ နောက်လူများကိုးကွယ်ကြစေခြင်းငှာ မွေတော်အဖြစ် အစိတ်စိတ်အမြွာမြွာဖြစ်စေလို့ အဓိဋ္ဌာန်တော်မူပြီး ချန်ထားတော်မူတယ်။ ဒါကြောင့် ဒီမွေတော်များကို သက်တော်ရှိတဲ့ မြတ်စွာဘုရားလိုရှိခိုးကိုးကွယ်လျှင် အနည်းဆုံးလူ့ရွာနတ်ရွာသုဂတိဘုံအမြတ်ကို ရနိုင်တယ်။ ပါရမီရှိရင် ဓာတ်တော်များကိုပူဇော်ပြီး မဂ်ဖိုလ်စတဲ့ အကျွတ်တရားကိုရနိုင်တယ်။ ဒါကြောင့် ဓာတ်တော် မွေတော်များကို ရိုသေစွာရှိခိုးပူဇော်ကြရတယ်။

**အောင်။** ။တေဇောဓာတ်လောင်တော်မူပုံလက်ာကို ရှင်းလင်းဆွေးနွေးပြီးနောက် အဓိပ္ပါယ်ငုံမိရုံ စကားပြေပြန်ပြပါမယ်။

## စကားပြေ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလျှင် ဖူးမြင်၍ အားရနိုင်ဖွယ်မရှိ သိင်္ဂီရွှေစင်နှယ်တင့်တယ်သော ထိုကြွင်းကျန်ရစ်သောရုပ်အလောင်းတော်ကို ကုသိနာရုံပြည် မလ္လာမင်းတို့ (၁၂)ရက်တိုင်ပူဇော်ကြပြီး ကဆုန်လဆုတ် (၁၂)ရက် တနင်္ဂနွေနေ့တွင် သဗ္ဗညုတရွှေဉာဏ်တော်သခင်ဘုရားရှင်၏ အဓိဋ္ဌာန်တော်မူချက်အရ အခိုးအငွေ့မရောမနှော တောဓာဓာတ်မီးတို့က ရှိခိုးဂါဝ်ရော်ပူဇော်သည့်အလား ထွက်ပေါ်လောင်ကျွမ်းခဲ့သဖြင့် မြတ်စွာဘုရား၏ သရီရကိုယ်တော်မှာ ဓာတ်တော်မွေတော်များအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပေရာ ရှစ်စရွတ်(တစ်စင်း)ပမာဏမျှ ကိုယ်တော်စားကိုးကွယ်ကြစေရန် ကြွင်းကျန်ခဲ့လေသည်။

## အခန်း [၉]
## ဆုတောင်းလင်္ကာ

**အောင်**။ ။ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်ဗုဒ္ဓဝင်အကျဉ်းဖြစ်တဲ့ သုံးလူ့ရှင်ပင်ခုနစ်နေ့ ဘုရားရှိခိုးလင်္ကာကို အဓိပ္ပါယ်ဖွင့်ပြခဲ့တာ ခုနစ်နေ့စုံသွားပါပြီ။ တနင်္ဂနွေ၊ တနင်္လာအစဉ်အတိုင်း မဟုတ်ပေမယ့် ခုနစ်နေ့စုံပါတယ်။ အဲဒီခုနစ်နေ့အစဉ်ကို အကျဉ်းမှတ်ဖို့ရန် ရှေးဆရာကြီးများက 'ကြွက်–သံ,ပူး–ဖွား၊ကျား–တောသွား၊ ဆင်–ဘုရားဖြစ်၊ စက်လှစ်–နာဂ၊ နိဗ်–သီဟ၊ ဂရုဠ–ဓာတ်မီးလောင်'လို့ အကျဉ်းမှတ်ဖို့ သံခိပ်လင်္ကာရေးဖွဲ့ထားပါတယ်။ ဒီထက်ကျဉ်းအောင်ရေးထားတာကတော့ 'မ–သိ–ကြ–လျှင်–တွေး–ဆ–ဦး'တဲ့။ (ကြာသပတေး၊ သောကြာ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါနဲ့တနင်္ဂနွေ)လို့ဖြစ်ပါတယ်။

၁။ (မ)=(ကြွက်မင်းနေ့)ကြာသပတေးနေ့=ပဋိသန္ဓေနေတော်မူပါတယ်။ (ကြွက်–သန်)
၂။ (သိ)=(ပူးမင်းနေ့)သောကြာနေ့=ဖွားတော်မူပါတယ်။ (ပူး–ဖွား)
၃။ (ကြ)=(ကျားမင်းနေ့)တနင်္လာနေ့=တောထွက်တော်မူပါတယ်။ (ကျား–တောသွား)
၄။ (လျှင်)=(ဆင်မင်းနေ့)ဗုဒ္ဓဟူးနေ့=ဘုရားအဖြစ်သို့ရောက်တော်မူပါတယ်။ (ဆင်–ဘုရားဖြစ်)
၅။ (တွေး)=(နဂါးမင်းနေ့)စနေနေ့=ဓမ္မစကြာတရားတော်ကိုဟောတော်မူပါတယ်။ (စက်လှစ်–နာဂ)
၆။ (ဆ)=(ခြင်္သေ့မင်းနေ့)အင်္ဂါနေ့=ပရိနိဗ္ဗာန်စံတော်မူပါတယ်။ (နိဗ်–သီဟ)
၇။ ဦး=(ဂဠုန်မင်းနေ့)တနင်္ဂနွေနေ့=တေဇောဓာတ်လောင်တော်မူပါတယ်။ (ဂရုဠ–ဓာတ်မီးလောင်)

**အောင်။** ။သုံးလူ့ရှင်ပင်ဘုရားရှိခိုးရဲ့ဆုတောင်းလင်္ကာပုဒ်ကလေးကို သံပြိုင်ရွတ်ဆိုကြရအောင်။
ကလေးများသံပြိုင်ဆိုကြသည်။

ထိုခုနစ်နေ့၊
သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊
အာရုံယူလျက်၊
သုံးလူတို့နတ်၊
မြတ်ထက်မြတ်သား၊
အထွတ်ခေါင်ဖျား၊
ကိုယ်တော်ဘုရားကို၊
သုံးပါးမွန်စွာ၊
ဝန္ဒနာဖြင့်၊
သဒ္ဒါဖြိုးဖြိုး၊
ကျွန်ရှိခိုးသည်၊
ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။ ။

## ထိုခုနစ်နေ့၊ သာချမ်းမြေ့

**အောင်။** ။သုံးလူ့ရှင်ပင်အစချီသော နေ့ခုနစ်နေ့အလိုက် ဘုရားဖြစ်ဗုဒ္ဓဝင်လင်္ကာများကို ရွတ်ဆိုပူဇော်ကြည်ညို ရသည်မှာ စိတ်နှလုံးတွင် သာယာရွှင်လန်းချမ်းမြေ့ကြည်နူးရလေတယ်လို့ဆိုပါတယ်။ တစ်နည်းအားဖြင့် 'စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ်ကို ဖြစ်ပေါ်စေသော ထိုခုနစ်နေ့ဗုဒ္ဓဝင်ဘုရားဖြစ်တော်စဉ်'လို့လဲယူနိုင်ပါတယ်။

## ဆွေ့ဆွေ့ကြည်ဖြူ

**အောင်။** ။'ဆွေ့ဆွေ့'မှာ 'ဆွေ့'တစ်လုံးတည်းဆိုလျှင် 'ခုန်သည်'လို့ အနက်ရပါတယ်။ ဝေါဟာရတ္ထပကာသနီ (စာမျက်နှာ-၃၁၃)စသည်မှာ 'မီးပွားမခုန်ဆွေ့သတည်း'လို့အကိုးသာဓကနဲ့တကွ'ခုန်ဆွေ့သည်၊ခုန်သည်၊ အနက်ဖြစ်သင့်၏'လို့ဖော်ပြထားပါတယ်။ 'ဆွေ့ဆွေ့'ဆိုပြီး လုံးထပ်နဲ့ဆိုလျှင်တော့ 'တဖျပ်ဖျပ်' 'တုန်တုန်လှုပ်လှုပ်' လို့အဓိပ္ပာယ်ရပြန်ပါတယ်။ 'ဆွေ့ဆွေ့'ဟာလည်း 'ခုန်'ဆိုတဲ့ကြိယာနဲ့တွဲပြီး'ဆွေ့ဆွေ့ခုန်'လို့ အသုံးများပါတယ်။ လယ်တီဆရာတော်ကြီးက 'ဆွေ့ဆွေ့ကြည်ဖြူ'လို့သုံးနှုန်းဖွဲ့ဆိုထားလေတော့ ဒီလင်္ကာမှာ 'ဆွေ့ဆွေ့'ဟာ 'တဖျပ်ဖျပ်၊ တုန်တုန်လှုပ်လှုပ်၊ မတည်မငြိမ်'ဆိုတဲ့ အနက်တွေကိုယူရန် သင့်,မသင့်စဉ်းစားဖို့ဖြစ်လာပါတယ်။ အရှင်ကေလာသ (ဝိနယပါရဂူ)ရဲ့ သုံးလူ့ရှင်ပင်ခက်ဆစ်အဖြေ(စာမျက်နှာ-၅၇)မှာ 'ဆွေ့ဆွေ့ကြည်ဖြူ'ကို 'အသည်းထဲနှလုံးထဲ လိုက်လှဲစွာ သဘောကျသည်၊ နှစ်ခြိုက်သည်'လို့ ဖော်ပြထားပါသည်။ 'ဆွေ့ဆွေ့ကြည်ဖြူ'လို့ဆိုရာမှာ 'ကြည်ဖြူ'က 'နှစ်သက်ကြည်ညို' အနက်ရလေတော့ 'ဆွေ့ဆွေ့'က 'နှစ်သက်ကြည်ညို'တာကို ပိုလေးနက်အောင် အထူးပြုပေးတဲ့ ပုဒ်ဖြစ်နေပါတယ်။

## အာရုံယူ

**အောင်။** ။'ဆွေ့ဆွေ့ကြည်ဖြူ၊အာရုံယူလျက်'ဆိုရာမှာ အာရုံဆိုတာ စိတ်ကိုတွယ်ရာ၊ စိတ်ကိုဆွဲဆောင်တဲ့အရာ၊ တစ်နည်းဆိုရင်လဲ စိတ်အတွေး စိတ်ကူးစရာ တွေးတောဆင်ခြင်စရာဆိုပါတော့။ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အရသာ၊ အတွေ့အထိအမျိုးမျိုးနဲ့ စိတ်ကတွေးစရာ ဆင်ခြင်စရာအမျိုးမျိုးပေါ့။ ဒီနေရာမှာတော့ မြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်ခုနစ်နေ့ကို ကြည်ညိုထက်သန်စွာဖြင့် အာရုံယူနေတာကို ဆိုလိုတာဖြစ်ပါတယ်။

## သုံးလူတို့နတ်

**အောင်။** ။ရှေ့ကလင်္ကာတွေမှာ လူ့,နတ်,ဗြဟ္မာသုံးမျိုးမှာ ရှေ့ဆုံးကလာတဲ့'လူ'ကို အဦးထားပြီး 'သုံးလူ့'လို့ အာဒိဒီပကနည်းနဲ့ ရေးခဲ့ပုံကိုရှင်းပြပြီးဖြစ်ပါတယ်။ ရှေးစာလုံးတွေမှာလည်း 'သုံးလူ့ဘ'၊ 'သုံးလူ့ဆွေ'၊ 'သုံးလူ့သနင်း'၊ 'သုံးလူ့မကိုဋ်၊ 'သုံးလူ့ထွဋ်ဖူး'စသည်ဖြင့် မြတ်စွာဘုရားရှင်ကို ရေးဖွဲ့ထားတာတွေရှိပါတယ်။ လယ်တီဆရာတော်ကြီးက 'လူ့,နတ်,ဗြဟ္မာတို့ထက် မြတ်ထက်မြတ်၊ အထွတ်အခေါင်အဖျားဖြစ်တော်မူသော မြတ်စွာဘုရား'လို့ဆိုချင်သောကြောင့် 'သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွဋ်ခေါင်ဖျား၊ ကိုယ်တော်ဘုရား' လို့ ဖွဲ့ဆိုတော်မူပါတယ်။

## ဝန္ဒနာ

**အောင်။** ။'သုံးပါးမှန်စွာ၊ ဝန္ဒနာ'ဆိုရာမှာ ဝန္ဒနာဆိုတာက ရှိခိုးခြင်းကိုပြောတာ၊ ရှိခိုးခြင်းသုံးမျိုးရှိပါတယ်။

၁။ ကိုယ်ဖြင့်ရှိခိုးခြင်း=ကာယဝန္ဒနာ၊

၂။ နှုတ်ဖြင့်ရှိခိုးခြင်း=ဝစီဝန္ဒနာ၊

၃။ စိတ်ဖြင့်ရှိခိုးခြင်း=မနောဝန္ဒနာ။

**အောင်။** ။အဲဒီရှိခိုးခြင်းသုံးမျိုးနဲ့ ရိုရိုသေသေမွန်မွန်မြတ်မြတ်ရှိခိုးကြရန်ကိုရည်ရွယ်ပြီး 'သုံးပါးမှန်စွာ၊ဝန္ဒနာ'လို့ ရေးဖွဲ့တော်မူပါတယ်။ 'ဤထူးမြတ်သောနေ့ခုနစ်နေ့ကို(တစ်နည်း)ဘုရားဖြစ်စဉ်ခုနစ်နေ့ဗုဒ္ဓဝင်ကိုရွတ်ဆို၍ တပည့်တော်တပည့်တော်မတို့သည် ကိုယ်,နှုတ်,နှလုံး သုံးပါးစလုံးဖြင့် ရိုသေစွာရှိခိုးပါ၏'လို့ မှတ်ထားကြပေတော့ကွယ်။

## သဒ္ဓါဖြိုးဖြိုး

**အောင်။** ။'သဒ္ဓါဖြိုးဖြိုး'မှာ 'သဒ္ဓါ'ကယုံကြည်ခြင်း၊ ကြည်ညိုခြင်းအနက်ရှိပါတယ်။ ဒီနေရာမှာ ကြည်ညိုတယ်ဆိုတာ မြတ်စွာဘုရား၏ဗုဒ္ဓဝင်ကို နာကြားရတဲ့အတွက် မြတ်စွာဘုရားရှင်ကို ကြည်ညိုခြင်းဖြစ်ပေါ်လာတာကို ဆိုလိုပါတယ်။ 'ဖြိုးဖြိုး'ဆိုတာက 'ပြည့်ပြည့်ဝဝ'လို့အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် 'သဒ္ဓါဖြိုးဖြိုး'ဟာ 'ထက်သန်ပြည့်စုံသောကြည်ညိုခြင်း'လို့ယူနိုင်ပါတယ်။ သဒ္ဓါတရားလေးမျိုးရှိတယ်လို့ အဋ္ဌကထာဆရာကပြထားတော့ ဘုရားဖြစ်စဉ်ဗုဒ္ဓဝင်ကိုဖတ်ရှုကြည်ညိုနေကြသောသူတော်စင်တို့အဖို့မှာ ထိုသဒ္ဓါလေးမျိုးတို့အနက် ပသာဒသဒ္ဓါနှင့် ဩကပ္ပနသဒ္ဓါ နှစ်မျိုးဖြစ်မည်မှာ သေချာပါတယ်။

## ကျွန်ရှိခိုးသည်

**အောင်။** ။'ကျွန်ရှိခိုးသည်'ဆိုတာကတော့ ကျွန်တော်ကျွန်မတို့ရှိခိုးတာပါပဲ။ ပြီးတော့ အချပိုဒ်ဖြစ်တဲ့ 'ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်' ဆိုတာက နောက်ဆုံးဆုတောင်းခြင်းဖြစ်ပါတယ်။ 'ကောင်းကျိုးမှန်သမျှ၊ ကောင်းသည်လို့ဆိုသမျှအားလုံး ကြွယ်ပါစေ၊ များပါစေ၊ ပြည့်စုံပါစေ'လို့ဆိုလိုက်တော့ အားလုံးစုံလင်သွားပါတယ်။ ဘုရားရှိခိုး ဆုတောင်းစာပိုဒ်နှင့်စပ်၍ သိစရာမှတ်စရာကုန်ပြီဆိုပါက ဒီစာပိုဒ်အဓိပ္ပာယ်ပေါ်ရုံ စကားပြေပြန်ပြီး ဗုဒ္ဓယဉ်ကျေးမှု သင်တန်းကို အပြီးသတ်ကြရအောင်။

## စကားပြေ

ဤ 'ကြွက်–သန်၊ ပူး–ဖွား၊ ကျား–တောသွား၊ ဆင်–ဘုရားဖြစ်၊ စက်လှစ်–နာဂ၊ နိဗ်–သီဟ၊ ဂရုဠ–ဓာတ်မီးလောင်'ဟု ရှေးဆရာတော်ကြီးများ ဖွဲ့ဆိုသောလင်္ကာအတိုင်း မြတ်စွာဘုရား၏ ထူးမြတ်သော ထိုနေ့တော်ခုနစ်ပါးကို မချန်မခြွင်း စိတ်တွင်းကြည်ဖြူ အာရုံယူလျက် လူသုံးပါးတို့၏ ကိုးကွယ်ရာအားထားရာဖြစ်သော လွန်စွာမြင့်မြတ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား ကာယ,ဝစီ,မနောချို၍ သုံးလီဝန္ဒနာ သုံးဖြာဒွါရအားဖြင့် အလွန်ကြည်ညိုစွာ ရှိခိုးပါ၏ဘုရား။ ဤသို့ရှိခိုးရသော ကုသိုလ်ကံစေတနာတို့ကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာမှန်သမျှ ပြည့်ဝကြွယ်ဝပြေးပါစေသတည်း။ ။

*

## အခန်း [၁၀]

## ရှိခိုးဆုတောင်း

၁။ ထိုခုနစ်နေ့၊ သ႒ာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွတ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ကောင်းကျိုးခပ်သိမ်းကြွယ်စေသောဝ်။

၂။ အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေညာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်။ ။နိဗ္ဗာန်အောင်မြို့ ရောက်စေသောဝ်။

၃။ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်။ ။ သက်ဇိုးကြာမြင့်ရှည်စေသောဝ်။

၄။ ဘဝတစ်တန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း၊ လင်းရာ–တမူ၊ လူကောင်းနတ်ကောင်း၊ ဘဝကောင်း၌၊ ညွှတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်။ ။လ,နှယ်ထွန်းတင့်ပါစေသောဝ်။

၅။ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါ,သီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက် သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဉပုသ်၊ မယုတ်ကြိုးစား၊ လေးပါးဗြဟ္မာစိုရ်၊ ရွှန်းရွှန်းစိုသည်။ ။ကုသိုလ်ကိုယ်လုံး–ထုံစေသောဝ်။

၆။ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချိုးလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူ့သခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်။ မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်စေသောဝ်။

## အမျှဝေခြင်း

၇။ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့၊ ကိုးပါး,ခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အာဂုံချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊ ရှိခိုးရသည့်၊ ပုညကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်တို့အားလည်း၊ ရငြားပါစေ၊ အမျှဝေသည်၊ ကောင်းထွေသာခုခေါ်စေသောဝ်။

*

# ဂေါတမဗုဒ္ဓဝင်မှတ်စုအကျဉ်း

## အပိုင်း(၁)

၁။ ဗျာဒိတ်ပေးသောဘုရား=ဒီပင်္ကရာဘုရား

၂။ ဗျာဒိတ်ခံယူသောဘဝ=သုမေဓာရသေ့ဘဝ

၃။ ပါရမီဖြည့်ဖက်=သုမိတ္တာအမျိုးသမီး(=ယသောဓရာအလောင်း)

၄။ ဗျာဒိတ်ခံယူသောနေ့=ကဆုန်လပြည့်နေ့

၅။ ပါရမီဖြည့်သောကာလ=လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း(သုမေဓာဘဝမှဝေဿန္တရာဘဝအထိ)

## အပိုင်း(၂)

၁။ ဘုရားဖြစ်သောဘဝ=သိဒ္ဓတ္ထမင်းသား

၂။ ဘုရားဘွဲ့=ဂေါတမ

၃။ မိဘအမည်=သုဒ္ဓေါဒနနှင့် မဟာမာယာဒေဝီ

၄။ မိထွေးတော်=ဂေါတမီ

၅။ နေပြည်တော်=ကပိလဝတ်ပြည်(မဇ္ဈိမဒေသ)

၆။ သန္ဓေယူသောနေ့=ဝါဆိုလပြည့်၊ ကြာသပတေးနေ့

၇။ ဖွားရာဌာန=လုမ္ဗိနီဥယျာဉ်(ကပိလဝတ်နှင့်ဒေဝဒဟပြည်အကြား)

၈။ ဖွားတော်မူသောနေ့=ကဆုန်လပြည့်၊ သောကြာနေ့

၉။ ဖွားဖက်တော် ၇–ဦး=ရှင်အာနန္ဒာ+ဖောဓိပင်+ကာဠုဒါယီအမတ်+ကဏ္ဍကမြင်း+ရွှေအိုးကြီး ၄–လုံး+ယသောဓရော+ဆန္နအမတ်။

အပိုင်း(၃)

၁။ စံရာနန်းမ ၃–ဆောင်=ရမ္မ+သုဘ+သုရမ္မ

၂။ နန်းစံနှစ်=၁၃–နှစ်ကြာ(အသက် ၁၆–နှစ်မှ ၂၉–နှစ်အထိ)

၃။ ကြင်ယာတော်=ယသောဓရော

၄။ သားတော်=ရာဟုလာ

၅။ တောထွက်ချိန်အသက်တော်=၂၉–နှစ်အရွယ်

၆။ နိမိတ်ကြီး ၄–ပါး=သူအို+သူနာ+သူသေ+ရဟန်း

၇။ တောထွက်သောနေ့=ဝါဆိုလပြည့်၊ တနင်္လာနေ့

၈။ ဆံတော်ပယ်ရာအရပ်=အနော်မာသောင်ကမ်း

၉။ ပထမဆုံးသင်္ကန်းကပ်သူ=ဃဋိကာရဗြဟ္မာကြီး

၁၀။ ဒုက္ကရစရိယာကျင့်သောနှစ်=၆–နှစ်(အသက် ၃၀–မှ ၃၅–နှစ်)

၁၁။ အလုပ်အကျွေး=ပဥ္စဝဂ္ဂီငါးဦး

၁၂။ ဒုက္ကရစရိယာကျင့်သည့်နေရာ=ဥရုဝေလတော

အပိုင်း(၄)

၁။ ဘုရားဖြစ်ချိန်သက်တော်=၃၅-နှစ်အရွယ်

၂။ ဘုရားဖြစ်သောနေ့=ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့

၃။ ဘုရားဖြစ်သောဌာန=ဗောဓိမဏ္ဍိုင်၊ မဟာဗောဓိပင်

၄။ ဘုရားပွင့်ရာသက်တမ်း=နှစ် ၁၀၀-တမ်း

၅။ လက်ယာရံအဂ္ဂသာဝက=အရှင်သာရိပုတ္တရာ

၆။ လက်ဝဲရံအဂ္ဂသာဝက=အရှင်မဟာမောဂ္ဂလာန်

အပိုင်း(၅)

၁။ တရားဦးဟောရာဌာန=ဗာရာဏသီ၊ မိဂဒါဝုန်တော

၂။ ပထမဦးဆုံးတရားနာသူ=ပဉ္စဝဂ္ဂီ ၅-ဦး

၃။ တရားဦး=ဓမ္မစကြာတရား

၄။ ဓမ္မစကြာဟောသည့်နေ့=ဝါဆိုလပြည့်၊ စနေနေ့

အပိုင်း(၆)

၁။ ပရိနိဗ္ဗာန်ပြုချိန်သက်တော်=၈၀-ပြည့်နှစ်

၂။ နောက်ဆုံးကျွတ်သောသာဝက=သုဘဒ္ဒပရိဗိုဇ်

၃။ ပရိနိဗ္ဗာန်ပြုရာဌာန=ကုသိနာရုံ၊ အင်ကြင်းဥယျာဉ်

၄။ ပရိနိဗ္ဗာန်ပြုသောနေ့=ကဆုန်လပြည့်၊ အင်္ဂါနေ့

## အပိုင်း(၇)

၁။ တေဇောဓာတ်လောင်သောနေ့=ကဆုန်လဆုတ် ၁၂–ရက်၊ တနင်္ဂနွေနေ့

၂။ တေဇောဓာတ်လောင်ရာဌာန=ကုသိနာရုံပြည်၊ မကုဋဗန္ဓနအရပ်

၃။ နောက်ဆုံးပူဇော်ခွင့်ရသူ=အရှင်မဟာကဿပမထေရ်

၄။ တေဇောဓာတ်လောင်သောအကြောင်း=ဘုရားရှင်၏အဓိဋ္ဌာန်တော်ကြောင့်

၅။ ကြွင်းရစ်သောအရိုးတော်ဓာတ်=ရှစ်စိတ်(=တစ်တင်း)

၆။ ဓာတ်တော်အရွယ်=အငယ်ဆုံး–မုန်ညင်းစေ့ခန့်၊ အလတ်–ဆန်ကျိုးခန့်၊ အကြီးဆုံး–ပဲနောက်စေ့ခန့်။

၇။ ဓာတ်တော်အဆင်း=အချို့မြလေးငုံ၊ အချို့ပုလဲ၊ အချို့ကရွှေအဆင်း။

၈။ မပြိုကွဲသောဓာတ်တော်=ညှပ်ရိုးတော်နှစ်ဆူ၊ စွယ်တော်လေးဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ။

*

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏
အင်္ဂလန်၊ ပြင်သစ်၊ သီရိလင်္ကာ စသောနိုင်ငံများမှ
အမေးများကို ရှင်းလင်းဖြေဆိုတော်မူခဲ့သော

# နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်

(လယ်တီဝိသောဓကမူ)

မကြာမီထွက်ပါမည်

မုံရွာမြို့၊ မဟာလယ်တီတိုက်၊ လယ်တီရောင်ခြည်စာပေနှင့်
ရန်ကုန်မြို့၊ မြတ်ဆုမွန်စာပေထုတ်ဝေရေးလုပ်ငန်းမှဖြန့်ချိပါသည်။

ရက်စွဲ
သုတေသနစာကြည့်တိုက်

## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏
## မြန်မာ–အင်္ဂလိပ် နှစ်ဘာသာကျမ်းစာများ

* အလင်းကျမ်း (မြန်မာ+အင်္ဂလိပ်)
* မဂ္ဂင်္ဂဒီပနီကျမ်း (မြန်မာ+အင်္ဂလိပ်)
* ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း (မြန်မာ+အင်္ဂလိပ်)
* ဝိပဿနာဒီပနီကျမ်း (မြန်မာ+အင်္ဂလိပ်)
* သမ္မာဒိဋ္ဌိဒီပနီကျမ်း (မြန်မာ+အင်္ဂလိပ်)
* နိယာမဒီပနီ (မြန်မာ+အင်္ဂလိပ်)
* စတုသစ္စဒီပနီ (မြန်မာ+အင်္ဂလိပ်)

လယ်တီဒီပနီကျမ်းစာများကို အဂ္ဂမဟာပဏ္ဍိတ ပထမကျော်ဆရာတော် ဦးဉာဏ၊ အတွင်းဝန် ဦးပု၊ ပါဠိပါမောက္ခ မစ္စတာဘာရူဝါး **M.A.,B.Litt.**၊ ဦးစောထွန်းသိုက် **B.A.,B.L.**၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးတင်ဦး(မြောင်)တို့ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုကြပါသည်။



ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏

# သုံးလူ့ရှင်ပင်-ခုနစ်နေ့ဗုဒ္ဓဝင်အလင်္ကာ

နှင့်

ဒဂုန်ဦးစန်းငွေ ရဝေထွန်း ဦးအောင်မွန်(မြတ်ဆုမွန်)

တို့၏

သုံးလူ့ရှင်ပင်-ခုနစ်နေ့ဗုဒ္ဓဝင်အလင်္ကာအဖြေ

၂